
www.burmeseclassic.com

အောင်မြင်တပေ

# ဓူဝံ



# ပိယာနိုဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

ဒေဝတာ
ဝိညာဉ်အဆိုတော် / ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄၊ စက်တင်ဘာလ၊ (၅၀၀) အုပ်။
၁၆၂ - စာ၊ ၁၃·၅ × ၂၀ စင်တီ။
(၁) ဒေဝတာ



# ဒေဝတာ



# ဝိညာဉ်အဆိုတော်

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁ )

ရှင်မင်းပြည့် . . စိုးရိမ်စိတ်များနှင့် ရင်ခုန်လို့နေသည်။ နာမည်ကြီးတေးရေးဆရာများဖြစ်သော စောခူဆဲ၊ ညီညီသွင်နှင့် နောင်နောင်(SUNFLOWER)တို့က ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်ကြမည်မို့ ကြောက်နေတာလည်း ပါမည်ထင်၏။ Presenter ဟာသသရုပ်ဆောင်အရိုင်း၊ အကယ်ဒမီ ခန့်စည်သူတို့နဲ့ မိတ်ဆက်စကားပြောရတော့လည်း အသံတွေတုန်လို့နေသည်။ ရှင်မင်းပြည့် ထစ်ထစ်ငေါ့ငေါ့နှင့် အရမ်းကို စိတ်တွေလှုပ်ရှားနေခဲ့သည်။

"သမီးလေးနာမည်နဲ့ ဘယ်ကလာလို့ ယှဉ်ပြိုင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေး ပရိသတ်ကြီးကို မိတ်ဆက်ပေးပါဦး”

“ကျွန်မ. . ကျွန်မနာမည်. . ရှင်. . ရှင်မင်းပြည့်ပါ”

“ပြန်ပြောပါဦး. . နာမည်လေးက ဘယ်လို. . မကြားရလို့”

“ရှင်. . ရှင်မင်းပြည့်ပါ”

“သြော်. . နာမည်လေးက အဆန်းသားနော်၊ ရှင်ရှင်မင်းပြည့်တဲ့. . ပရိသတ်ကြီးရေ”

တီဗွီဖန်သားပြင်ကို ကြည့်နေသော ပရိသတ်များ တဝါးဝါးနှင့် ပွဲကျသွားသည်။

“မ. . မဟုတ်ပါဘူးရှင်၊ ရှင်က တစ်လုံးထဲ ရှင်မင်းပြည့်ပါ”

“ဟုတ်ကဲ့ပါရှင်. . အဲ့. . ဟုတ်ကဲ့ပါဗျာ မရှင်မင်းပြည့်ပေါ့၊ နာမည်က လှသလို လူကလည်းပု. . အဲ. . ပုသလောက် လှပါတယ်ဗျာ. .”

သိကြတဲ့အတိုင်းပဲ ဦးအရှိုင်းဆိုတာ ဟာသလူရွှင်တော်လေ၊ သူက ခပ်ရွှင်ရွှင်လေး မိတ်ဆက်လေ ရှင်မင်း ကသောင်းကနင်းဖြစ်လေပဲလေ၊ တော်သေးတယ် မင်းသားခန့်စည်သူ ဝင်ကယ်လို့. . ။

“ကဲ. . ညီမငယ်လေး ဘယ်က လာယှဉ်ပြိုင်တာလည်းဆိုတာလေးလည်း. . .”

“နေတာကတော့ မန္တလေးမှာပါ၊ ဝါသနာပါလွန်းလို့ ရန်ကုန်တက်လာပြီး လာပြိုင်တာပါ”

“သြော်. . ဘယ်မှာတည်းလဲ၊ တည်းခိုခန်းမှာလား ဟိုတယ်မှာလား”

ဦးအရှိုင်းရဲ့ အရွှန်းဖောက်မေးခွန်းမှာ ရှင်မင်း ချာချာလည်သွားခဲ့ရပြန်သည်။ ထုံးစံအတိုင်း ဘာသီချင်းနဲ့ ယှဉ်ပြိုင်မှာလဲ၊ မူရင်းအဆိုတော်နှင့် တေးရေး ဘယ်သူလဲဆိုတာတွေ မေးဖြေ မိတ်ဆက်





ပြီးသောအခါ ရှင်မင်း အာအတွေ့ဆုံးဖြစ်သော ဖြူဖြူကျော်သိန်း၏ အတွင်းကြေသီချင်းကို စတင်သီဆို ယှဉ်ပြိုင်လိုက်၏။

ရေချိုးခန်းထဲကြုံးအော်၊ တီဗွီရှေ့မှာကြုံးအော်ကာ ကြံ့သလို လေ့ကျင့်လာခဲ့သည့် အစွမ်းအစတွေကို အိတ်သွန်ဖာမှောက် သွန်ထုတ်ပြသလိုက်သည်။ ပြိုင်ပွဲဝင်တွေ အကြောက်ဆုံးကတော့ ဒိုင်သုံးယောက်ရှေ့က တစ်ယောက်တစ်လုံးစီရှိသော မီးနီလေးများသာ ဖြစ်၏။

ရှင်မင်းက ဆိုကြမယ်ပျော်ကြမယ် အစီအစဉ်မှာ နှစ်သိမ့်ဆုတစ်ခုသာ ရဖူးသေးသည်။ သံစဉ်များနှင့် လင်းလက်ကြယ်၊ မယ်လိုဒီဝေါလ်(ဒ်)တို့မှာတော့ ဆုမချိတ်ခဲ့၊ ဒီတစ်ခါ ဂီတတံခါးလေး ဖွင့်ပါပြီး အစီအစဉ်မှာ ဝင်ပြိုင်ဖြစ်ခဲ့ခြင်းဖြစ်သည်။ စိတ်ကိုနှစ်၍ ဈာန်ဝင်စားပြီး သီဆိုလိုက်သော ပထမတစ်ပိုဒ် ချောမောစွာ ပြီးစီးသွားသည်မို့ ရှင်မင်း အားတက်ပြီး. . .

နောက်တစ်ပိုဒ် စတင်သီဆိုဖို့ အစမှာ စိတ်လောပြီး အဝင်စောသွားသည်။ တီးလုံးမလာခင် အသံက ဦးအောင်ထွက်သွား၏။ ပြိုင်ပွဲဝင်များ၏အမှားကို မညှာမတာ ထောက်ပြလေ့ရှိသည့် တေးရေးဆရာစောခူဆဲက အားနာမနေဘဲ သူ့ရှေ့မှ မီးနီခလုတ်ကို နှိပ်ချလိုက်တော့သည်။

“ဂျောက်. .”

ဆရာစောခူဆဲရှေ့မှ မီးလင်းလာတာ မြင်လိုက်ရသော ရှင်မင်း မျက်စိတွေ ပျာဝေသွား၏။ ဒီတော့ ဆက်ဆိုလေ မှားလေဖြင့် တောက်လျှောက် မှားကုန်တော့သည်။ မှားတာကို လက်ခံချင်ပုံမရသော. . ညီညီသွင်က သူ့လက်ဖြင့် မီးနီလေးကို လင်းလက်စေခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျောက်. ."

ရှင်မင်း ချွေးပြန်နေလေပြီ။ မီးနီနှစ်လုံး လင်းလာသည့်နောက် ရှင်မင်း စိတ်ကို ဘယ်လိုမှ စုစည်း၍မရတော့၊ Key တွေလွဲ၊ အဝင်အထွက်မှား၊ အသံတွေကြောင်၊ အသံတွေဝင်နှင့် အရာရာလွဲမှားပြီး မီးနီသုံးလုံးစလုံး လင်းလာချိန်မှာတော့ ရှင်မင်း ခေါင်းငိုက်စိုက်ကျသွားကာ သူ့အသံလည်း ပျောက်သွားလေသည်။

ကိုခန့်နှင့် ဦးအရိုင်းတို့ စင်ပေါ်တက်လာကြသည်။

"သြော်. . စိတ်မကောင်းပါဘူး ညီမလေး ရှင်ရှင်ရယ်၊ ညီမကြိုးစားပြီး ဆိုသွားတာပါ။ ညက အဆီအဆိမ့်တွေ အစားများသွားလို့ဖြစ်ပါလိမ့်မယ်. . ၊ အားမငယ်ပါနဲ့ ဆက်ကြိုးစားပါ. . တစ်နေ့ ညီမအဆိုတော်တစ်ယောက် ဖြစ်လာမယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး"

ဆရာအရိုင်း၏ အားပေးစကားနှင့်အတူ ဝမ်းနည်းကြောင်းပြောအပြီး. . ဒိုင်များ၏ မှတ်ချက်ကို နားထောင်စေသည်။

ရှင်မင်း. . ပြောသမျှကို ကြားနေသော်လည်း ဦးနှောက်ထဲလုံးဝမရောက်၊ ရှက်စိတ်ကြောင့် မျက်ရည်တွေဝဲလာတော့သည်။ ဒီတစ်ကြိမ်လည်း သွားပြန်ပြီဆိုသည့်အတွေးနှင့် ပရိသတ်ကိုပင် ဂါရဝမပြုမိတော့ဘဲ စင်ပေါ်မှ ပြေးဆင်းခဲ့ရတော့သည်။

ပရိသတ်ထဲမှ အမေနှင့်အဒေါ်တို့ စင်နောက်သို့ ရောက်လာပြီး ချော့မော့နှစ်သိမ့်ကြသည့်အခါ ရှင်မင်း စိတ်ကို ချုပ်တီးထိန်းသိမ်းနိုင်စွမ်း မရှိတော့ဘဲ တသိမ့်သိမ့် ရှိုက်ကာငိုလိုက်မိတော့သည်။









# အခန်း (၂)

ရှင်မင်းပြည့်က သီချင်းဆိုတာ ဝါသနာထုံလွန်းလှပြီး. . အဆိုတော်ဖြစ်ဖို့ ရည်မှန်းထားသူလည်းဖြစ်သည်။ မိဘများက မန္တလေးမှ အောင်မြင်သည့် ဆေးလိပ်ခုံပိုင်ရှင်များမို့ တစ်ဦးတည်းသောသမီးလေး ရှင်မင်းပြည့်ကို ပြီးပြည့်စုံအောင် အလိုလိုက်ခဲ့ကြသည်။ ဒီလိုသီချင်းပြိုင်ပွဲတွေဆိုတာက ရန်ကုန်မြေမှာပဲရှိတာမို့ ပြိုင်ပွဲပြိုင်နိုင်အောင် ကွန်ဒိုတိုက်ခန်းတစ်ခန်းအား နှစ်ချုပ်နှင့်ငှားပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ဂီတတံခါးလေး ပိတ်သွားပြီးနောက် အမေနှင့် အဒေါ်တို့ မန္တလေးကို ပြန်သွားကြပြီ။ ရှင်မင်း စိတ်ပျက်လက်ပျက်နှင့် အိပ်ရာထဲ ခွေနေမိသည်။ နေမြင့်ရုံမက အူထဲက တကျုတ်ကျုတ် မြည်အောင် ဆာလာသည်အထိ ကွေးနေဆဲပင် ဖြစ်သည်။ သူ့မှာ Stage ကြောက်သည့်ရောဂါများ ရှိနေပြီလားဟုလည်း အထိတ်တလန့် တွေးမိသေး၏။

အဆိုတော်ဖြစ်ချင်သူ Stage ကြောက်လျှင်တော့ ဆက်မလုပ်ဘဲ ရပ်ပစ်လိုက်တာပဲ ကောင်းလိမ့်မည်။ သို့ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် Stage ကြောက်သူမဟုတ်ဟု အားတင်းလိုက်ရင်း ကျရှုံးသူတို့ ထုံးစံအတိုင်း တာဝန်ရှိသူ(ဒိုင်လုပ်သည့် တေးရေးဆရာ)များကြောင့်သာ ဖြစ်ရသည်ဟု အပြစ်ပုံချလိုက်တော့၏။

ဒီလူကြီးတွေ မီးနီခလုတ်ကို လက်ဆော့ပြီး နှိပ်လိုက်၍သာ သူ၏အာရုံစူးစိုက်မှု ပျက်ပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ဒီလူတွေမှာသာ အကြင်နာတရားရှိလျှင် သူပြိုင်ပွဲမှ ထွက်ခဲ့ရမှာ မဟုတ်ကြောင်း. . ယုံကြည်နေသေးသည်။ ထိုအချိန်တွင် ဖုန်းမြည်သံပေါ် ထွက်လာ၏။

". . တင်တီ. . တင်တီ. . တင်. . တင်. . တီ. ."

ရှင်မင်း စိတ်ပျက်လက်ပျက်နှင့်ပင် လှဲနေရာမှ မထသေးဘဲ ခုတင်ဘေး ခုံပုလေးပေါ်မှဖုန်းကို လှမ်းယူလိုက်သည်။ နံပါတ်ကို ကြည့်လိုက်တော့ ဂီတတံခါးမှ အတူတူထွက်ခဲ့ရသူ သော်တာ လှမ်းဆက်တာဖြစ်၍ စကားပြောချင်စိတ် ဖြစ်ပေါ်လာပြန်သည်။

"ဟဲလို. . ပြော. . သော်တာ"

"နင့်အသံကြီးကလည်း ဘယ်လိုကြီးလဲဟဲ့"

"စိတ်ထောင်းလို့ အိပ်ရာထဲ ဘုန်းဘုန်းလဲနေတာဟေ့"





"နင့်ကို ပြောစရာရှိလို့ ဆက်လိုက်တာ. .၊ လက်မလွှတ်သင့်တဲ့ အခွင့်အရေးတစ်ခု ပေါ်လာပြန်ပြီ ရှင်မင်းရေ"

တစ်ဖက်မှ သော်တာ ဝမ်းသာအားရပြောနေသော်လည်း

"လာပြန်ပြီ. . ငါတော့ စိတ်ဓာတ်က မိုင်းနပ်(စ်) ပြနေပြီ"

"ဒီလောက်လည်း ဖြစ်မနေပါနဲ့ဟယ်၊ အောင်မြင်မှုဆိုတာ အလွယ်တကူနဲ့ ရနိုင်မယ်ဆိုရင်. . ဘယ်သူက ကြိုးစားနေဦးမှာလဲ"

"ကဲ ပြောဟာ. . ပေရှည်မနေနဲ့. ."

"အိပ်မက်ဆုံရာ လေဟာ၊ နင်ကြည့်ဖူးတယ် မဟုတ်လား နောက် SEASON တစ်ခုအတွက် ဖေါင်ပိတ်ရက်က သိပ်မလိုတော့ဘူး၊ အကြမ်းသွင်းထားတဲ့ သီချင်းတစ်ပုဒ်ပါတဲ့ CD ခွေနဲ့အတူ လျှောက်လွှာတင်ရမှာတဲ့. ."

"အင်း. . ဟုတ်လား၊ Last date က. ."

"ဆယ်ရက်လိုသေးတယ်. . တို့တွေ Try again လုပ်လိုက်ရအောင်"

ဒီတော့မှ ရှင်မင်း အားပြည့်သွားသော အသံထွက်လာ၏။

"ပြိုင်မယ်ဟာ. ."

အိပ်မက်ဆုံရာ အစီအစဉ်ကို သူကြည့်ဖူးသည်။ Sponsor တွေကလည်း ပေါမှပေါ၊ ရွေးချယ်ခံရသူတွေကို Vocal, Dance, Performance နှင့် Fashion ပါမကျန် အလုံးစုံပံ့ပိုး ဖြည့်ဆည်းပေးပြီးမှ ရိုက်ကူးတင်ဆက်သည်ဖြစ်၍. . ထိုအစီအစဉ်တွင် မပါချင်သူ ဝါသနာရှင် ရှိမည်မထင်. .

သို့ဖြစ်၍ လျှောက်ထားသူ ထောင်နှင့်ချီ၍ ရှိနိုင်သည့်အတွက် နဂိုရှိသူကိုသာ တော်ကောက်ပြီး နဂိုင်းထွက်အောင် လုပ်ပေးသော အကြီးအကျယ် အခမ်းအနားဆုံးသော အကုန်အကျ အများ

www.burmeseclassic.com



ဆုံးသော ပြိုင်ပွဲကြီးမို့ ရှင်မင်းလည်း စိတ်ဝင်စားသွားသည်။

SEASON ONE တုန်းက ဆုရခဲ့သည့် . . အာကာအောင်၊ ရည်မွန်ကျော်ကို ရှင်မင်း တအားသဘောကျခဲ့ဖူးသည်။ ဆုတွေက လည်း မနည်းမနော။ WINNER ဆုက အမြင့်ဆုံး ဆယ်သိန်းနှင့် Sun Silk Products တစ်နှစ်စာနှင့် အနိမ့်ဆုံးက နှစ်သိန်းဖြစ်သည်။ ဒီကြားထဲ SMS ဖြင့်ပို့သည့် Vote အများဆုံးရသူကို သုံးသိန်းနှင့် Products တစ်နှစ်စာ ချီးမြှင့်သေးသည်။

Winner နှင့် 3rd Runner အတွင်း မဝင်ခဲ့လျှင်တောင်မှ နောက်ဆုံးအဆင့်ထိပါခဲ့လျှင် နှစ်လနီးပါး တီဗွီဖန်သားပြင်တွင် ပါဝင် ဖျော်ဖြေခွင့်ရပြီး နာမည်ကြီး လူသိများနိုင်သော အခွင့်အရေးကြီးက လည်း ရှိသေးသည်။

ရှင်မင်း အပျင်းကြီးပြီး ကွေးနေ၍ မရတော့သဖြင့် ရေမိုးချိုး ပြီး ကြည့်ကောင်းအောင် ပြင်ဆင်လိုက်သည်။ မှန်ထဲမှ ကိုယ့်ပုံရိပ် ကိုယ်ကြည့်ပြီး ရှင်မင်း စိတ်ဓာတ်ကျသွားပြန်သည်။

အသားအရေက ညိုတိုတို၊ ရုပ်ကလည်း ရွက်ကြမ်းရေကြို၊ ဒီကြားထဲ သွားက မဆိုစလောက်ခေါနေသေးသည်။ အော်ရီဂျင် နယ် ဆံပင်ကလည်း နီကြောင်ကြောင်နှင့် ကပ္ပလီမခေါင်းလို တွန့် လိမ်ကောက်ကွေးနေပြန်သည်မို့ ကိုယ့်ရုပ်ကိုယ်မြင်ရတာ စိတ်သက် သာစရာမရှိ။

အဆိုးဆုံးက အရပ်ပုခြင်းပင်ဖြစ်သည်။ ငါးပေပြည့်ဖို့ သုံး လက်မလောက်လိုနေ၍ သူစီးသမျှ ဖိနပ်အားလုံး သုံးလက်မဒေါက် တွေချည်း။ ခြုံငုံပြောရလျှင် ဒီနေ့ထိ ရည်းစားစကားပင် လိုက်ပြော မည့်သူ မရှိသေးသည့် ဘရင်း(န်)နယူး အပျိုစင်တစ်ယောက်ပင် ဖြစ်၏။ ထို့အတွက်လည်း သူ့မှာ စိတ်ကျရောဂါ အခံရှိနေသည်လား





မပြောတတ်တော့ . .။

ပုတက်တက်နှင့် ကြည့်ပျော်ရှုပျော်သာရှိသော ရုပ်အဆင်း ပိုင်ရှင်က၊ သူ၏ မွေးရာပါဆံပင်ကိုလည်း အမြင်ကပ်သည်။ ဒီတော့ မူရင်းဆံပင်ကိုဖုံးသွားအောင် ဆံပင်တုမျိုးစုံဝယ်ကာ စွပ်ပြီး ဖုံးကွယ် လေ့ရှိ၏။

"အင်း . . ဆံပင်ကို ကောက်ပြီး ထပ်ဆက်လိုက်ရင် ကောင်း မယ် ထင်တယ်၊ အိပ်မက်ဆုံရာ ဝင်ပြိုင်မယ်ဆိုရင် ဒီ,ဒီဇိုင်းနဲ့တော့ မဖြစ်ဘူး"

ရှင်မင်း သူ့ကိုယ်သူ သုံးသပ်ပြီး ဆုံးဖြတ်လိုက်၏။ ကျေနပ် လောက်အောင် အလှပြင်အပြီး အဖုံးပါသော ပလပ်စတစ်ပုံးကြီးဖွင့် ကာ အဝတ်အစားတွေ ဖွတော့သည်။

ပေါင်လယ်လောက်သာသာရှည်သော ဂျင်းစကပ်တိုနှင့် တီ ရှပ်လက်ရှည်ကို ရွေးချယ်ကာ ဝတ်ဆင်လိုက်၏။ ဘေးလွယ်အိတ် ကြိုးရှည်ရှည်ကို စလွယ်သိုင်းလွယ်ပြီး ခုံမြင့်ကွင်းထိုးဖိနပ် စီးလိုက် သောအခါ အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်သွား၏။

လျှောက်လွှာထုတ်ယူရမည့် မြန်မာ့အသံဝင်းတွင် သော်တာ နှင့်ချိန်းထားသည်။ ငါးလွှာမှ ဓာတ်လှေကားနှင့်ဆင်းလာပြီး မြေညီ ထပ်ရောက်သည်နှင့် တက္ကစီကို လက်ပြတားလိုက်တော့သည်။

ရှင်မင်းပြည့် မြန်မာ့အသံဝင်းအတွင်းရောက်တော့ သော် တာက ရောက်နှင့်နေပြီဖြစ်သည်။

"ညည်း အတော်ကြာတာပဲနော်၊ ကျုပ် မစောင့်နိုင်လို့ ပြန် တော့မလို့၊ ရော့ . . ဒီမှာလျှောက်လွှာ ကျုပ်ဝယ်ထားပြီးပြီ၊ ဒေါ်ပေး . . သုံးထောင်"

"ဟယ် . . တစ်စောင် သုံးထောင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟေ့. . ဟုတ်တယ်"

စူပုပ်ပွနေသောသော်တာက အဘွားကြီးအိုလေသံနှင့် ပြောပြီး လျှောက်လွှာကို ဆောင့်ဆောင့်အောင့်အောင့် ထိုးပေးသည်။

ရှင်မင်းလည်း ငွေသုံးထောင် ထုတ်ပေးရင်း. .

"လျှောက်တဲ့သူ အတော်များလား သော်တာ"

"လျှောက်လွှာနံပါတ်ကြည့်လေ၊ ငါက(၅၄၉) နင်က(၅၅၀)"

"ဟယ်. . အများကြီးပဲ"

"နည်းတာများတာ ဂရုမစိုက်နဲ့. . အခွေကြမ်းကိုသာ အကောင်းဆုံးလုပ်တော့"

"ကဲ. . Junction Square သွားမလား"

"ကောင်းသားပဲ"

သူတို့နှစ်ယောက် မြန်မာ့အသံနှင့် မနီးမဝေးမှ Junction Square သို့ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြ၏။ အစာအိမ်ခေါင်းလောင်းတီးသံ တညံညံကို ကြားလိုက်ရ၍ အိပ်ရာထကတည်းက ဘာမှမစားရသေးကြောင်း သတိရသည်။ စားသောက်ဆိုင်တန်းသို့ ဦးတည်သွားကာ စားချင်တာတွေ မှာကြသည်။

"အကင်စုံ ထမင်းပေါင်း"

"မြေအိုးကြေးအိုး ဝက်သားနဲ့"

မှာထားပြီး ပတ်ဝန်းကျင်ကို စူးစမ်းကြည့်သည်။ Juntion ဝန်းကျင်မှာ လူငယ်ထုအင်အားက ပိုများနေ၏။ ကောင်လေးတွေ အနီးအနားက စားပွဲဝိုင်းတွေမှာ ရှိနေသည်။ သူတို့အကြည့်တွေက သော်တာ့ထံမှာ ဝဲနေတာ သတိပြုမိသည်။

ပြိတ်တိ လုပ်သူလုပ်၊ တပြွတ်ပြွတ်နှင့် စုပ်သပ်ပြီး ခေါ်သူခေါ်၊ ပြုံးပြုံးပြဲပြဲ ကြည့်သူကြည့်နှင့် လူပျိုအလုပ်ကို လုပ်နေကြသည်။





သို့သော်. . သူတို့အကြည့်တွေက ရှင်မင်းဆီ ယောင်လို့မှ ရောက်မလာ. .။

သော်တာက သူ့ထက်အသားပိုဖြူကာ. . ရင်ထွားဖင်ကားသည် မဟုတ်ပါလား. .။ ဒီတော့. . ရှင်မင်း စိတ်မကောင်း ဖြစ်ရပြန်သည်။

ယောက်ျားလေးတွေရဲ့ စိတ်ဝင်စားမှုကို မရနိုင်သည့်အဆုံး ရှင်မင်း မီနူးကိုသာ အခေါက်ခေါက်အခါခါ ဖတ်နေမိတော့သည်။

"ရှင်မင်း အိပ်မက်ဆုံရာက တစ်မျိုးထဲတော့ ဆိုလို့မရဘူးနော်၊ JPop, Rock, R&B, Traditional, Alternative အကုန်အစုံဆိုရမှာ"

"အေးပါဟယ် ငါကြည့်ဖူးပါတယ်၊ ဒါပေမဲ့. . ကြောက်စရာမလိုပါဘူး၊ Vocal Trainer ဆရာခိုင်မြဲသာ ရှိတယ်၊ Show Director လည်း ရှိတယ်လေ"

"ဒါတင်ကမလား၊ Performance နဲ့ Dancing ကိုလည်း Training ပေးဦးမှာ"

"ဟုတ်တယ်နော် Fashion အတွက်လည်း မပူရဘူး အကုန်ဆင်ပေးမှာ. . . Sponsor တွေ အများကြီးပဲ"

"အေးဟယ်. . နောက်ဆုံးယှဉ်ပြိုင်ရမယ့် လူစာရင်းထဲ ပါလာရင်ကောင်းမှာပဲ အားလုံးဆုရမှာပဲဟာ အနည်းနဲ့အများပဲကွာတာ. . အတွေ့အကြုံတွေလည်း တစ်ပုံကြီးရမှာ"

ထိုအချိန်တွင် မှာထားသည့်စားစရာများ ရောက်လာသဖြင့် သူတို့ စကားပြတ်ပြီး အစားကို အာရုံစိုက်သွားကြ၏။ ဗိုက်ပြည့်မှပဲ စကားဆက်နိုင်တော့သည်။

"ဒီတော့. . အသံနမူနာအတွက် ဘာသီချင်း[illegible]ဆိုမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ထုံးစံအတိုင်း wwကျော်သိန်းပဲပေါ့"

"ဘာလဲဟ wwကျော်သိန်းဆိုတာ. ."

"ဝိုက်ဝိုက်ကျော်သိန်းလေ. . ဖြူဖြူကျော်သိန်းကို ပြောတာ"

"ဩော်. ."

"အင်း. . ကိုယ်သန်ရာသန်ရာပဲ ကောင်းပါတယ်၊ ဒါပေမဲ့ မကြာစေနဲ့နော် နောက်ဆုံးရက်မှ ကပ်ပြီးတင်ရတာမျိုး မဖြစ်စေနဲ့"

"အေးပါဟယ်. . ငါလုပ်မှာပါ"

သော်တာနှင့် လမ်းခွဲပြီးနောက် ရှင်မင်း တိုက်ခန်းကိုပဲ ပြန်လာခဲ့သည်။ အိပ်မက်ဆုံရာ ပိုးဝင်သွားပြီဖြစ်၍ သူသီချင်းဆိုကျင့်ဖို့သာ စိတ်စောနေပြီ ဖြစ်သည်။

အသံသွင်းမည့် သီချင်းကိုရွေးပြီး သုံးရက်လောက် ကျင့်လိုက်လျှင် အချိန်မီမည်ဟုပင် ယုံကြည်ထား၏။ ဒီအခန်းမှာပဲ အသံသွင်းသည်။

အိပ်မက်ပိုးဝင်နေသော ရှင်မင်း ရေတစ်ဘူးကိုင်ပြီး ကာရာအိုကေဖွင့်ကာ အပြတ်ဟဲနေလေတော့၏။







# အခန်း ( ၃ )

ရေချိုးကြွေကန်နားတွင် သွားတိုက်ရင်း ရှင်မင်း အိပ်ငိုက်နေ၏။ ညက သီချင်းဆိုလိုက် Recording လုပ်လိုက်နှင့် မနက် (၂)နာရီထိုးမှ အိပ်ဖြစ်သည်။ ထို့နောက်. . မနက်စာကို ဖြစ်သလိုစားသောက်ပြီး. . ညကမပြတ်သေးသည့် မပြတ်သေးသည့်ကိစ္စများကို ဆက်လုပ်နေလိုက်သည်။ ညနေစောင်းတော့မှ ကွန်ဒိုအောက် ဆင်းပြီး တစ်ခုခုစားရန် နားကြပ်ဖြင့်သီချင်းနားထောင်ရင်း လမ်းလျှောက်လာခဲ့သည်။ ရှင်မင်း သွားရင်း ဆိုင်တစ်ဆိုင်ရှေ့မှအဖြတ် အကြည့်တ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ အလိုလိုရောက်သွား၏။ မှန်ခန်းအတွင်း အရုပ်ခေါင်းများ၌ စွပ်ထားသော ဆံပင်တုပုံစံမျိုးစုံကို တွေ့သွားလေသည်။

ရှင်မင်း စိတ်ဝင်စားသွားကာ ဆိုင်ထဲဝင်ကြည့်လိုက်၏။ အလှဖန်တီးရှင်တစ်ယောက်က ပျူငှါစွာ ဆီးကြိုရင်း ရှင်မင်းဆန္ဒကို မေးမြန်းသည်။ ရှင်မင်းလည်း အိပ်မက်ဆုံရာအတွက် ဆံပင်ဖြောင့်ပြီး ရှည်အောင် ထပ်ဆက်ချင်ကြောင်း ပြောလိုက်၏။

အလှဖန်တီးရှင်ကလည်း စေတနာကောင်းနှင့်အကြံပေးသည်။ ဆံပင်ဖြောင့်ဖို့နဲ့ ရှည်လာအောင် ဆံပင်ဆက်ဖို့လုပ်ရမည့် အဆင့်များကို ရှင်းပြပြီး ကုန်ကျစရိတ်ပါ တွက်ချက်ပြ၏။

"သမီး ကံကောင်းသွားတယ်၊ အရမ်းသန့်တဲ့ ဆံပင်ရှည်တစ်ခု မာမီရထားတယ်"

"ဟုတ်လား. . ဟန်ကျတာပဲ မာမီရယ်"

ဈေးလျှော့ပေးအောင် ရှင်မင်း အလိုက်သင့်လေး ပြန်ပြောလိုက်၏။

"တိုက်ဆိုင်တယ်ပဲ ပြောရမလား၊ ဘယ်သူ့ ဆံပင်လည်းဆိုတာသိရင် ဒီကသမီးလေး ဖျားသွားမယ်"

"ဘယ်သူ့ဆံပင်များလည်း မာမီ"

သိလိုစိတ်တို့ ပြင်းပြသွား၍ ရှင်မင်း မေးလိုက်၏။

"အဆိုတော် နန်းမြင့်စံရဲ့ဆံပင်လေ"

"ဟင်. ."

ရှင်းမင် သဘောကျရသော အဆိုတော်၏ ဆံပင်ဖြစ်နေသည်။

"ဘာစိတ်ကူးပေါက်ပြီး သူ့ဆံပင်ရှည်ကြီးကို လာဖြတ်သွားတာလဲမသိဘူး၊ နှမြောစရာကြီး. . မာမီကိုယ်တိုင် ဖြတ်ပေးလိုက်ရ





တာ သမီးရဲ့"

နန်းမြင့်စံ ဆံပင်တိုကို ဒီမှာပဲ ပုံသွင်းသွားကြောင်း မာမီက ဆက်ပြောသေး၏။ နန်းမြင့်စံက အတော်ချောကာ လှလွန်းသောသူ တစ်ယောက်လည်းဖြစ်သည်။

သို့နှင့် ရှင်မင်း ချက်ချင်းဆိုသလိုပင် ဆံပင်ဖြောင့်ပြီးဆက်ဖို့ ဆုံးဖြတ်လိုက်တော့သည်။ ဆိုင်မှာလည်း ဆံပင်ပြုပြင်နေသူ နှစ်ယောက်သာရှိသည်မို့ နားအေးပါးအေးနှင့် စိတ်တိုင်းကျပြင်ဆင်ခွင့်ရခဲ့သည်။ ကပ္ပလီမဆံပင်ကို ဖြောင့်အပြီး၊ ဆက်ပေးမည့် နန်းမြင့်စံ၏ဆံပင်များ ယူလာပြသည့်အခါ ရှင်မင်း နှစ်ခြိုက်သဘောကျစွာပင် ကောက်ယူ နမ်းရှိုက်ကြည့်မိသေး၏။

"မွှေးနေတာပဲနော်"

"မာမီ ရေမွှေးစွပ်ထားလို့ပါ"

အိပ်မက်ဆုံရာ အဆိုပြိုင်ပွဲဝင်ဖို့ ဆံပင်အလှပြင်ရာတွင် နာမည်ကြီးအဆိုတော်၏ ဆံပင်ကို ဆက်ခွင့်ရခဲ့သည်မို့ ဒီတစ်ခါတော့ ကံတရားက မျက်နှာသာပေးပြီဟုပင် ရှင်မင်း ယုံကြည်လိုက်သည်။

ညနေ ငါးနာရီမှာ စလုပ်ခဲ့တာ ရှစ်နာရီခွဲမှပဲ ပြီးတော့၏။ ဘာမေ့တမော အညောင်းမိအောင် ထိုင်ခဲ့ရကျိုးတော့နပ်သည်။

ဆံပင်ကြောင့် ပုံပြောင်းသွားသော သူ့မျက်နှာကို ရှင်မင်း အတော်သဘော ကျသွားသည်။ နန်းမြင့်စံက သူ့အတွက် ကံကောင်းခြင်းလက်ဆောင်တွေ ယူလာပေးသည်ဟုပင် ရှင်မင်း ယုံကြည်ထားမိလေတော့၏။

ငွေနှစ်သိန်း အကုန်အကျခံကာ သထားသော ဆံပင်များနှင့် ရှင်မင်း အိမ်ပြန်လာခဲ့သည်။ လမ်းပေါ်မှာ လူသွားလူလာက စည်



www.burmeseclassic.com

www.burmeseclassic.com



ကားနေသေး၏။ ဖြတ်သွားဖြတ်လာများထဲမှ မျက်နှာချင်းဆိုင် လျှောက်လာသော လူငယ်တချို့ ရှင်မင်းကို သမင်လည်ပြန်ပင် လိုက်ကြည့်ကာ သူတို့အချင်းချင်း..

"အရမ်းလှတယ်ကွာ.."

"အင်း..တော်တော်မိုက်တယ်ကွ၊ ရွှတ်..ရွှတ်.."

တသက်တာမကြားဖူးသော စကားများအတွက် ရှင်မင်း မြောက်ကြွမြောက်ကြွပင် ဖြစ်မိသည်။

သူ့ကိုဂရုမစိုက်သည့် ယောကျ်ားတွေ ဒီတစ်ခါတော့ ဆံပင်အလှကြောင့် စိတ်ဝင်စားသွားကြပြီဟု တွေးမိပြီး ပီတိတွေဖြာနေလေ၏။ စုံတွဲတစ်တွဲ သူ့ရှေ့မှ လျှောက်လာပြန်သည်။ လူငယ်က ရှင်မင်းကို မျက်လုံးကျွတ်ထွက်မတတ် လိုက်ကြည့်နေ၍ ဘေးမှ ကောင်မလေး စိတ်ကောက်ကာ အိတ်နှင့်ရိုက်လေတော့သည်။

"ကျွန်မတစ်ယောက်လုံးပါနေတာ..ရှင် ဒီလောက်နှာဘူးကျရသလား.."

"ဘုန်း..ဘုန်း"

"ဟီး..ဟီး"

တစ်ယောက်တည်း ကြည်နူးပီတိဖြစ်မှုနှင့် လိုအပ်တာထက် ပိုလှုပ်ရမ်းကာ လျှောက်ပစ်လိုက်သည်။ ရှင်မင်း လျှောက်နေရင်း.. သူ့ဘေးမှ တစ်ယောက်ယောက်ကပ်ပါလာသလို ခံစားရ၍ လှမ်းနေသောခြေအစုံကို ရပ်ပစ်လိုက်ကာ ဘေးသို့စောင်းငဲ့ကြည့်လိုက်၏။

"ဟင်..ဘယ်သူမှလည်းမရှိပါလား၊ စိတ်ထင်လို့ပဲ နေမှာပါ"

ထိုသို့ တစ်ကိုယ်တည်းတွေးပြောပြောနေစဉ် တစ်ကိုယ်လုံး ကြက်သီးများထသွားသဖြင့် လက်မောင်းတစ်ဖက်တစ်ချက်ကို သပ်





ချလိုက်ရသည်။

"အမလေး..ငါ့နှယ့်နော်၊ စိတ်ထင်လို့ပဲ နေမှာပါ"

လျှောက်လာရင်း စားသောက်ဆိုင်တန်းရှေ့မှအဖြတ် တစ်ခုခုစားဖို့ သတိရပြီး နီးရာဆိုင်ထဲဝင်ခဲ့၏။ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်နှင့် ကောင်လေးတစ်ယောက် မျက်လုံးကျွတ်ကျမတတ် သူ့ကိုကြည့်နေတာတွေ့ပြီး ရှက်ကိုးရှက်ကန်းနှင့် မျက်လွှာချလိုက်ရသည်။

"ဒုတ်.."

"အမလေးတော့.."

သူ့ဘာသာနေသောထိုင်ခုံကို ခလုတ်တိုက်ပြီး ချော်လဲမလို ဖြစ်သွား၏။ ရှက်ရှက်နှင့် ဆံပင်ကိုခါလိုက်ရင်း စောစောက ကောင်လေးဆီ အကြည့်ပြန်ပို့လွှတ်လိုက်၏။

ထိုကောင်လေးက ကြည့်နေဆဲ..

"အို.."

ဒီဆံပင်ပုံစံနှင့် သူ တော်တော်ကြည့်ကောင်းနေပြီဟုလည်း ပိုမိုယုံကြည်သွား၏။

ယောကျ်ားလေးများ၏ စိတ်ဝင်တစားအကြည့်ကို ဖေါဖေါသီသီ မရခဲ့ဘူးသည့်အတွက် မနေတတ်မထိုင်တတ်ပင် ဖြစ်နေမိသည်။

ကိုယ့်ရုပ်ကိုယ်ပြန်ကြည့်ချင်လာ၍ လက်ပွေ့အိတ်ထဲမှ ခရင်(မ်)ပတ်ဘူးကို ထုတ်ယူပြီး မသိမသာ မြှောက်ကြည့်မိသည်။ လူကြားထဲမို့ ရဲရဲမကြည့်ဝံ့၊ ခိုးကြောင်ခိုးဝှက်နှင့်မို့ မှန်ကမငြိမ်..၊ ကိုယ့်ရုပ်ကိုယ် မနည်းရှာ ကြည့်နေရသည်။

ထိုသို့ကြည့်နေခိုက်မှာပင်..ရှင်မင်း နောက်ဘက်နားက ဒေါက်မြင့်ဖိနပ်စီးထားသော ခြေထောက်လှလှလေးတစ်စုံကို မြင်

www.burmeseclassic.com



လိုက်၏။ သူ့နောက်တွင် လာရပ်နေ၍ ရှင်မင်း နောက်ကျောမလုံသလိုဖြစ်လာကာ ချက်ချင်းလှည့်ကြည့်သည်။

သူ့နောက်မှာ ဘယ်သူမှမရှိ. .

"ဟင်. ."

ဇဝေဇဝါဖြစ်စွာနှင့်ပင် မှန်ကိုထပ်ကြည့်မိသည်။ နောက်မှာ ဖြူဖတ်ဖြူရော်မျက်နှာနှင့် ခေါင်းငိုက်စိုက်ကျနေသော မိန်းမတစ်ယောက်ကို တွေ့ပြန်သည်။ ရှင်မင်း ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ဘယ်သူမှ မတွေ့တော့. .။

"ဟင်. . စောစောက ရပ်နေပါသေးတယ်"

ရှင်မင်း စိတ်မရှည်တော့သဖြင့် စားဖို့သာ အာရုံပြုလိုက်သည်။

"ရှူး. . ရှူး. ."

ရှင်မင်း စားပွဲထိုးကောင်လေးကို လှမ်းခေါ်လိုက်၏။ စားပွဲထိုးလေးက ရှင်မင်းကိုကြည့်ပြီး ပြုံးပြ၏။ မပြီးသေး. . သူမဘေးသို့ ထပ်ကြည့်ကာ သွားဖြဲပြီး ထပ်ပြုံးပြသည်။ ထို့နောက် မီနူးစာရွက်ကို သွားယူကာ သူမထံလျှောက်လာလေသည်။ စားပွဲနားအရောက် စားပွဲထိုးလေးက မျက်မှောင်ကြုတ်ရင်း. .

"အစ်မကြီး. . ဟို ခပ်ချောချောနဲ့အစ်မ ဘယ်ရောက်သွားတာလဲဟင်"

ရှင်မင်း မီနူးကို လှမ်းယူရင်း ဘေးဘီကိုကြည့်ကာ ကြောင်တောင်တောင် ဖြစ်သွားရသည်။

"ဘယ်သူ့ကိုပြောတာလဲ. . ငါဒီမှာထိုင်နေတယ်လေ"

ကောင်လေးက ခေါင်းခါရင်း. .

"အစ်မကို ပြောတာမဟုတ်ဘူး၊ အစ်မ ဘေးခုံမှာထိုင်နေတဲ့





အစ်မလေးကို ပြောတာ. ."

ရှင်မင်း နားမလည်သလို ဘေးခုံကိုကြည့်သည်။

"အစ်မကရော ဘာသုံးဆောင်မလဲ. . ဆီချက်၊ ကော်ရည်၊ ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး အကုန်ရပါတယ်"

"ရှမ်းတစ်ပွဲ ကြက်သားနဲ့လုပ်လိုက်. ."

"ဟုတ်ကဲ့ အစ်မ"

ကောင်လေးက ဘောပင်နှင့် စာရွက်လေးတွင် ရေးမှတ်နေသည်။ ခေါင်းပြန်မော့လာချိန်တွင် စားပွဲထိုးလေး မျက်နှာပြုံးဖြီးသွား၏။

ကောင်လေးမှာ ရှင်မင်းဘေးခုံကို ကြည့်ပြီး. .

"အဟင်း. . အစ်မပြန်ရောက်နေတာကိုး၊ အမကရော ဘာစား. . . ဪ. . အတူတူပဲ. . ဟုတ်. . ဟုတ်ကဲ့ အမြန်လေးလုပ်လိုက်ပါ့မယ်"

ရှင်မင်း ခေါင်းကုပ်ရပြီ၊ စားပွဲထိုးကိုကြည့်လိုက် သူ့ဘေးခုံကိုကြည့်လိုက်နှင့် ဦးနှောက်အတော်ချောက်သွား၏။

ခနနေတော့ စားပွဲထိုးလေး ရှမ်းခေါက်ဆွဲနှစ်ပွဲ ခုံပေါ်လာချပေး၏။ တစ်ပွဲက ရှင်မင်း ရှေ့တွင်ဖြစ်ပြီး နောက်တစ်ပွဲက သူ့ဘေးတွင် ချပေးလိုက်၏။

"ဒါဘာလဲ. . ငါတစ်ပွဲပဲ မှာတာလေ. ."

"အစ်မကလည်း နောက်နေပြန်ပြီ"

ကောင်လေးက ရှင်မင်းကိုကြည့်လိုက် ဘေးခုံကိုကြည့်လိုက်နှင့် ပြောပြီးပြန်ထွက်သွား၏။ ရှင်မင်းလည်း ဘာမှပြောမနေတော့ဘဲ ဘေးမှမမှာသော ရှမ်းခေါက်ဆွဲတစ်ပွဲကို တစ်ဖက်ခုံစွန်းသို့ တွန်းဖို့လိုက်သည်။ ထို့နောက် တူတစ်စုံကို လှမ်းအယူတွင်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဗုဒ္ဓေါ"

ပလတ်စတစ်အိတ် ဖေါက်လျှက်သား ဝါးတူနှစ်ချောင်းက သူ့ရှမ်းခေါက်ဆွဲပန်းကန်ထဲ ရောက်နှင့်နေလေပြီ။

သူကိုယ်တိုင်လည်းမလုပ်. . တခြားလူကိုလည်း မတွေ့ရဘဲ ဝါးတူတစ်စုံ သူ့ပန်းကန်ထဲ ရောက်လာတာကြည့်ပြီး ရှင်မင်း အံ့သြလွန်း၍ ကြက်သေသေသွားသည်။

ထိုစဉ် တစ်ဖက်ခုံစွန်းရောက်နေသော ရှမ်းခေါက်ဆွဲပန်းကန်က သူ့ဘေးသို့ တရွေ့ရွေ့ပြန်ရွေ့လာလေသည်။

ရှင်မင်း အလန့်တကြားနှင့် ထရပ်လိုက်၏။ ဘာကြောင့် ဒီလိုဖြစ်မှန်း ရှင်မင်း စဉ်းစား၍မရ၊ မမြင်ရသည့် တစ်ယောက်ယောက်က လုပ်သည်ဆိုလျှင်လည်း ထိုတစ်ယောက်က သရဲသာလျှင် ဖြစ်လိမ့်မည်။

အမလေး. . စိတ်ထဲကတွေးနေရင်းနှင့် မွေးညှင်းလေးတွေ ပင် ထောင်ထသွားရသည်။ ရှင်မင်း မစားတော့ဘဲ နှစ်ပွဲစာရှင်းလိုက်ရသည်။

ဆိုင်ထဲကထွက်လာတော့မှ ရှင်မင်း စိတ်သက်သာရာ ရသွားသည်။ အမှောင်ကလည်း ကြီးစိုးလာသလို လူသွားလူလာလည်း ကျဲသွားသည်။

မျက်နှာချင်းဆိုင်မှ ပေါက်ပေါက်ဆုပ်ဝါးကာ လျှောက်လာနေသောလူတစ်ယောက်. .

ထိုလူက အနားအရောက် ရှင်မင်းနောက်သို့ မျက်လုံးကျွတ်ကျမတတ် ကျော်၍ လိုက်ကြည့်နေပြီး ပြုံးစိပြုံးစိ လုပ်နေ၏။

"ဘာလဲ. ."

အသံကြောင့် ကျော်ကြည့်နေသော အကြည့်ကို ရှင်မင်းဆိုင့်လိုက်တော့. .





"အမလေးဗျ. ."

ရှင်မင်းကို တွေ့သွားကာ ထိုလူလန့်သွား၏။

ရှင်မင်း ရပ်ကာ ဘုကြည့်ကြည့်ရင်း. .

"ဘာကြည့်နေတာလဲ"

"ခင်ဗျားကိုကြည့်တာမှ မဟုတ်တာ. ."

ထိုလူ ဘုတောတောကာ ဆက်လျှောက်သွားလေသည်။

"ဟင်. . ငါကိုကြည့်တာ မဟုတ်ဘူးဆိုတော့. . အို. ."

သူနေထိုင်သည့် ကွန်ဒိုကြီးကို လှမ်းမြင်နေရသော်လည်း ဖြတ်သွားရမည့်လမ်းက မှောင်မည်းနေသည်။ ရှေ့လည်းမတိုးရဲ ရပ်၍လည်းမနေရဲနှင့် ရှင်မင်း ဒုက္ခရောက်နေတော့၏။

ဆက်မလျှောက်လည်း အိမ်ပြန်ရောက်မှာ မဟုတ်သည့်အတွက် ရှင်မင်း အားတင်းကာ အပြန်ခရီး ခြေလှမ်းများကို စလိုက်သည်။ လျှောက်လိုက်သည်နှင့် ရှင်မင်းအရိပ်က နောက်မှကပ်ပါသွားသော်လည်း. . အရိပ်တစ်ခု နောက်တွင်ကျန်နေခဲ့သည်ကိုတော့. . ရှင်မင်း မသိလိုက်. . .

ဘာမှထူးခြားမှု မကြုံရသဖြင့် ရှင်မင်း အားတက်ပြီး ခြေလှမ်းတွေ သွက်လာသည်။ ရပ်ထားသည့်ကားများ ဘေးမှကပ်လျှောက်ရင်း ရှင်မင်းနောက်ကို လှည့်ကြည့်သလို ရှေ့ကိုလည်းမျှော်ကြည့်မိ၏။

ကားတွေကြားထဲက တစ်ခုခုထွက်လာလေမလား အတွေးနှင့် ဝန်းကျင်ကို မျက်ခြေမပြတ်ကြည့်လာသည်။ ထိုစဉ် ကားစင်း၏ နောက်ကြည့်မှန်တွင် အရိပ်တစ်ခု မြင်မိသည်။ သေချာအောင် သေချာရပ်ကြည့်လိုက်ရာ အလွန်ချောသော မိန်းမတစ်ယောက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမှန်း တွေ့ရ၏။ ဘယ်သူဘယ်ဝါဆိုတာတော့ ရှင်မင်း သဲသဲကွဲကွဲ မမြင်ရ. .

ရှင်မင်း လန့်ကာ နောက်သို့လှည့်ကြည့်လိုက်သည်။ သူ့မနောက်နားတွင် ဘယ်သူ့ကိုမှမတွေ့၊ ကိုယ့်လမ်းကိုယ်သွားနေကြသည့် လမ်းသွားလမ်းလာ ယောကျ်ားများကိုသာ မလှမ်းမကမ်းမှာ တွေ့ရသည်။

ရှင်မင်း တအားကြောက်လာပြီမို့ ဘာမှစဉ်းစားမနေတော့ဘဲ ကွန်ဒိုသို့ဦးတည်ကာ အသည်းအသန်ပြေးတော့သည်။ နောက်ကို လုံးဝလှည့်မကြည့်တော့၊ ကွန်ဒိုဂိတ်ဝအရောက်. . အမောတကော ပြေးလာသော ရှင်မင်းအား. . လုံခြုံရေးဦးလေးကြီးက. .

"သမီး. . သမီး ဘာများဖြစ်လာတာလဲ"

"နောက်က. . သရဲလိုက်လာလို့ ဦးလေးရေ"

"ဟေ. ."

ထိုသို့ပြောပြီး ပြေးဝင်သွားသဖြင့်. . လုံခြုံရေးကြီးလည်း ကြောင်ကာကျန်ခဲ့လေသည်။ သိပ်မကြာလိုက်. .

တဒေါက်ဒေါက်နှင့် ဒေါက်မြင့်ဖိနပ်သံကြောင့် လုံခြုံရေးကြီး လှည့်ကြည့်မိသည်။ ဂိတ်ရှေ့မှ ဖြတ်လျှောက်ကာ အထဲဝင်သွားသဖြင့်. .

"ဟော့. . ဟော့. . နေဦး ဘယ်သွားမလို့လဲ"

ထိုမိန်းကလေးက လှည့်၍ပင်မကြည့်. . သူ့အိမ်ပြန်လာသလိုပင် လျှောက်ဝင်သွား၏။ လုံခြုံရေးကြီး နောက်မှပြေးလိုက်သွား၏။ သို့သော်. . မိန်းကလေးမှ ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

လုံခြုံရေးကြီး ခေါင်းကုပ်ရင်း. .

"စောစောက သရဲလိုက်လာတယ်ဆိုတာ ဒီမိန်းကလေးများ





လားမသိဘူး"

ရှင်မင်း ဓာတ်လှေကားရှေ့ရောက်မှပဲ အမောဖြေနိုင်တော့သည်။ ဓာတ်လှေကားအပေါ်ရောက်နေ၍ ခလုတ်နှိပ်ကာ လှမ်းခေါ်ရသေးသည်။ နောက်ကျောမလုံသဖြင့်. . ဓာတ်လှေကားတံခါးကို ကျောမှီကာ 'ချက်'နေရသေးသည်။ လူသွားလူလာ တစ်ယောက်မှ မတွေ့သဖြင့် ရှင်မင်းစိတ်တွေ ပိုချောက်ချားနေမိသည်။

"တင်. ."

"အမယ်လေးတော့. ."

ထိုစဉ် တံခါးပွင့်သွားလေရာ. . ရှင်မင်း ဓာတ်လှေကားထဲ နောက်ပြန်လဲကျဝင်သွား၏။ ကုန်းကပ်ပြန်ထကာ. .

"တော်သေးတာပေါ့ သရဲမဟုတ်လို့. ."

ထို့နောက် ရှင်မင်း နံပါတ်(၅)ခလုတ်ကို နှိပ်အပြီး. .

"ကျွန်မကို ကူညီပါရှင်. ."

"ဟင်. . ဘယ်သူလဲ"

ဓာတ်လှေကားထဲ အသံကြားနေရသည့်အတွက် နောက်ကို လှည့်မကြည့်ရဲ. .

ရုတ်တရက် ဓာတ်လှေကားတံခါး ပြန်ပိတ်သွားလေရာ ရှင်မင်း လက်ထိုးခံလိုက်ရတော့သည်။ ထိုအခါမှ တံခါးပြန်ပွင့်သွားသည်။ ရှင်မင်း ဓာတ်လှေကားထဲမှ အမြန်ပြေးထွက်ကာ ရိုးရိုးလှေကားနှင့် တက်ရတော့သည်။

ရှင်မင်းလည်း သူ့အခန်းဖြစ်သည့် (၅၀၅)အခန်းထဲရောက်မှပဲ လုံခြုံမှုရှိသွားသလို ခံစားရသည်။ တံခါးကို လုံခြုံအောင်ပိတ်ပြီး အခန်းမီးဖွင့်ကာ အသက်ကိုမှန်မှန်ရှူနေရသည်။ ထူးခြားမှုမရှိတော့မှ ရေချိုးကာ အပန်းဖြေရသည်။ ညအိပ်ဝတ်စုံလဲ၍ အဆာပြေ

www.burmeseclassic.com



ပေါင်မုန့်စားရင်း အခွေကြမ်းကို ပြန်ဖွင့်နားထောင်သည်။ စိတ်တိုင်း မကျသလို ဖြစ်နေ၍ ပြန်ဆိုကာ ထပ်မံ အသံသွင်းလိုက်သည်။

ငါးခေါက်လောက်ဆိုပြီးမှ စိတ်တိုင်းကျသွား၏။ မနက်ဖြန် ညနေလောက် သော်တာ၏မောင်က ကွန်ပျူတာနှင့် တီးလုံးသွင်း ပေးမည် ပြောထား၍ စိတ်အေးလက်အေး ဖြစ်သွားသည်။

စိတ်အေးသွားပြီမို့ အင်တာနက်ဖွင့်၍ Facebook ထဲဝင် လိုက်၏။ သတင်းအသစ်တွေ နှုတ်ဆက်စကားတွေ ဖတ်ကြည့်ပြီး အကြောင်းပြန်သင့်တာ ပြန်သည်။ Share လုပ်သင့်တာလုပ်၊ Like လုပ်သင့်တာလုပ်၊ အီစီကလီလေးတွေ လုပ်အပြီး . . မျက်လုံးတွေ စင်းလာကာ. . . တဝါးဝါး သမ်းလာတော့၏။

Laptop ပိတ်. . မီးတွေလည်းပိတ်ပြီး ရှင်မင်း အိပ်ရာဝင်ခဲ့ သည်။ တစ်နေကုန် ပင်ပန်းခဲ့သည်မို့ ကျောချလိုက်သည်နှင့် ရှင်မင်း အိပ်ပျော်သွားသည်။ အိပ်ပျော်သွားသည်နှင့် အလုံပိတ်အခန်းထဲ လေတိုက်သလို ခန်းဆီးတွေ လူးလွန့်လှုပ်ရှားလာသည်။

ဝရန်တာဘက်မှ မှန်တံခါးကိုဖြတ်ကာ တစ်စုံတစ်ခု တိုးဝှေ့ ဝင်လာသည်။ အခန်းထဲအရောက်မှာ ထိုအရာက လူသဏ္ဌာန်ဖြစ် လာသည်။ ထိုလူမှာ ရှင်မင်း နောက်ကြည့်မှန်မှတဆင့် မြင်ခဲ့ရသည့် မျက်နှာဖွေးဖွေးနှင့် အမျိုးသမီးပင်ဖြစ်၏။ သူမက ခုတင်ပေါ် တက် လာကာ စောင်ထဲဝင်ခွေလိုက်သည်ကိုတော့ ရှင်မင်း မသိတော့ပေ။







# အခန်း (၄)

မနက်လင်းသည်နှင့် သော်တာ့ အိမ်သို့သွားပြီး သီချင်း ကြမ်းကို "ဒါဗင်"ထည့်ဖို့သာ အာရုံရောက်နေသည်။ အဝတ်အစား လဲပြီး သော်တာ့အိမ်သို့ ထွက်လာခဲ့လိုက်သည်။

သော်တာက သူ့မောင်ဖြစ်သည့် မင်းမောင်နှင့် ရှင်မင်းအား မိတ်ဆက်ပေးသည်။ မင်းမောင်က ရှင်မင်းအား ဝတ်ကျေတန်းလေ ဝဲ နှုတ်ဆက်ပြီး ရှင်မင်း၏ အခွေကြမ်းကိုယူ၍ အခန်းတစ်ခန်းထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်တာက ကူးထားသော အိပ်မက်ဆုံရာ SEASON 10 အခွေကိုဖွင့်ပြသည်။ တကယ်အားကျစရာကောင်းသော မြင်ကွင်းပဲဖြစ်၏။ ထိုအခွေကိုကြည့်ပြီး ရှင်မင်းနှင့် သော်တာတို့ အားတက်သရော ဖြစ်နေကြ၏။

ထိုအချိန်အတွင်း ရှင်မင်းထံ မန္တလေးမှအမေ ဖုန်းဆက်သည်။ သူတို့ကွန်ဒိုနှင့်မဝေးလှသော ရပ်ကွက်တွင် ကုန်မာဆိုင်ဖွင့်ကာ ကြီးပွားနေသည့် ဦးမိုးထိ မန္တလေးလာ၍ ငွေဆယ်သိန်းထည့်ပေးလိုက်ကြောင်း လှမ်းပြောသည်။ ရှင်မင်းကလည်း သူ အိပ်မက်ဆုံရာ ဝင်ပြိုင်ဖို့ လျှောက်လွှာတင်လိုက်ပြီဖြစ်ကြောင်း အမေ့ကို ပြန်၊ အသိပေးလိုက်သည်။ အမေကတော့ သမီးစိတ်ချမ်းသာရင် ပြီးတာပဲပြောပြီး ဖုန်းချသွား၏။

မင်းမောင် ဒါဗင်လုပ်ပေးထားသည့်အခွေကို ဖွင့်ကြည့်နားထောင်ပြီး ကျေးဇူးတင်စကားပြောကာ ရှင်မင်း နှုတ်ဆက်ပြန်လာခဲ့၏။ သူ့လက်ထဲ ပိုက်ဆံပြတ်ခါနီး ဦးမိုးထိနှင့် ဆယ်သိန်းထည့်ပေးလိုက်သည်ဆို၍ ရှင်မင်း လန်းဆန်းတက်ကြွနေသည်။

ဦးမိုးထိဆိုတာ မန္တလေးမှာနေစဉ်က အိမ်နီးချင်းဖြစ်သလို ရှင်မင်းတို့ မိသားစုနှင့်လည်း အလွန်ခင်မင်ကြ၏။ ဦးမိုးထိက ရန်ကုန်သူနှင့်ညားပြီး ရန်ကုန်မှာပဲ အခြေချနေသူဖြစ်သည်။

ရှင်မင်းရောက်သွားတော့ ဦးမိုးထိဆိုင်မှာ လူကျနေသဖြင့် အိမ်ပေါ်ထပ်သို့ တက်ခဲ့၏။

"ဟင်. . မမရှင်မင်း ပါလား"

ဦးမိုးထိသမီး ဇာခြည်က ဝမ်းပန်းတသာနှင့်. .

"မမ သီချင်းဆိုတာ ကြည့်လိုက်ရတယ်"

ရှင်မင်း ရှက်ရှက်နှင့် ခေါင်းခါပြရင်း. .





"မစ္စံပါဘူးဟာ မီးနီလင်းသွားတာလေ"

"ကြိုးစားပေါ့၊ မမအသံက ကောင်းပြီးသားပဲ"

ဇာခြည် ပြောနေရင်း အကြည့်က ရှင်မင်းဆံပင်ရှည်ကြီးဆီရောက်သွားပြီး. .

"ဟယ် အခုမှကြည့်မိတယ်၊ မမဆံပင်တွေ တအားရှည်နေပါလား. . ဆံပင်က အရမ်းလှတာပဲနော်"

လူကိုမပြောဘဲ ဆံပင်ကိုချီးကျူးနေ၍ မဲ့ရွဲ့ကာ. .

"ဆက်ထားတာပါဟယ်"

"မမ. . ခဏကိုင်ကြည့်မယ်နော် ဘယ်လိုဆက်ထားတာလဲ သိချင်လို့"

"ကိုင်ကြည့်လေ"

ဇာခြည်ကလည်း မိန်းကလေးပီသစွာ အလှအပရေးရာကို စိတ်ဝင်စားပြီး စပ်စုသည်။ ဆက်ထားသည့်ဆံပင်ကို သေချာကိုင်ကြည့် စူးစမ်းနေရင်း. . ရှင်မင်းနောက်က လူရိပ်တစ်ခု ပေါ်လာ၍ ဇာခြည်လန့်သွားကာ. . သေချာကြည့်ပြီး. .

"ရှင်. . ရှင် ဘယ်သူလဲ"

"ဟဲ့. . အလန့်တကြားနဲ့ ဘာဖြစ်တာလဲ ဇာခြည်ရဲ့"

ဇာခြည် အထိတ်တလန့်နှင့် ရှင်မင်း ဆံပင်ကိုလွှတ်လိုက်ရာ မြင်နေရသော မိန်းမလည်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ရှင်မင်း နောက်လှည့်ကြည့်တော့ ဘယ်သူမှမတွေ့၊ ရှင်မင်းကြက်သီးပင်ထသွားရသည်။

"နင်. . ဘယ်သူ့ကို ပြောနေတာလဲ ငါကြောက်လာပြီနော် ငါ့ကိုမခြောက်ပါနဲ့ ဇာခြည်ရယ်"

"မမနောက်မှာ စောစောက မိန်းမတစ်ယောက် ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးတော့ ချက်ချင်းပဲ ပြန်ပျောက်သွားတယ်"

ဇာခြည့်အပြောကြောင့် ရှင်မင်း အံ့ဩစိုးရိမ်သွားသည်။

"နင်တကယ် မြင်လိုက်ရတာလား"

"ဇာခြည်မညာပါဘူး မမရယ်၊ မမကို အပမှီနေပြီနဲ့တူတယ်၊ သမီးတောင် မမအနားမှာ မနေရဲတော့ဘူး၊ သွားလိုက်ဦးမယ် မမ"

ဇာခြည် ထထွက်သွားဖို့လုပ်စဉ် ရှင်မင်း လှမ်းဆွဲကာတားရသည်။ ရှင်မင်းလည်း မလုံမလဲနှင့်ပင် နောက်ကိုထပ်လှည့်ကြည့်၏။

ထိုအခါမှာ. . . တွေ့လိုက်ရသည့် မြင်ကွင်းကြောင့်. .

"အမလေး. ."

"ဟဲ့. . ရှင်မင်း၊ ငါ့မြင်တာနဲ့ ဘာဖြစ်တာတုန်း"

ရှင်မင်း လှည့်အကြည့်မှာ ဦးမိုးထိရဲ့ဇနီး ဒေါ်အိတုတ်အား တွေ့ပြီး အလန့်တကြား အော်မိခြင်းဖြစ်သည်။

ဒေါ်အိတုတ်က ရှင်မင်းအား လူကြုံပါးလိုက်သော ငွေဆယ်သိန်းထုတ်ပေးသည်။ ဘာတွေလုပ်နေသလဲမေးကာ ဆုံးမစကားလည်းပြောသည်။ မိန်းကလေးတစ်ယောက်တည်း သွားတာလာတာ သတိထားဖို့ပြောရင်း အနိုင်ကျင့်ခံရသည့်အခါ ကာကွယ်ဖို့ပစ္စည်းတွေအကြောင်း စကားစပ်မိသွားသည်။

"ငရုပ်ရည်ကို စပရေးနဲ့ ဖြန်းထုတ်ပေးတဲ့ ကာကွယ်ရေးပစ္စည်းရှိတယ် ရှင်မင်း ဆောင်ထားပါလား"

"ရပါတယ် အန်တီ"

"ရတယ်မလုပ်နဲ့ ဓာတ်လိုက်အောင် လုပ်လို့ရတဲ့ ကရိယာလည်းရှိတယ်. . လူတော့မသေဘူး၊ ဒါပေမဲ့ သတိလစ်တဲ့အထိတော့ အစွမ်းထက်တယ်. . ခလုတ်နှိပ်ပြီး တို့လိုက်ရုံပဲ"

အန်တီအိတုတ်က အကြမ်းဖက်သမားရန် ကာကွယ်ရေး





ကိရိယာများကို ထုတ်ပြစမ်းသပ်ပြသည်။

လျှပ်စစ်ကရိယာကို သဘောကျသွားပြီး တစ်သောင်းခွဲပေးကာ ဝယ်လိုက်ရသည်။ ဦးမိုးထိတို့ လင်မယားနှင့် စကားတွေတစ်ဝကြီးပြောပြီး ညရှစ်နာရီလောက်တွင် ပြန်လာခဲ့သည်။

သိပ်မဝေးလှသည့်ခရီးမို့ ဟိုငေးဒီငေးနှင့်ပင် လမ်းလျှောက်လာခဲ့သည်။ ဓာတ်တိုင်နှစ်တိုင်စာလောက် လျှောက်အပြီးတွင် ရှင်မင်းစိတ်ထဲ မသိုးမသန့်ဖြစ်လာသည်။

သူ့နားထဲ နောက်မှကပ်လိုက်လာသည့် တဖျတ်ဖျတ်ခြေသံကို ကြားနေရသည်။ ရှင်မင်း လမ်းလျှောက်နေရင်း ရုတ်တရက်ရပ်ပြီး လှည့်ကြည့်လိုက်၏။ ကြားနေရသည့် ခြေသံရပ်သွားသော်လည်း နောက်မှလိုက်လာသူကို မတွေ့ရ။ စိတ်ထင်တာဖြစ်မှာပါလေဟု ဖြေတွေးရင်း ဆက်လျှောက်လာခဲ့၏။

ဒီတော့လည်း ခြေသံကိုထပ်ကြားလိုက်ရ ပြန်သည်။ ရှင်မင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ချွေးစို့လာသည်။ ကြောက်လာသဖြင့် ခြေလှမ်းကို သွက်သွက်လှမ်းကာ အပြေးတစ်ပိုင်းနှင့် လျှောက်လာတော့လည်း နောက်မှခြေသံက သူ့လျှောက်နှုန်းအတိုင်း မြန်ဆန်လာသည်။

ရှင်မင်း လျှောက်လာသည့်နှုန်းကို မလျှော့ရဲ၊ လျှောက်လာရင်းနှင့်ပင် အုတ်တံတိုင်းအပြည့်ခတ်ထားသော ခြံကြီးအနီး ရောက်လာခဲ့သည်။ ရှင်မင်း စိတ်ထဲအတွေးတစ်စ ဝင်လာ၍ အုတ်တံတိုင်းဘက် လှည့်ကြည့်လိုက်၏။

အုတ်တံတိုင်းတွင် ရှင်မင်း အရိပ်အပြင် နောက်ထပ်အရိပ်တစ်ခုကိုပါ တွေ့နေရသဖြင့် မယုံမရဲဖြစ်သွားသည်။ သေချာအောင် ခြေစုံရပ်ကြည့်လိုက်၏။ နံရံမှ အရိပ်နှစ်ခုလည်း ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့ဟုတ်နေပြီ. . အကောင်အထည် မမြင်ရသော်လည်း အရိပ်ကို တွေ့နေရသဖြင့် သူ့နောက် သရဲတစ္ဆေတစ်ကောင်ကောင် လိုက်လာတာ လုံးဝသေချာသွားခဲ့ပြီ။

ဒီတော့လည်း ရှင်မင်း အကြီးအကျယ် ကြောက်လန့်ထိတ်ပျာသွားကာ အလျင်အမြန်ပင် ထွက်ပြေးခဲ့တော့၏။ နောက်ကပုံရိပ်ပြေးလိုက်လာဦးမလားဆိုတာပင် လှည့်မကြည့်ရဲတော့ဘဲ ခြေကုန်သုတ်ပြေးခဲ့သည်။

ကွန်ဒိုရှေ့ လုံခြုံရေးဂိတ်တဲအရောက် အမောဖေါက်နေပြီဖြစ်၍ ခဏနားကာ အမောဖြေလိုက်သည်။ တာဝန်ကျ ဦးလေးကြီးက ရှင်မင်းပုံစံကြည့်ပြီး. .

"ဘာဖြစ်လာတာလဲ ကလေးမ"

"သရဲ. . သရဲ. . လိုက်လာလို့"

"ဟင်. . လိုက်လာပြန်ပလား"

ဦးလေးကြီးလည်း ရှင်မင်းစကားကြောင့် နောက်သို့ လှမ်းမျှော်ကြည့်သည်။ ရှင်မင်း အသက်မှန်မှန်ရှူပြီး အမောဖြေနေရ၏။ ဦးလေးကြီး သူ့ဂိတ်တဲထဲမှ ထွက်လာကာ ရှေ့နောက်ဝဲယာ အကုန်လှမ်းကြည့် စူးစမ်းသည်။

"ဘယ်သူမှ လိုက်မလာပါဘူး ကလေးမရဲ့"

ဦးလေးကြီး စကားကိုနားထောင်မနေတော့ဘဲ ကွန်ဒိုထဲပြေးဝင်ခဲ့တော့၏။ ဓာတ်လှေကားစောင့်သူ တစ်ဦးတစ်ယောက်ကိုမှ မတွေ့၊ ဘာပဲဖြစ်ဖြစ် ဒါစီးမှ အပေါ်ကိုမြန်မြန်ရောက်နိုင်မည်ဖြစ်၍ ခလုတ်ကို အဆက်မပြတ်နှိပ်ကာ ခေါ်လိုက်သည်။

နောက်လှည့်၍လည်း အခြေအနေကို စူးစမ်းကြည့်ရသေး၏။ ထိုစဉ် ဓာတ်လှေကားရောက်လာ၍ ရှင်မင်းအထဲသို့ ဝင်လိုက်





သည်။

ခလုတ်နှိပ်ဖို့ လက်လှမ်းသည့်အခိုက်မှာပင် ဓာတ်လှေကားအိမ်စတီးနံရံ၌ မိန်းမတစ်ယောက်ရုပ်ပုံ ပေါ်လာ၏။ အလိုလိုပြန်ပိတ်တော့မည် တံခါးကြားထဲ ခြေထိုးခံလိုက်ရသည်။ ပွင့်သွားသော တံခါးကြားထဲမှ ရှင်မင်း ထွက်ပြေးရပြန်သည်။

ဓာတ်လှေကား မစီးရဲတော့သဖြင့် ရိုးရိုးလှေကားအတိုင်း ရှင်မင်း ပြေးတက်ခဲ့သည်။ ရှင်မင်းက သူမအခန်းဖြစ်သော (၅၀၅)ထိ မသွားဘဲ ဘေးခန်းဖြစ်သော (၅၀၄)ရှေ့တွင်ရပ်ပြီး တံခါးခေါက်လိုက်သည်။ တံခါးခေါက်ရင်း ဓာတ်လှေကားဆီ လှည့်ကြည့်မိရာ သရဲမကို မတွေ့ရဘဲ ဓာတ်လှေကားတံခါး ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေတာပဲ တွေ့ရ၏။ ရှင်မင်း တံခါးကို အဆက်မပြတ်ခေါက်နေသဖြင့် (၅၀၄) တံခါး ပွင့်လာသည်။

ရင်းနှီးနေသလို သူ့လိုပင် တစ်ယောက်တည်းသမား အန်တီကြီးမို့ ရှင်မင်း ခွင့်တောင်းမနေတော့ဘဲ အထဲသို့ အတင်းတိုးဝင်လိုက်၏။

"ဟဲ့. . ဟဲ့ ကလေးမ၊ ဘာဖြစ်လာတာလဲ. . "

"နောက်မှမေး. . အန်တီ. . နောက်မှ"

ရှင်မင်း သူများအခန်းထဲ ဖြတ်ပြေးရင်း အမောတကော ဝရန်တာဆီသို့ အသည်းအသန်ပြေးသည်။ ရှင်မင်း ဘာဖြေရှင်းချက်မှမပေးဘဲ မှန်တံခါးကို တွန်းဖွင့်ကာ ဝရန်တာသို့ ထွက်သည်။

ထို့နောက် ဝရန်တာလက်ရန်းကို ခွကျော်ကာ ကွန်ကရစ်နှုတ်ခမ်းစွန်းကိုနင်း၊ စတီးလက်ရန်းကို အားပြု၍ သူ့အခန်း ဝရန်တာသို့ ကူးလေသည်။ ရှင်မင်း အောက်ကို ငုံ့မကြည့်ဖြစ်အောင် စိတ်ထိန်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းလက်ရန်းကို ပြန်ခွကျော်တက်ပြီး ဝရန်တာပေါ် ခြေချလိုက်သည်။ ထိုအခါမှပဲ ရှင်မင်း အမောဖြေကာ အသက်ဝဝ ရှူနိုင်တော့သည်။

“ဟူး. . သရဲတော့ မျက်စိလည်သွားလောက်ပြီ. . တော်ပါသေးရဲ့”

ရှင်မင်း သူ့အတွေးနှင့်သူ ပြုံးလိုက်မိသည်။ သို့သော် သူမ၏ စွန့်စားခန်းက မပြီးသေး၊ သူ့အခန်းမှ မှန်တံခါးကို အားစိုက်တွန်းဖွင့်ရပြန်သည်။ မှောင်မည်းနေသောအခန်းထဲ မီးခလုတ်ကိုအရင်ရှာရသည်။ စမ်းတဝါးဝါးနှင့် လိုက်စမ်းရင်း မီးခလုတ်တွေ့သွား၏။

‘ချောက်’ဆိုသောအသံနှင့်အတူ တစ်ခန်းလုံးအလင်းရောင်ဖြာသွားမှ အနည်းငယ်အကြောက်ပြေသွားသည်။ အခန်းထဲ မျက်စိဝေ့ဝဲကြည့်သည်။ နှစ်ယောက်ထိုင် ဆက်တီရှည်ပေါ်တွင် ခေါင်းအုံးတစ်လုံးတွေ့၏။ သူတင်ထားတာ မဟုတ်တာတော့ သေချာသည်။ ရှင်မင်း ဆိုတာ တကယ့်ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးဆိုတော့ ကိုယ့်အိပ်ရာကိုယ်တောင် ဘယ်တော့မှမသိမ်း၊ ခြင်ထောင်မသိမ်း၊ စောင်မခေါက်၊ အဝတ်အစားတွေ လုံးထွေးပုံထားတတ်သူဖြစ်သည်။

ခုတင်ပေါ်မှ ခေါင်းအုံးကို တကူးတကယူကာ ဆက်တီပေါ် တင်ထားမည့် လူစားမျိုးမဟုတ်. . ၊ သို့သော်လည်း စိတ်ထဲမှာတော့ မသေမချာဖြစ်နေသည်။ အိပ်ရင်း တီဗွီကြည့်ဖို့ ယူခဲ့မိလေသလားဆိုတာ ပြန်တွေးမရ ဖြစ်နေ၏။ သူ့အကြည့်က နံရံဆီသို့ ရောက်သွားပြန်သည်။ နံရံတွင် justin bieber, Demi Lovato, Nicki Minaj ပုံများသို့အရောက် ရှင်မင်း မျက်လုံးပြူးသွားသည်။

“ဟင် Nicki Minaj ပုံက ဘာဖြစ်လို့ အဆိုတော်နန်းမြင့် ဖြစ်သွားတာလဲ”





ရှင်မင်း ဇဝေဇဝါဖြစ်ပြီး ထိုပုံကို ကြည့်လိုက်သည်။ အနားရောက်တော့လည်း Nicki Minaj ပဲ ဖြစ်နေပြန်သည်။

“ဘာလဲဟ. . ငါပဲစိတ်စွဲပြီး မျက်စိမှားတာလား”

ရှင်မင်း မကျေမနပ်နှင့် ခုံပေါ်ထိုင်ချလိုက်သည်။

ဖင်နှင့်ဆိုဖာ တစ်သားတည်းဖြစ်သွားသည်နှင့် ဝုန်းခနဲဆိုသလို သူမရှေ့တည့်တည့်ရှိ တီဗွီဖန်သားပြင်က အလိုလိုပွင့်လာလေသည်။

“ညီမလေးက မော်ဒယ်တစ်ယောက်ဖြစ်ဖို့ အရည်အချင်းမမှီဘူးဆိုတော့ စိတ်မကောင်းမဖြစ်ပါနဲ့. . ”

“အမလေး. . ဘာတွေလဲ”

တီဗွီတွင် မော်ဒယ်အကယ်ဒမီက ပြသလို့နေသည်။

“အဲဒါကြောင့် အမတို့ ဒိုင်လူကြီးတွေ ခေါင်းချင်းဆိုင်ပြီးမှ ညီမကို ဖြုတ်လိုက်ရတာ. . စိတ်မကောင်းပါဘူးကွယ်”

“ဘာတွေလဲဟ. . ငါမဖွင့်ဘဲနဲ့ ဘာလို့တီဗွီပွင့်လာရတာလဲ”

ရုတ်တရက် ပွင့်လာသော တီဗွီကြောင့် ရှင်မင်း ထိုင်နေရာမှ ထလိုက်ရသည်။ နောက်က တကောက်ကောက်လိုက်နေသော သရဲက သူ့အိမ်ထဲရောက်နေပြီလား။ အခန်းထဲ တစ်နေရာရာမှ သရဲမ ထွက်လာလေမလား ကြောက်လန့်ကာ ဝေ့ဝဲကြည့်နေမိသည်။

အကြောက်ပြေသွားမှ ဆိုဖာပေါ် ပြန်အထိုင်တွင်. .

“ငါ့လက်က ပြေးလို့မလွတ်ပါဘူး၊ နင့်ကိုသတ်မယ်. . နင့်ကို သတ်မယ်”

“အမလေး. . ”

တီဗွီက လိုင်းပြောင်းသွားခြင်းဖြစ်သည်။ သရဲကားများ ပြသနေသော မြဝတီ Movie သို့အလိုလိုပြောင်းသွား၏။ ရှင်မင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်နှစ်ဘက်ဖြင့်အုပ်ရင်း. .

"မခြောက်ပါနဲ့ရှင်. . ကျွန်မကို လိုက်မခြောက်ပါနဲ့တော့"

သည်တွင် တင်ပါးအောက်မှ ခိုးလုခုလု ဖြစ်နေတာကို သတိပြု မိသွားသည်။ စိတ်ရှုပ်ရှုပ်နှင့် နှိုက်ကြည့်လိုက်ရာ တီဗွီရိမု(ဒ်) ပေါ် တက်ထိုင်ထားမိမှန်းသိသွားမှ ရှင်မင်း ငိုအားထက်ရယ်အား သန်သလို ဖြစ်ရလေ၏။

"ဟီးဟီး. . ဟီးဟီး. . ငါ့နှယ့်နော်. ."

တစ်ယောက်တည်း ကြိတ်ရယ်မိရင်း သရဲခြောက်တာထက် ကိုယ့်စိတ်ကိုယ်ခြောက်နေတာက ပိုဆိုးမှန်း သိလိုက်ရသည်။

"အဟင်းဟင်း ဒီသရဲမ ငါ့အခန်းကို မမှတ်မိတော့ဘူး. ."

ရှင်မင်း စိတ်ပေါ့ပါးသွားပြီး ရဲရဲဝံ့ဝံ့ထကာ အဝတ်အစားတွေ ချွတ်ချလိုက်သည်။ သရဲကြောင့် တစ်ကိုယ်လုံးချွေးစေးတွေ ထွက်နေသည့်အတွက် ခေါင်းလျှော်ရေချိုးဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော် တစ်ယောက်တည်းနေသော အခန်းထဲ ရေချိုးခန်းထဲဝင်ဖို့ ကြောက်နေသေးသည်။

ရေချိုးခန်းမီးဖွင့်ကာ ခေါင်းကိုအရင်ဝင်ကြည့်သည်။ ရှင်းမှ အိမ်ရှေ့ဧည့်ခန်းမှ ထိုင်ခုံများဆီ လှမ်းကြည့်ရသေးသည်။ သရဲမထိုင်နေတာတို့ အရိပ်အရောင်တို့ မတွေ့မှ. . ရေချိုးခန်းထဲဝင်ခဲ့လိုက်၏။ ကျောပြင်ပြောင်ကြီးဖြစ်နေ၍ နောက်ကျောမလုံလည်း ဖြစ်ရသေးသည်။

ရှင်မင်း အရင်ဆုံး ခေါင်းလျှော်ပစ်လိုက်သည်။ လက်ထဲ ခေါင်းလျှော်ရည်ဗူးမှ ရှန်ပူကို အများကြီးထည့်လိုက်သည်။ တစ်ခေါင်းလုံး ရှန်ပူအမြှုပ်တွေနှင့် ဖွေးဖွေးလှုပ်နေမှ ဦးရေပြားအထိ ကုတ်ခြစ်ပြီး သန့်ရှင်းရေးလုပ်ရသည်။ ရေချိုးခန်းထဲ တင်ပလင်ခွေထိုင်ချရင်း





ခေါင်းကိုစိန်ပြေနပြေ ကုပ်နေလေ၏။

ထိုသို့လုပ်နေစဉ် ကုပ်ပိုးအောက်မှ လက်တစ်ဖက် ထိုးဝင်လာတာကို ရှင်မင်း သတိမပြုမိပေ. ။ ထိုလက်က ရှန်ပူအမြှုပ်များကြားထဲတိုးဝင်ကာ ရှင်မင်း ဆံပင်တွေကို ကူကုတ်ပေးနေ၏။

ခေါင်းပေါ်ပိုနေသော လက်တစ်ဖက်ကို သွားထိမိ၍. . ရှင်မင်း အသည်းတအေးအေး ဖြစ်သွားရသည်။ ခေါင်းပေါ် လက်သုံးချောင်းဖြစ်နေသော စိတ်ခံစားချက်ကြောင့်. . ရှင်မင်း ထိုလက်ကို လှမ်းဖမ်းလိုက်၏။ သို့သော်. . ထိုလက်ကိုမမိတော့. . ခေါင်းပေါ်မှ ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

ရှန်ပူအမြှုပ်များနှင့် ဆံပင်တွေကို သပ်တင်ရင်း ရေချိုးခန်းထဲ လှည့်ပတ်ကြည့်သည်။ သံသယဖြစ်စရာ ဘာကိုမှ မတွေ့ရသလို ကြက်သီးကလည်း တဖြန်းဖြန်းထလာလေပြီ။

"အမလေး. . သရဲမက ရေချိုးခန်းထဲအထိပါ လိုက်လာနေပါလား"

ခေါင်းကို ရေအမြန်လောင်းချိုးပစ်လိုက်သည်။ ရေချိုးအပြီး ရှင်မင်း တီဗွီရှေ့တွင်ထိုင်ကာ တစ်ချက်သမ်းလိုက်ရင်း နံရံကိုခေါင်းမှီလိုက်၏။

"ဘာတွေဖြစ်နေတာပါလိမ့်၊ ငါပဲ ကံနိမ့်နေလို့လား"

တွေးရင်း ရှင်မင်း မျက်လုံးမှိတ်ကာ အနားယူနေလိုက်၏။ ရင်ထဲလည်း ငိုချင်သလိုလိုကြီး. ။ ထိုအချိန်တွင် မိန်းမတစ်ယောက် မျက်နှာကြက်တွင် ဇောက်ထိုးကြီးရပ်နေလေ၏။

ထိုမိန်းမ၏ ဆံပင်များက အောက်သို့ရှည်လျားစွာကျနေပြီး ရှင်မင်းခေါင်းမှ ဆံပင်တို့နှင့် သွားရောက်ထိစပ်နေသည်။

ရှင်မင်း မျက်လုံးပွင့်လာတော့ ဆံပင်တွေ ခြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့သတိရပြီး မျက်နှာသုတ်ပုဝါနှင့် သုတ်လိုက်ရာ ဆံပင်တွေ ထောင်နေတာ သိလိုက်ရ၏။ အံ့အားသင့်ပြီး မော့ကြည့်လိုက်စဉ်. .

"အမလေး. . သရဲ. . သရဲ"

ဒီတခါတော့ ရှင်မင်း မပြေးရဲသေး. . ၊ မျက်နှာကို လက်နှင့် ကွယ်ရင်း ခေါင်းကလေးပုနေလိုက်သည်။ ခနနေတော့ ဆံပင်တွေ ဘုတ်ခနဲ ပြန်ကျလာမှ. . ရှင်မင်း ခေါင်းကလေးပြူကာ မော့ကြည့်မိသည်။ မျက်နှာကြက်တွင် ဆံပင်ရှည်ကြီးနှင့် မိန်းမက ရှိမနေတော့။

ဒီလို အထိတ်တလန့် ဖြစ်နေရတာကို ရှင်မင်း စိတ်တိုလာသည်။ ရှင်မင်း ထိုင်ရာမှ ထလိုက်စဉ်. . .

". . တင်တီ. . တင်တီ. . တင်. . တင်. . တီ. ."

ဖုန်းခေါ်သံထွက်လာ၍ ရင်ထဲဒိတ်ခနဲဖြစ်သွား၏။ မန္တလေးမှ အမေတို့ဆက်ခြင်းဖြစ်၍ ကျေနပ်လောက်အောင် စကားပြောရပြန်သည်။ အမေတို့ မအား၍ မလာနိုင်သေးကြောင်း. . သိရသလို၊ ရှင်မင်းကလည်း အိပ်မက်ဆုံရာပြိုင်ပွဲဝင်ဖို့ လျှောက်လွှာတင်လိုက်ပြီဖြစ်ကြောင်း အသိပေးလိုက်၏။ အမေတို့ကတော့ ဘာပဲဖြစ်ဖြစ် ဆက်လုပ်ဟု အားပေးသည်။

ဖုန်းပြောအပြီးတွင် ရှင်မင်း Facebook ကွန်ရက်ထဲ ခဏဝင်ကြည့်လိုက်၏။ ကမ္ဘာအနှံ့ ဆန္ဒပြပွဲသတင်းတွေသာ လွှမ်းမိုးနေသည်။

ရှင်မင်း အတင်းအဖျင်းတွေကို စိတ်ဝင်တစားကြည့်ရှုနေခိုက် သူ့ထိုင်ခုံကျောမှီပေါ်သို့ မိန်းမတစ်ယောက် တက်ထိုင်လာသည်ကို မသိလိုက်ပေ။ ထိုမိန်းမက ရှင်မင်းနှင့်အတူ Facebook ကြည့်နေလေသည်။

နာရီဝက်လောက် စပ်စုကြည့်ရှုပြီး အာရုံနောက်လာသဖြင့်





ကွန်ပျူတာကို ပိတ်လိုက်၏။ ရှင်မင်း အညောင်းဆန့်လိုက်သည့်လက်ကို. . ထိုမိန်းမက မထိအောင် သတိကြီးကြီးနှင့် ရှောင်လိုက်ရသေးသည်။

ရှင်မင်း ခုံမှ ရုတ်တရက်ထလိုက်၍. . ထိုင်ခုံကျောမှီပေါ် တက်ထိုင်နေသော မိန်းမမှာ ဟန်ချက်မညီဖြစ်သွားပြီး ခုံရောသူမပါ နောက်သို့လဲကျသွားလေသည်။

"ဒုန်း. "

"အမလေး. . လန့်လိုက်တာ"

နဂိုကမှ အသည်းငယ်နေရသည့်ကြားထဲ ထိုင်ခုံက ရှင်မင်း ထလိုက်သည်နှင့် သူ့အလိုလို နောက်ပြန်လဲကျသွားသောကြောင့် ထခုန်ရင်း လက်ဖြင့်ရင်ကို ဖိထားလိုက်ရသည်။

သူ တွန်းလိုက်တာ မဟုတ်ဘဲ သူ့အလိုလို လဲကျသွားသော ထိုင်ခုံကို ရှင်မင်း အထိတ်တလန့် ကြည့်မိပြန်သည်။ လဲကျနေသော ခုံကိုသာ ရှင်မင်းမြင်၏။

ခုံကိုပြန်ထောင်ရန် လက်လှမ်းလိုက်စဉ် ခုံက သူ့အလိုလို ပြန်လည်ထောင်မတ်လာ၏။

"အမလေး. . သရဲ. . သရဲ"

ဒါကိုမြင်ပြီး အလွန်အမင်းထိတ်လန့်သွားသည့် ရှင်မင်း ကြောက်လန့်တကြားအော်ဟစ်ကာ အခန်းထဲမှ ထွက်ပြေးလာခဲ့တော့သည်။

ခြေထောက်က ပြေးနေသော်လည်း ဘယ်သွားလို့ သွားရမှန်းမသိ။ ခြေလွတ်လက်လွတ်ထွက်လာခဲ့သည်မို့ ပိုက်ဆံကလည်း တစ်ပြားမှ ပါမလာပေ။

ရှင်မင်း ရိုးရိုးလှေကားမှ ဒရောသောပါး ပြေးဆင်းလာရင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီညရှေ့ရေးကို ဘယ်လိုဆက်စခန်းသွားရမလဲဆိုတာ တွေးလာခဲ့သည်။ နောက်က သရဲမ လိုက်လာသေးလားဆိုတာလည်း မကြာခဏ လှည့်ကြည့်ရသေး၏။

မန္တလေးသူတစ်ယောက် ရန်ကုန်ညတစ်ညမှာ ဒုက္ခရောက်နေတာ၊ ဘယ်သူ့ကို အားကိုးရမှန်း မသိဖြစ်နေတာ. . ဘယ်သူမှ မသိလိုက်ကြ။ အဖြစ်က သရဲခြောက်ခံရမှု ဖြစ်နေ၍ ရဲတိုင်လို့လည်း မရနိုင့် ရှင်မင်း အားကိုးရာမဲ့နေသည်။ နောက်ဆုံးတော့ ဦးမိုးထိမိသားစုကို သတိရသွားသည်။

သွားစရာနေရာကို စဉ်းစားလို့ရသွားပြီဖြစ်၍ ရှင်မင်း ခြေလှမ်းတွေ သွက်လာ၏။ နှစ်ထပ်စာလောက်သာ ကျန်တော့သည့် လှေကားထစ်များကို သုံးလေးထစ်ကျော်ကာ ပြေးဆင်းလာခဲ့သည်။

ဦးမိုးထိတို့အိမ်သို့ ရှင်မင်း အားစိုက်ပြေးသည်။ ဦးမိုးထိအိမ်သို့အရောက် ဆိုင်းသိမ်းတာနှင့်ကြုံနေ၍ အနည်းငယ် စိတ်အေးသွားသည်။ မောကြီးပန်းကြီး ညကြီးအချိန်မတော် ရောက်လာသော ရှင်မင်းအား အရေးတယူကြိုဆိုကာ အမောပြေ အအေးတိုက်၏။ အမောပြေလောက်မှ အကျိုးအကြောင်း မေးကြသည်။

"ဘာဖြစ်လာတာလဲ ရှင်မင်း"

"သရဲ. . သရဲ ခြောက်ခံရလို့ ဦးမိုးရယ်"

"ဟေ"

"ဟုတ်တယ် ဦးမိုး၊ မနေ့ကတည်းက တကောက်ကောက်လိုက်နေတာ၊ ဒီညကျတော့ အခန်းထဲထိပါ ရောက်လာလေရော"

ရှင်မင်းက သရဲနှင့်ကြုံတွေ့ရပုံကို အသေးစိတ်ပြန်ပြောပြလိုက်သည်။ ဦးမိုးထိနှင့် သမီးဇာခြည်တို့ တအံ့တသြ ဖြစ်သွားသည်။

"ဘာမှမကြောက်ပါနဲ့ ရှင်မင်းရယ်၊ ငါတို့နဲ့ လာအိပ်ပါလား"





"ရပါတယ် ဦးမိုးရယ်"

ခေါ်သာခေါ်လိုက်ရသော်လည်း တကယ်လာနေပါက သူမပြောသလို သရဲပါလာမည်ကို စိုးရိမ်ကြသေးသည်။

"သရဲက. . သရဲမ မဟုတ်လား"

"ဟင်. . သမီးက ဘယ်လိုလုပ်သိလဲ"

"ညနေက မမတစ်ခေါက် လာသေးတယ်လေ၊ မမ ဆံပင်ဖြောင့်ပြီးဆက်ထားတာလှလို့ ဆံပင်ကိုကိုင်ကြည့်နေတုန်း. . မမနောက်မှာရပ်နေတဲ့ မိန်းမတစ်ယောက်ကို သမီးတွေ့ရတာ. . တစ်ကိုယ်လုံး ဖြူဖွေးနေတာပဲ"

ရှင်မင်း ပိုလို့ကြောက်သွားသည်။

ထိုစဉ်ကတည်းက ဇာခြည့်စကားကို အလေးထားပြီး တစ်ခုခုကြိုတင်ဆောင်ရွက်ခဲ့လျှင် ဒီလိုအဖြစ်ကြုံရမှာ မဟုတ်ဟုပင် တွေးမိ၏။ ဦးမိုးထိက ဇာခြည့်စကားကို လက်ခံချင်ပုံမရ. . .

"သမီးရယ် ဆံပင်ကိုင်ရုံနဲ့ သရဲကို မြင်ရပ့်မလား မဟုတ်တာတွေ. . "

"အဖေ မယုံရင် ကိုင်ကြည့်ပါလား"

မယုံလျှင် စမ်းကြည့်ဖို့ပြောတော့လည်း ဦးမိုးထိ ရှုံ့တွန့်တွန့်ဖြစ်နေပြန်၏။ ကာယကံရှင် ရှင်မင်းမှာ မျက်နှာငယ်လေးနှင့် ဖြစ်နေသည်။ ဒေါ်အိတုတ်ကလည်း သရဲဆိုသော အသံကြားသည်နှင့် သွေးတက်ချင်သလိုလို ဖြစ်နေပြီ။

"သ. . သမီးကို ကယ်ပါဦး ဦးမိုး"

ဦးမိုးထိက ဘာမှမလုပ်တတ် မကိုင်တတ်သလို အမူအရာနှင့် ကူညီဖို့အရေး တွန့်ဆုတ်နေသည်။

"ဒုက္ခပဲ ရှင်မင်းရယ်. . ဦးမိုးက သရဲနိုင်တဲ့ အထက်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာမှမဟုတ်တာ၊ ပြီးတော့လည်း ဒါက ဦးသမီး သွေးလေခြောက်ချားပြီး မြင်နေတာပဲဖြစ်မှာပါ”

“အဖေမယုံရင် မမဆံပင်ကိုကိုင်ပြီး သူ့နောက်ကျောဘက်ကို ကြည့်ကြည့်ပါလား”

ဇာခြည်က ကလေးပီပီ အခြေအနေကို နားမလည်ဘဲ အလိုက်ကမ်းဆိုးမသိ ဝင်ပြောသည်။

“ဟာ. . မကြည့်ချင်ပါဘူး”

“အဖေ ကြောက်နေပြီမဟုတ်လား၊ ယောကျ်ားရင့်မကြီးဖြစ်ပြီးတော့. . .”

သမီးဖြစ်သူရှေ့မှာ ယောကျ်ားသိက္ခာကျမှာ စိုး၍လားတော့မသိ၊ ဦးမိုးထိ အမူအရာပြောင်းသွားသည်။ သမီးကို ထိမထင်ဟန်နှင့် ကြည့်ပြီး. .

“အဖေက ဘာကိစ္စကြောက်ရမှာလဲ၊ သရဲဆိုတာ တကယ်မရှိလို့. . ကြောက်ကိုမကြောက်တာ”

“ဒါဆို မမဆံပင်ကို ကိုင်ကြည့်လိုက်လေ”

စိန်ခေါ်စကားပြောလာသော ဇာခြည်အား စိတ်တိုတိုနှင့်ကြည့်ရင်း ဦးမိုးထိ အခက်တွေ့နေသည်။

“ကဲ. . မမ၊ ဖေဖေ မကြည့်ရဲလည်း သမီးကြည့်ပေးမယ်၊ သရဲပါလာတယ် ဆိုရင်တော့. . မမကိုအိမ်မှာ အိပ်ခွင့်မပေးနိုင်ဘူးနော်”

ဇာခြည်ပြောတာ နည်းလမ်းကျနေသဖြင့် ရှင်မင်း ခေါင်းညိတ်သဘောတူလိုက်သည်။ ဒေါ်အိတုတ်ကတော့ ဘာမှဝင်မပြောဘဲ မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေသည်။

“မမ ဆံပင်ကို ရှေ့ချပေး”





ဇာခြည် ခိုင်းသည့်အတိုင်း ရှင်မင်း သူ့ဆံပင်တွေကို ပခုံးရှေ့ထုတ်ပေးလိုက်၏။ ဆက်ထားသော ဆံပင်တွေက ရင်ညွန့်အောက်နားမှာ ဝဲနေသည်။ စူးစမ်းချင်စိတ်နှင့် ကြောက်စိတ်ဒွန်တွဲနေသော ဇာခြည်လေး၊ တုန်ယင်နေသောလက်နှင့် ရှင်မင်းဆံပင်ကို ထိကိုင်ဖို့ကြိုးစားသည်။

ဦးမိုးထိနှင့် ဒေါ်အိတုတ်က ဇာခြည့်လုပ်ရပ်ကို မျက်လုံးပြူးကြီးများနှင့် စောင့်ကြည့်နေကြသည်။ ဇာခြည်လေး ရှင်မင်း၏ ဆံပင်တစ်ထွေးကို ဆုပ်ကိုင်လိုက်ပြီ။ သို့သော် ကြောက်ကြောက်နှင့်မျက်စိကို မှိတ်ထားသေး၏။

ဇာခြည့်မျက်လုံးတွေ ဖြည်းဖြည်းချင်းပွင့်လာသည်။

ရှင်မင်းနှင့် ဇာခြည်က မျက်နှာချင်းဆိုင် ရပ်နေကြခြင်းဖြစ်သည်။ ဇာခြည် သူ့ခေါင်းကို ညာဘက်သို့စောင်းကာ ရှင်မင်း၏နောက်ကို ကျော်ကြည့်လိုက်သည်။ ဇာခြည့်မျက်လုံးတွေ ပြူးကျယ်သွားပြီး ချက်ချင်းပင် ခေါင်းကိုပြန်တည့်လိုက်သည်။ တစ်ကိုယ်လုံးလည်း ကြက်သေသေနေ၏။

“တွေ့. . တွေ့လား ဇာခြည်”

“တွေ့တယ်. . တွေ့တယ်. .”

ဇာခြည် ခေါင်းကို ဘယ်ဘက်သို့ထပ်စောင်းကာ သေချာအောင် ထပ်ကြည့်ပြန်သည်။ ထိုစဉ်မှာပင် ရှင်မင်း နောက်ကျောမှ သရဲမကလည်း ဘေးထွက်ရပ်လိုက်၍ ဇာခြည် ရှင်းရှင်းလင်းလင်းပင် မြင်လိုက်ရသည်။

“အောင်မလေး. . သရဲ. . သရဲ”

ဇာခြည် ကိုင်ထားသော ရှင်မင်းဆံပင်များအား လွှတ်ချကာ ခုန်ပေါက်ပြေးလွှား၍ သူ့အမေကို ပြေးဖက်တော့သည်။ သားအမိ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ကြောက်လွန်း၍ တုန်တက်နေကြ၏။

"ယောက်. . ယောက်ျားရေ၊ လုပ်. . တစ်ခုခုလုပ်ဦးလေ"

ဇနီးဖြစ်သူက အားကိုးတကြီး တောင်းဆိုလာ၍ ဦးမိုးထိ ဟန်လုပ်သတ္တိမွေးကာ ရှင်မင်းရှေ့တွင် ရပ်လိုက်သည်။

"မကြောက်နဲ့မိန်းမ. . အလကားပါ ဟိုကလေး ပေါက်ကရ ပြောတာ"

"ပြောနေကြသေးတယ်. . ကိုင်ကြည့်လိုက်ပါ အဖေရယ်"

ဇာခြည်က သူ့အမေရင်ခွင်ထဲ ခေါင်းဝှက်ရင်းအော်ပြောသည်။ ဦးမိုးထိလည်း မတတ်သာတော့ဘဲ ရှင်မင်း၏ ဆံပင်ကို လှမ်းကိုင်လိုက်ရတော့သည်။ ဇာခြည်လုပ်သလိုပင် ခေါင်းကိုစောင်းကာ ရှင်မင်းနောက်သို့ မျှော်ကြည့်လိုက်၏။ ထိုသို့ကြည့်လိုက်သည်နှင့်. .

"အာ. . သ. . သ. . သရဲ"

"အဖေ. . ဆံပင်ကို လွှတ်လိုက်လေ"

ဇာခြည်အော်ပြောမှ ဦးမိုးထိ သတိရကာ ရှင်မင်းဆံပင်ကို လွှတ်ချပြီး သူ့မိသားစုထံ ပြေးသွားလေသည်။ ဇနီးနှင့် သမီးလက်ကိုဆွဲပြီး အိမ်ပေါ်ထပ်သို့ တက်ပြေးရင်း. .

"ရှင်မင်း နင့်သရဲ နင်ပြန်ခေါ်သွားတော့. . ."

အားကိုးတကြီးရောက်လာကာမှ နှင်ထုတ်တာနှင့်ကြုံရ၍ ရှင်မင်း မကြုံစဖူး အားငယ်သွားရသည်။ ဘာကြောင့် ဒီသရဲမက သူ့နောက်တကောက်ကောက် လိုက်နေရသလဲဆိုတာ တွေးမိတော့ သရဲမအပေါ် အကြီးအကျယ် ဒေါသဖြစ်မိသည်။ ဦးမိုးထိတို့ မိသားစု အိမ်ပေါ်တက်သွားပြီဖြစ်၍ အောက်မှာ သူနှင့်သရဲမသာ ကျန်ရစ်ခဲ့တာ သတိရပြီး ရှင်မင်းဖျားချင်သလိုပင် ဖြစ်လာသည်။

"ဘုတ်"





ထိုစဉ် ပုခုံးပေါ်သို့ တစ်စုံတစ်ခုလာတင်သော အထိအတွေ့ကြောင့် မလှုပ်ရဲအောင် ဖြစ်နေသည်။ ပြီးမှ ဖြည်းဖြည်းချင်း ပခုံးကို ကျော်၍ စောင်းငဲ့ကြည့်မိ၏။ ဖြူဖြူဖွေးဖွေး လက်တစ်ဖက်ကို မြင်လိုက်ရ၍ အသည်းတုန်အူတုန် ဖြစ်သွားသည်။ သရဲလက်မှ လွတ်အောင် ကိုယ့်အားကိုယ်ကိုးရတော့မည်မှန်း သိပြီး လွတ်မြောက်ရေးလမ်းစကို ရှာကြည့်သည်။

ဆိုင်ဆက်မသိမ်းဘဲ အပေါ်တက်သွားသော ဦးမိုးထိတို့ မိသားစုကြောင့် စတိုးဆိုင်ထဲ၌ ပစ္စည်းများက ရှုပ်ပွနေဆဲ၊ မလှမ်းမကမ်း ရှိုးကေ့(စ်)ပေါ်မှ အိမ်သုံးကတ်ကျေး တစ်လက်ကို ရှင်မင်းတွေ့သွားသည်။ ဒါက သရဲနိုင်သည့်လက်နက် မဟုတ်သော်လည်း ဘာမှမရှိတာနှင့်စာလျှင် ကတ်ကြေးလည်း ကတ်ကြေးအလျှောက်တော့ အသုံးဝင်မည်မို့ အရယူဖို့ ဆုံးဖြတ်လိုက်သည်။

နောက်ကို တစ်ချက်စောင်းငဲ့ကြည့်ရင်း အလစ် ရှိုးကေ့(စ်)ပေါ်မှ ကတ်ကြေးကို လှမ်းယူလိုက်သည်။ သို့သော် ကတ်ကြေးက သူ့လက်ထဲပါမလာ၊ ရှိုးကေ့(စ်)ပေါ်မှ ပြုတ်ကျသွားပြီး ကြမ်းပြင်ပေါ်မှာ လျှောတိုက်ရွေ့သွားကာ ရှင်မင်းနှင့် ခပ်လှမ်းလှမ်းထိ ရောက်သွား၏။

ကတ်ကြေးက ဖြူဖွေးနေသော ခြေတစ်ထောက်တစ်စုံရှေ့တွင် ရပ်တန့်သွားသည်။ ရှင်မင်း လှမ်းကြည့်လိုက်ရာ သူ့ကို ပြုံးပြနေသော သရဲမကို တွေ့ရလေသည်။

အသေအချာမြင်တွေ့ရတော့လည်း သရဲမတစ်ကိုယ်လုံး ဖြူစုပ်စုပ် ဖြစ်နေတာကလွဲပြီး ကြောက်စရာမကောင်းဘဲ ရောဂါသည်နှင့် တူနေ၏။ ပြီးတော့ မြင်ဖူးသလိုလိုလည်းရှိ၏။ ဘယ်မှာမြင်ဖူးသလဲဆိုတာ ထူပူနေ၍ စဉ်းစားလို့မရ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေထက် ပိုအရေးကြီးတာက ကတ်ကြေးကို အရယူဖို့ ဖြစ်သည်။ သရဲမကိုတစ်လှည့် ကတ်ကြေးကိုတစ်လှည့် ကြည့်ရင်း အလစ်အငိုက်ဖမ်းကာ ကတ်ကြေးဆီ ခုန်အုပ်လိုက်သည်။

ရှင်မင်း ကြမ်းပေါ်ပစ်ကျသွားတာပဲ အဖတ်တင်သည်. . ကတ်ကြေးက ရွှေ့သွားပြန်သည်။

ကြောက်စရာ ပုံသဏ္ဍာန်မရှိသော သရဲမက အောင်နိုင်သူတစ်ယောက်လို ရင်ကော့ခေါင်းမော့ပြီး သူ့ကိုပြုံးကြည့်နေလေ၏။ မထီတရီ ထိုပုံစံကိုကြည့်ပြီး ရှင်မင်း မခံချင်စိတ်တွေ ရုန်းကြွလာသည်မို့ နောက်လက်နက်တစ်ခုခု တွေ့လိုတွေ့ငြား အခန်းထဲဝေ့ဝဲကြည့်ကာ ရှာမိသည်။

အောက်ထပ်တွင် လှုပ်ရှားသံများ ကြားနေရ၍ ရှင်မင်းမပြန်သေးဘူးဆိုတာ သိနေသော်လည်း ဦးမိုးထိတို့ ဘယ်သူမှအောက်မဆင်းရဲဘဲ ဖြစ်နေ၏။

ရှင်မင်း အနီးအနားရှိ စင်တစ်ခုပေါ်တွင် လွှ၊ ဆောက်၊ ပလာယာ၊ ဝက်အူလှည့်တိုကို တွေ့သွားသည်။ ဘာမှမတွေးမနေတော့ဘဲ လဲနေရာမှကုန်းထကာ ထိုစင်သို့ ပြေးသွားလိုက်သည်။ လက်လှမ်းသင့်ရာ လွှတစ်ချောင်းကို ဆွဲယူပြီး သရဲမဘက်လှည့်ကာ ရင်ဆိုင်လိုက်၏။

ထိုစဉ် ရှင်မင်းလက်ထဲမှလွှက တဆတ်ဆတ် တုန်ခါလှုပ်ရမ်းလာသည်။ တဖြည်းဖြည်းနှင့် ခါရမ်းလာတာ အားပြင်းလာ၍ လွှကို တည်ငြိမ်အောင်ကိုင်ထားဖို့ ကြိုးစားရတာ အားကုန်ပင်ပန်းလာသည်။ တစ်ကိုယ်လုံးလည်း ကျင်စက်နှင့် အတို့ခံနေရသလို အသည်းတုန်အူတုန် ဖြစ်နေလေ၏။

မခံနိုင်တော့သည့်အဆုံး လွှကိုလွှတ်ချလိုက်ရတော့သည်။





သရဲက တန်ခိုးနှင့် သူ့ကိုခြောက်လှန့် ပညာပေးနေပြီမို့ ရှင်မင်း ဆောက်တည်ရာမရ ဖြစ်လာသည်။

ယှဉ်ပြိုင်အနိုင်ယူဖို့မဖြစ်နိုင်တာ သဘောပေါက်သွားချိန်တွင် ရှင်မင်း ထွက်ပြေးဖို့သာ ကြိုးစားတော့သည်။ သို့သော် ရှင်မင်း အပေါက်ဝမရောက်ခင် သရဲမက တံခါးဝတွင် ကြိုရောက်နေ၏။

အပြင်ထွက်လို့မရရင် အပေါ်တက်ပြေးမည် စိတ်ကူးပြီး အပေါ်တက်သော လှေကားဆီသို့ ရှင်မင်းပြေးပြန်သည်။ လှေကားအရောက်တွင် လှေကားထိပ်၌ မော်ဒယ်(လ်)တစ်ယောက်လို လှလှပပ စတိုင်နှင့်ထိုင်နေသော သရဲမကို တွေ့လိုက်ရသည်။

သူ့ အတွေးတွေကို ကြိုသိနေသော သရဲမအား ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်မှန်း သိလာသည့် ရှင်မင်းမှာ ကြောက်စိတ်ပျောက်သွားကာ ဒေါသူပုန်ထလာတော့၏။

ကြောက်ပြီး အားသွန်ပြေးခဲ့သည်မို့ အရှိန်မထိန်းနိုင်ဘဲ စင်ကိုဝင်တိုက်မိကာ ပစ္စည်းတွေပြုတ်ကျကုန်သည်။ ပြန့်ကျဲသွားသော လက်သမားသုံးပစ္စည်းများထဲမှ ဆောက်တစ်ခုနှင့် တူတစ်လက်ကို ကောက်ယူကာ သရဲမအား ရင်ဆိုင်လိုက်သည်။

သရဲမက အလေးမထားဟန်နှင့် လှေကားမှ ကြွကြွရွရွလေး ဆင်းလာသည်။ ကြမ်းပေါ်အရောက်တွင် လမ်းမလျှောက်ဘဲ တရွတ်တိုက် ရွေ့လျားလာကာ ရှင်မင်းအနားသို့ ချက်ချင်းရောက်လာတော့၏။

ရှင်မင်းလည်း ဒေါသဖြစ်ဖြစ် အမြင်ကတ်ကတ်နှင့် ဆောက်ကိုသုံးကာ အားကုန်လှမ်းထိုးလိုက်သည်။ ဖြစ်ချင်တော့ ပြန့်ကျဲနေသော ပစ္စည်းများထဲမှ ဝက်အူလှည့်တစ်ခုကို တက်နင်းမိပြီး ပက်လက်လဲကျသွား၏။ သူ လဲကျမည့် နေရာတည့်တည့်တွင် လွှတွေ၊ ဝက်အူ



www.burmeseclassic.com

www.burmeseclassic.com



လှည့်တွေ တစ်ပုံကြီးရှိနေသလို. . တချို့က ထောင်နေ၏။

လဲအကျတွင် ထောင်နေသည့် ဝက်အူလှည့် စိုက်ဝင်သွား လျှင် တစ်ခါတည်း ပွဲချင်းပြီးသွားမှာ အသေအချာပင် ဖြစ်သည်။

ဒီတစ်ခါတော့ သေပြီဟုတွေးရင်း ရှင်မင်း မျက်စိစုံမှိတ်ထား လိုက်၏။

"အား. ."

သို့သော် ပြုတ်မကျဘဲ လေထဲမှာရပ်သွားသလို ဖြစ်နေ၍ အံ့သြပြီး မျက်လုံးဖွင့်ကြည့်မိသည်။ ထိုအခါမှ ရှင်မင်း ရင်သိမ့်တုန် ဖြစ်သွားရသည်။ ထောင်နေသည့် ဝက်အူလှည့် တစ်ချောင်းက သူ့လည်ပင်းနှင့် တစ်ပေလောက်သာ ကွာတော့သည်ကို တွေ့လိုက် ရ၍ဖြစ်သည်။ သူ့ဆံပင်တွေကို သရဲမက နောက်မှဆွဲထား၍သာ ဝက်အူလှည့်ပေါ် ပြုတ်မကျသေးတာ ဖြစ်သည်။

ဦးရေပြားဆီမှ အသည်းခိုက်အောင် နာကျင်နေတာ အောင့်အည်းသည်းခံရင်း လွှတ်မချလိုက်ဖို့ သရဲမအား တောင်းပန် တော့သည်။

"အား. . အီး. . လွှတ်. . လွှတ်မချလိုက်နဲ့နော်"

"အဲဒါတော့ အာမ,မခံဘူး။ ညောင်းလာရင်တော့ လွှတ်ချရ မှာပဲ"

သရဲနှင့် အပြန်အလှန် စကားပြောခွင့်ရနေသည့်အတွက် လည်း ရှင်မင်းတအံ့တသြ ဖြစ်နေမိသည်။ တခြားသူတွေ အကောင် အထည်မြင်ရဖို့ ဆံပင်ကိုင်ကြည့်မှ တွေ့ရချိန်မှာ သူက အလွယ်တကူ မြင်နေရသည်။ ထို့ပြင် အပြန်အလှန် စကားပြောဆိုလို့လည်း ရနေ သဖြင့် ကြောက်စိတ်လည်း တဖြည်းဖြည်းလျော့သွား၏။

သူ့နောက် ဘာလို့ တကောက်ကောက်လိုက်နေသလဲဆို





တာ မေးကြည့်ချင်သော်လည်း. . လက်ရှိအနေအထားက သရဲမတို့ ချော့မော့ကာ အောက်ကျို့မှ အသက်ရှင်မည့် အခြေအနေမျိုးဖြစ် နေသည်။

"မလုပ်. . မလုပ်ပါနဲ့ရှင်၊ ကျွန်မ မသေချင်သေးလို့ပါ လွှတ် မချလိုက်ပါနဲ့နော်"

"လွှတ်မချစေချင်ရင်. . ကျွန်မတောင်းဆိုတာတွေ လိုက် လျောရမယ် ဘယ်လိုလဲ"

ရှင်မင်း လက်ထဲမှပစ္စည်းများကို လွှတ်ချလိုက်ပြီး ကြမ်းပြင် တို့ လက်ထောက်ရန်ကြံလိုက်စဉ်မှာတော့. . . ထိုလက်များက လှုပ် ၍မရတော့. .။ ထို့ကြောင့်. . .

"လုပ်ပေးမယ်. . လုပ်ပေးမယ်၊ အား. . နာလှပြီ"

"ရှင့်အိမ်မှာ ကျွန်မလိုက်နေချင်တယ်"

"ဟင်. . မ. . မဖြစ်ဘူး၊ မနေနဲ့ ကြောက်တယ်"

သရဲမက ဆံပင်ကိုင်ထားတာကို လျှော့ချလိုက်သဖြင့် ဝက် အူလှည့်နှင့် ခြောက်လက်မအကွာလောက်ကို နီးကပ်လာသည်။

သေရမှာ တအားကြောက်မိသဖြင့် ရှင်မင်းက. .

"အဲ. . အဲ. . နေ. . နေပါ၊ လွှတ်. . လွှတ်မချလိုက်နဲ့နော်"

"နေဦး. . မပြီးသေးဘူး၊ နောက်ပြီး ကျွန်မကို ကူညီရမယ်၊ ကျွန်မခိုင်းတာမှန်သမျှ လုပ်ပေးရမယ်"

"ဟင်. . အဲဒါတော့ မလွန်ဘူးလား"

"လွန်တယ် ဆိုရင်လည်း. ."

သရဲမက ဆုပ်ကိုင်ထားသော ဆံပင်များကို ထပ်မံလျှော့ချ လိုက်ပြန်သည်။ ဝက်အူလှည့်ထိပ်ချွန်နှင့် သုံးလက်မလောက်သာလို တော့သည်မို့ ရှင်မင်း အလန့်တကြားအော်ဟစ်ကာ ကတိပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတော့၏။

"အား. . မလုပ်နဲ့၊ လွှတ်မချလိုက်နဲ့ ဝက်အူလှည့် စိုက်ဝင်သွားရင် သေမှာပေါ့. ."

"ဒါဆို. ."

"အဲ. . အင်း. . အိမ်မှာလည်းနေပါ၊ ခိုင်းသမျှလည်း လုပ်ပါ့မယ်၊ အကူအညီလည်း ပေးပါ့မယ်"

"သေချာတယ်နော်"

"သေချာပါတယ်ရှင် တကယ်ပါ ကတိပေးပါတယ်. . နာလှပြီရှင့်"

ရှင်မင်း၏ကတိစကားကို လက်ခံယုံကြည်သွားဟန်နှင့် သရဲမက ရှင်မင်းအားတွဲထူကာ ဆံပင်ကိုလည်း လွှတ်ပေးလာသည်။ ကိုယ့်ခြေနှစ်ချောင်းပေါ် မတ်မတ်ပြန်ရပ်နိုင်တော့မှပဲ ရှင်မင်း သက်ပြင်းချကာ အသက်ဝဝ ရှူရဲတော့၏။

"ဒါဆို ရှင့်ရဲ့အခန်းကို ပြန်ကြမယ်လေ"

"ရှင် ကျွန်မကိုမခြောက်ပါဘူးလို့ ကတိပေးမလား"

"ကျွန်မက ရှင့်ကိုခြောက်နေလို့လား၊ ရှင့်ဘာသာ ကြောက်နေတာလေ"

ထိုင်ရာမှထပြီး အပေါ်ထပ်သို့ လှမ်းအော်ကာ နှုတ်ဆက်လိုက်၏။

"ဦးမိုး. . သမီးပြန်ပြီနော်၊ ပါလာတဲ့ သရဲကိုလည်း သမီးပြန်ခေါ်သွားတယ်. . သိလား"

အပေါ်မှ တုန့်ပြန်စကားသံ မကြားရသော်လည်း ရှင်မင်း စောင့်မနေတော့ဘဲ ဆိုင်ထဲမှ ထွက်လာခဲ့၏။ သရဲမကလည်း ရှင်မင်းနှင့်အတူ ယှဉ်လျက်လျှောက်ရင်း လိုက်လာသည်။ အချိန်ကလည်း





ဆယ်နာရီကျော် ဆယ့်တစ်နာရီနီးနီး ရှိနေပြီမို့ လမ်းပေါ်မှာ လူသွားလူလာ များများစားစား မရှိတော့. .။

ညကြီးအချိန်မတော် သရဲနှင့်အတူ လမ်းလျှောက်ထွက်ရသည့် အရသာကို ရှင်မင်း မနှစ်သက်လှပါ။ ကျောရိုးတစ်လျှောက် စိမ့်တက်လာသည့် ကြောက်စိတ်ကြောင့် ကြက်သီးဖြန်းဖြန်း ထနေမိသည်။

ကိုယ့်ကို တစ်ခုခုလုပ်လိုက်လေမလား အတွေးနှင့်လည်း လုံခြုံမှု မရှိသလို ခံစားနေရသည်။ ထိုအခိုက် တစ်ယောက်ထဲ လမ်းလုံးပြည့်လျှောက်လာသော အမူးသမားတစ်ယောက်နှင့်ဆုံသည်။

အမူးသမားက ရှင်မင်းကိုပဲ မြင်ဟန်တူသည်။

"အဟဲ. . ညီမလေး တစ်ယောက်ထဲလား ဘယ်သွားမလို့လဲ. . ကိုကြီးလိုက်ပို့ပေးမယ်. . လေ. . ဟဲ. . ဟဲ. . ဟဲ"

ရှင်မင်း အမူးသမားကို ရှောင်ထွက်၍ ဆက်လျှောက်သည်။ အချိန်မတော် လမ်းပေါ် လူရှင်းခိုက် မိန်းကလေးတစ်ယောက်တည်း တွေ့၍ အခွင့်ကောင်းတစ်ရပ်ဟု ငမူး ယူဆလေသည်လားမသိ. . အတင့်ရဲကာ ရှင်မိုးလက်ကို လှမ်းဆွဲသည်။ ရှင်မိုး ဆောင့်ရုန်းသော်လည်း အင်အားခြင်းမမျှဖြစ်ပြီး ငမူးရင်ခွင်ထဲ ရောက်လုမတတ်ဖြစ်နေတော့၏။

"လွှတ်. . လွှတ်နော်. . လူယုတ်မာ. . ကယ်ကြပါဦးရှင်"

ရှင်မင်း အော်ဟစ်အကူအညီတောင်းလိုက်သော်လည်း. . လူသူကင်းရှင်းသော ညခင်းဖြစ်နေ၍ ဘယ်သူမှ ပေါ်မလာ။

"ကူဦးလေး. . ဘာလုပ်နေတာလဲ"

ရှင်မင်းက နောက်လှည့်ကာ အော်ဟစ်အကူအညီတောင်းလိုက်၏။ ရှင်မင်း ရုန်းကန်နေစဉ် တဘုန်းဘုန်း အသံများကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ဘယ်ကောင်လဲကွ ငါ့ကိုဆော်တာ"

အဆက်မပြတ် ရိုက်နှက်ခံနေရသည့် ငမူးက ရှင်မင်းကို လွှတ်ပေးလိုက်ပြီး တိုက်ခိုက်လာသူကို လှည့်၍ရင်ဆိုင်လိုက်သည်။

"ဟင်. . ဘယ်သူမှလည်း မရှိပါလား"

ရှင်မင်းကို ကယ်တင်လိုက်တာ သရဲမဖြစ်ပြီး ငမူးကတော့ မမြင်ရသည့်အတွက် လန့်သွားကာ အမူးပြေသွားပုံရသည်။

"ဘယ်ကောင်လဲကွ ခြောင်းမရိုက်နဲ့ သတ္တိရှိရင်ထွက်ခဲ့"

ငမူးက လှည့်ပတ်ရှာဖွေရင်း စိန်ခေါ်လိုက်သည်။ သရဲမလည်း ငမူးအား အတော်အမြင်ကပ်သွားပုံရ၏။ ရှေ့တည့်တည့်တွင် ရပ်ပြီး ငမူး၏ပါးကို ဘယ်ပြန်ညာပြန် မနားတမ်း ရိုက်ပစ်လိုက်တော့သည်။

"ဖြန်း. . ဖြန်း. . ဖြန်း. . ဖြန်း. . "

"အား. . အီး. . အောင်မလေးဗျ၊ ရိုက်နေတာ လူလည်း မမြင်ရဘူး. . သရဲ. . သရဲ. . သရဲ"

ငမူး အလန့်တကြားအော်ဟစ်ရင်း ဒရောသောပါး ပြေးထွက်သွားတော့၏။ ငယ်သံပါအောင် အော်ဟစ်ထွက်ပြေးသွားသော ငမူးကိုလှမ်းကြည့်ရင်း ရှင်မင်းတို့ သဘောကျစွာ ရယ်လိုက်ကြ၏။

ခုချိန်မှာ ရှင်မင်း သရဲမကို လုံးဝမကြောက်တော့သည့်အပြင် ယုံကြည်သွားပြီလည်း ဖြစ်သည်။ ဒုက္ခပေးဖို့ ရည်ရွယ်ချဉ်းကပ်ခဲ့ ရိုးမှန်လျှင် ငမူးလက်မှ ကယ်ဆယ်ရန်အကြောင်းမရှိ။ ရှင်မင်း စိတ်အေးသွားသလို သရဲမကိုလည်း အနည်းငယ် ခင်မင်အားကိုးမိသည် မို့. . .





"ကျေးဇူးပါပဲနော်"

"ရပါတယ်. . ကူညီရမှာပေါ့"

သူတို့နှစ်ဦးကြားမှ သံသယနှင့် မယုံကြည်ခြင်းများကို ခဝါချလိုက်ပြီဖြစ်သည်။ အခန်းကိုပြန်ရောက်တော့. .

"ကဲ. . . ရှင့်ကို ကျွန်မယုံပါတယ်၊ ဒီမှာ အဆင်ပြေသလို ကြိုက်သလိုသာနေပေတော့၊ ကျွန်မ တအားပင်ပန်းနေပြီ"

ရှင်မင်းက ဆက်တီတစ်လုံးမှာ ခြေပစ်လက်ပစ်ထိုင်ရင်း အမောဖြေနေလိုက်သည်။

"ခုလို တရားဝင်နေခွင့်ပေးတာ ကျေးဇူးပါပဲ"

"မလိုပါဘူး အပြန်အလှန်ကူညီနေကြတာပဲဟာ၊ အင်း. . ပြောပါဦး ရှင့်ကို ကျွန်မ ဘာအကူအညီပေးရမလဲ"

"အင်း. . ကျွန်မ စဉ်းစားပါဦးမယ်"

သရဲမက ရှင်မင်း ဧည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စဉ်းစားခန်းဝင်နေ၏။ သူ့ကို ရှင်မင်း မြင်နေရသဖြင့် သေချာကြည့်မိသည်။ ရုပ်ကအတော်ချောပြီး အရပ်အမောင်းလည်းရှိ၏။ အနီးစပ်ဆုံးက အဆိုတော် Taylor Swift နှင့်ဆင်သည်။

"ဟင်"

Taylor Swift ဆိုမှ သူမကိုမြင်ဖူးသလိုလိုရှိကာ သတိရလာသည်။

မြင်ဖူးဆို. . သူ. . သူက အဆိုတော် 'နန်းမြင့်စံ' ပဲ။

မကြောက်မရွံ့ ရဲရဲကြည့်မိတော့မှ အဆိုတော် နန်းမြင့်စံ မှန်းသိလိုက်ပြီး ရှင်မင်း ဝမ်းသာသွားသည်။ သို့သော်. . နန်းမြင့်စံ ရုတ်တရက်ဆုံးသည့် သတင်းလည်း မကြားမိဘဲ ဘယ်လိုလုပ် သရဲ ဖြစ်နေသလဲဆိုတာ စဉ်းစားမရ။ သိချင်စိတ်ကို မအောင့်နိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



အဆုံး. .

"ရှင်. . ရှင်က အဆိုတော် နန်းမြင့်စံ လားဟင်"

ရှင်မင်း မေးခွန်းကြောင့် အခန်းထဲမျက်စိနောက်လောက်အောင် လျှောက်နေသော သရဲမ ရပ်သွားပြီး သူ့ကိုစိုက်ကြည့်လာ၏။

"ဟုတ်တယ်. . ကျွန်မက အဆိုတော် နန်းမြင့်စံပဲ"

"ဟယ် ဝမ်းသာလိုက်တာ၊ ရှင့်သီချင်းတွေ ကျွန်မသိပ်ကြိုက်တာ၊ ဒါ. . ဒါပေမဲ့. . ရှင်သေပြီဆိုတဲ့သတင်းလည်း မကြားပါဘူး၊ ဘာဖြစ်လို့ ရှင်က သရဲဖြစ်နေတာလဲ"

"အဲဒါကို နန်းလည်းစဉ်းစားနေတာ၊ နန်း ဒီလိုပဲ လျှောက်သွားနေတာ နှစ်ရက်လောက်ရှိပြီ၊ နန်း ဘာမှမမှတ်မိဘူး၊ ဘာမှသတိမရဘူး ဖြစ်နေတာ၊ နန်းဟာ အဆိုတော် နန်းမြင့်စံ ဖြစ်တယ်ဆိုတာတောင် လမ်းပေါ်က ကြော်ငြာဘုတ်တွေ တွေ့လို့ သိရတာ"

"ဒါဆို. . ရှင် အကူအညီတောင်းမယ်ဆိုတာက"

"နန်း ဘယ်မှာနေတာလဲ၊ နန်းဘဝက ဘယ်လိုလဲ၊ ဘာလို့ ဒီလိုဖြစ်နေရတာလဲ ဆိုတာတွေ သိအောင်လုပ်ဖို့ပေါ့၊ နန်း ဘာတွေဖြစ်ခဲ့သလဲဆိုတာ ဘာမှမမှတ်မိဘူး ဖြစ်နေလို့ပါ"

"ကျွန်မကိုမှရွေးပြီး အကူအညီတောင်းရတယ်လို့. ."

"ရှင်က နန်းရဲ့ဆံပင်တွေ ဆက်ထားတာကိုး၊ အဲဒါကြောင့် ရှင့်နားမှာ နေလို့ရနေတာ"

ဇာတ်လမ်းက ရှင်းသွားပြီ၊ အလှဖန်တီးရှင် ပြောလိုက်သော နန်းမြင့်စံ၏ ဆံပင်တွေဆိုတာ လုပ်ကြံဖန်တီးထားတာ မဟုတ်မှန်း လက်တွေ့သိလိုက်ရပြီ။ သူဆက်ထားသော ဆံပင်က နန်းမြင့်စံ၏ ဆံပင်တွေဖြစ်ကြောင်း နန်းမြင့်စံကိုယ်တိုင် အတည်ပြုပြောကြားနေပြီ။





"သိပ်ထူးဆန်းတာပဲနော်၊ ဟုတ်ပြီ. . ကျွန်မ ဘယ်လိုကူညီနိုင်မလဲဆိုတာ စဉ်းစားကြည့်မယ်"

ထင်ပေါ်ကျော်ကြား လူသိများသည့် အနုပညာရှင်တစ်ယောက်၏ နေရပ်လိပ်စာကို ရှာဖွေဖို့က ဘာမှမခက်ခဲ. . ။

ရုတ်တရက်ပင် အဖိုးတန် အချက်အလက်တစ်ခုကို သတိရမိ၏။

"နေဦး. . နေဦး. . ကျွန်မ သတိရပြီ၊ ကျွန်မဆီမှာရှိတဲ့ မဂ္ဂဇင်းတစ်အုပ်မှာရှင့်ရဲ့ အင်တာဗျူးပါတယ်၊ အဲ့ဒါကိုကြည့်လိုက်ရင် လိပ်စာသိရမှာပဲ"

"အင်း. . ဟုတ်တယ် ရှာကြည့်ပါဦး"

သိပ်များများစားစား ရှာကြည့်စရာမလို၊ ဒီအခန်းထဲမှာ ဂျာနယ်ဆယ်စောင် သီချင်းစာအုပ် တစ်ပုံနှင့် မဂ္ဂဇင်းသုံးလေးအုပ်သာ ရှိသည်။

ထိုမဂ္ဂဇင်းများကို ဆွဲထုတ်ပြီး ဗလတ်ဗလတ်နှင့် လျှောက်လှန်ကြည့်လိုက်သည်။ ဒုတိယမဂ္ဂဇင်း၏ အလယ်လောက်တွင် နန်းမြင့်စံ၏အင်တာဗျူးကို တွေ့၏။

"ဟော. . ဒီမှာ. . တွေ့ပြီ. . တွေ့ပြီ"

နန်းမြင့်စံနှင့် ရှင်မင်းတို့ အင်တာဗျူး စာမျက်နှာများကို အပြေးအလွှား ဖတ်ရှုကြည့်လိုက်ကြသည်။ တစ်နေရာတွင် ပရိသတ်များအတွက် ဖော်ပြထားသော အိမ်လိပ်စာကိုတွေ့သည်။

"ရွှေတောင်ကြား သံလွင်လမ်း ခြံအမှတ် (. . .)တဲ့"

"ခုလို အစဖော်ပေးတာ ကျေးဇူးပဲနော်၊ မနက်ကျရင် အိမ်ကို သွားကြည့်ရအောင်လား"

"ဟုတ်ပါပြီ ကျွန်မ လိုက်ပို့ပေးပါ့မယ်၊ ဒါ. . ညဉ့်နက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိပ်တော့မယ်. . . ဂွတ်နိုက်”

အကြောင်းစုံမသိရသေးသော်လည်း. . နန်းမြင့်စံအား ကြောက်စရာမလိုတော့၍ ရှင်မင်း နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားတော့သည်။







# အခန်း ( ၅ )

ငှား လာသောတက္ကစီ ထွက်သွားသည်နှင့် လိပ်စာထဲက ခြံရှေ့တွင် ရှင်မင်းတို့ ရစ်သီရစ်သီ လုပ်နေကြ၏။

“ဟယ်. . ခြံကအကျယ်ကြီးပဲ၊ အိမ်ကလည်း သားနားလိုက်တာ. . ရှင်မှတ်မိပြီလား”

“အင်း. . နည်းနည်းတော့ မှတ်မိလာပါပြီ၊ ဟုတ်တယ် ဒါ နန်းအိမ်ပဲ”

“အထဲကို ဘယ်လိုဝင်မလဲ”



www.burmeseclassic.com

www.burmeseclassic.com



“ဟို. . ဟိုမှာ ပန်းပင်ရေလောင်းနေတဲ့သူ. . အဲဒီလူကို လှမ်းခေါ်လိုက်”

ရှင်မင်းနှင့် နန်းမြင့်စံ သံပန်းခြံတံခါးမှ ချောင်းကြည့်ပြီး တိုင်ပင်နေကြခြင်းဖြစ်သည်။ နန်းမြင့်စံပေးသော အကြံအတိုင်း ရှင်မင်းက မာလီကို လှမ်းခေါ်သည်။ မာလီရောက်လာကာ လူတစ်ကိုယ်စာ တံခါးပေါက်အသေးကို ဖွင့်ပြီးထွက်လာ၏။

“ဘာကိစ္စများပါလိမ့်”

“ဟို. . ဟို. . ဒီအိမ်က အဆိုတော် နန်းမြင့်စံနဲ့ တွေ့ချင်လို့ပါ”

“ဩော်. . အိမ်ရှင်တွေ တစ်ယောက်မှ မရှိကြဘူးဗျ၊ ကျုပ်လည်း ဒီမှာနေတာမဟုတ်ဘူး၊ ခြံသန့်ရှင်းရေး လာလုပ်ပေးတာ”

ဘာဆက်ပြောရမှန်း မသိ၍ ရှင်မင်းက ဘေးမှ နန်းမြင့်စံကို မေးငေါ့ပြသည်။ နန်းမြင့်စံ ခေါင်းခါပြမှ. .

“ဩော်. . ဟုတ်. . ဟုတ်ကဲ့. . ကျေးဇူးပါပဲ”

ရှင်မင်းက မာလီ မသင်္ကာမဖြစ်အောင် ခြံရှေ့မှ လှည့်ထွက်ခဲ့သည်။ ခဏနေတော့ မာလီ ခြံထဲမှထွက်လာကာ ခြံတံခါးကို အပြင်မှသော့ခတ်ပြီး ထွက်သွားလေသည်။ ဒါကိုမယောင်မလည် စောင့်ကြည့်ပြီးမှ ရှင်မင်းတို့ ခြံရှေ့ပြန်သွားကြ၏။

“ဟုတ်ပြီ. . ဒီမှာ နန်းရယ်၊ နန်းသိပ်ချစ်ရတဲ့သူရယ်. . နှစ်ယောက်တည်းနေကြတာ၊ နန်း နည်းနည်းမှတ်မိလာပြီ”

“အထဲကို ဘယ်လိုဝင်မလဲ အရင်စဉ်းစားဦး”

နန်းမြင့်စံနဖူးကို လက်ညှိုးနှင့် တတောက်တောက် ခေါက်ရင်း ပြန်လည်တွေးတော စဉ်းစားနေ၏။ ခဏကြာတော့မှ. .

“သိပြီ. . ခြံထဲက ဟိုပန်းအိုးထဲမှာ ခြံသော့ရော အိမ်သော့ပါ





အပိုတစ်စုံ ရှိတယ်”

“ဟင်. . အဲဒီတော့ ခြံထဲ ဘယ်လိုဝင်မလဲ”

“လွယ်ပါတယ်”

နန်းမြင့်စံက ရှင်မင်းကို ခါးမှကိုင်မြှောက်ပြီး ခြံတံခါးအလယ်လောက်ထိ တွန်းတင်ပေးလိုက်သည်။ ဝန်းကျင်မှာ လူရှင်းနေသော်လည်း မြန်မြန်ထက်ထက် လုပ်မှဖြစ်မည်ဆိုတာ သဘောပေါက်ပြီး ရှင်မင်း သံတံခါးကိုကျော်ခွ တွယ်တက်ပြီး အတွင်းဘက်သို့ ကူးလိုက်၏။

သံတံခါးကို တွယ်ဆင်းပြီး သုံးပေလောက်အမြင့်အရောက်တွင် ခုန်ချလိုက်သည်။ နန်းမြင့်စံပြောသည့် ပန်းအိုးထဲနှိုက်၍ ဟိုစမ်း ဒီစမ်းနှင့် ရှာကြည့်၏။ မကြာခင်မှာ သော့တွဲတစ်တွဲ စမ်းမိသွားသည်။ ထိုသော့တွဲကို တံခါးကြားမှ နန်းမြင့်စံအား လှမ်းပေးသည်။

နန်းမြင့်စံက ခေါင်းခါပြရင်း. .

“ရှင်ပဲ တံခါးဖွင့်ပေး”

ရှင်မင်း လက်လျှိုကာ တံခါးဖွင့်ပေးလိုက်ရသည်။

“နေပါဦး ကျွန်မ အိမ်ထဲကျတော့ ကြိုက်သလို ဝင်ထွက်နေပြီးတော့ ကိုယ့်အိမ်ကိုယ်ကျမှ ဘယ်လိုဖြစ်ပြီး ဝင်မရတာလဲ”

“အဲလိုဝင်ရင် နန်းပဲ ဝင်လို့ရမှာလေ၊ ရှင်ကျန်ခဲ့မှာပေါ့”

“ဩော်. . အင်း. . ဒါလည်းဟုတ်တာပဲ”

ရှင်မင်း ဆက်မေးမနေတော့ဘဲ အိမ်တံခါးဖွင့်ကာ အတွင်းသို့ ဝင်ခဲ့ကြ၏။ ရွှေတောင်ကြားမှာ နေကတည်းက ချမ်းသာသူများဖြစ်မှန်း သိသော်လည်း အထဲရောက်တော့ မမြင်ဘူးတာတွေ မြင်လိုက်ရ၍ ရှင်မင်း တအံ့တသြ ဖြစ်နေရှာသည်။

ဖိတ်ဖိတ်လက် အပြင်အဆင်နှင့် ခမ်းနားလှသည့် ဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှုပလွန်းနေသော အိမ်ကြီးအား မက်မောအားကျစွာ ငေးကြည့်နေမိသည်။ နန်းမြင့်စံက စိတ်မရှည်တော့သလို ရှင်မင်းလက်ကိုဆွဲကာ ခေါ်သွား၏။

နှစ်ဆစ်ချိုးလှေကားနှင့် ခပ်နိမ့်နိမ့် ဖွဲ့စည်းထားသော နောက်တစ်ထပ်သို့ တက်ခဲ့ကြ၏။ လှေကားနှင့် အခန်းနံရံတစ်လျှောက်တွင် နန်းမြင့်စံတို့စုံတွဲ ဓာတ်ပုံကြီးများ ချိတ်ထားတာ တွေ့သည်။ ဓာတ်ပုံထဲက နန်းမြင့်စံ၏ အမျိုးသားက ချောလွန်းခန့်လွန်းကျက်သရေရှိလွန်းသဖြင့် မျက်စိမခွာနိုင်အောင် ရှင်မင်း ကြည့်နေမိသည်။

သူများတွေများ ကံကောင်းလိုက်ကြတာဟုလည်း မနာလိုအတွေးဝင်နေသည်။

"ဟိတ်. . ဘာကြည့်တာလဲ"

"ဩော် နန်းရဲ့အမျိုးသားက ချောလို့ကြည့်နေတာပါ"

"စိတ်ထိန်းနော်၊ စိတ်ထိန်း. . ဒီမှာပိုင်ရှင်က မတ်တပ်ကြီးကုပ်ချိုးပစ်လိုက်မယ်၊ ဘာမှတ်သလဲ"

"အယ်. . နန်းကလည်း ချောလို့ချောတဲ့အကြောင်း ရိုးရိုးသားသား ပြောတာပါ"

အိပ်ခန်းထဲမှ နံရံကပ်ဘီရိုရှည်ကြီး၏ တံခါးများကို ဆွဲဖွင့်လိုက်သည်နှင့် ချိတ်နှင့်ချိတ်ဆွဲထားသော အဖိုးတန်အင်္ကျီတွေကလည်း ရေတွက်မဆုံးမို့ ရှင်မင်း ပါးစပ်အဟောင်းသားဖြစ်ကာ သွားရည်ကျနေမိသည်။

နန်းမြင့်စံက ခရီးဆောင် ဘီးတပ်လက်ဆွဲသေတ္တာတစ်လုံး ထုတ်ပေးသဖြင့် ရွေးထားသော အင်္ကျီများကို ရှင်မင်း စုထည့်ပေးလိုက်သည်။ ဘီရိုနှင့်အပြည့်ဖြစ်နေသော အင်္ကျီများကို ရှင်မင်း လိုချင်





မက်မောစွာ ငေးကြည့်နေခိုက် နန်းမြင့်စံမှာ အပေါ်ထပ်ရှိလှေကားလက်ရန်းသို့ ရောက်သွား၏။

ထိုနေရာမှ အောက်ထပ်ရှိ ဧည့်ခန်းအား လှမ်းမြင်နေရသည်။ နန်းမြင့်စံ ဧည့်ခန်းကိုငုံ့ကြည့်နေခိုက် အဖြစ်အပျက်တချို့ကို ပြန်လည်မှတ်မိ မြင်ယောင်လာသည်။

ထိုနေ့က နန်းမြင့်စံတစ်ယောက်တည်း သူဖော်ဖြေခဲ့သည့် စတိတ်ရှိုးတစ်ခုအကြောင်း အင်တာနက်တင်ထားသည့်ပုံတွေ၊ မှတ်ချက်ပေးထားတာတွေကို ပြန်လည်ကြည့်ရှုနေသည်။

တစ်နေရာအရောက်တွင် သူ့ယောကျ်ားနှင့်ပတ်သက်တာတစ်ခု တက်လာတာတွေ့၍ ဝင်ကြည့်လိုက်၏။ စတိတ်ရှိုးအပြီးတွင် သူ့ကို လာကြိုစဉ် သတင်းသမားတွေနှင့် တွေ့သွားပြီး အမှတ်မထင်ဗျူးထားတာတွေ ပြန်လည်ဖော်ပြထားခြင်းလည်း ဖြစ်သည်။

ခင်ပွန်း ခွန်မှိုင်းက သူ့မိန်းမ၏ဆံပင်ရှည်ကြီးက သူ့မအတွက် ထိမ်းသိမ်းရတာ ပင်ပန်းကြောင်း၊ ဆံပင်ရှည်ကို သဘောကျသော်လည်း၊ ဆံပင်တို Hair Style နှင့် မိန်းကလေးများကို ပိုပြီး သဘောကျကြောင်း ပြောထားခြင်းဖြစ်သည်။ ထို comment တွေကိုဖတ်ပြီး နန်းမြင့်စံ ဒေါပွနေသည်။ ခွန်မှိုင်း ပြန်လာသည်နှင့် ပြဿနာရှာတော့၏။

"မောင်. . ဒီမှာကြည့်စမ်း ဒါဘာလဲ. . ဘာသဘောလဲ"

ခရီးရောက်မဆိုက် နဂါးမျက်စောင်းနှင့် ဆီးကြိုပြီး ပြဿနာရှာလာသည့် နန်းမြင့်ကြောင့် အမောဆို့သွားသည်။ ဖတ်ကြည့်တော့မျက်လုံးပြူးသွား၏။ အသံဖမ်းမထားဘူးအထင်နှင့် နောက်အလိုပြောင်သလို စွတ်ရွတ်ပြောခဲ့တာက ပြဿနာကို အကျယ်ကြည့်မှန်ပြောင်းနှင့်တကွ သူ့မိန်းမထံ ပို့လိုက်သလို ဖြစ်ခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အာ. . အဲဒါ မောင်နောက်ပြီးပြောလိုက်တာပါ နန်းရယ်"

"ဘာမှရှင်းပြမနေနဲ့၊ ရှင် တကယ်ပဲ ဆံပင်တိုနဲ့ ကောင်မတွေကို သဘောကျနေတာလား"

"မဟုတ်ပါဘူး နန်းရာ၊ မောင်က ဟောဒီက ကိုယ့်မိန်းမရဲ့ ဆံပင်ရှည်ကြီးကိုပဲ သဘောကျတာ. . ဟုတ်ပြီလား"

"ခေါင်းကူဖြီးပေးရတာ ပင်ပန်းတယ်ဆို. . "

"နောက်လိုက်တာပါဆိုနေမှ နန်းရယ်"

"သူ ခေါင်းလျှော်တဲ့နေ့ဆို တိုင်ပတ်တယ်၊ ရေမချိုးရဘူးတဲ့ ဟုတ်လား"

"အဲဒီစကားတော့ မောင်ပြောတဲ့အထဲမှာ မပါဘူးနဲ့တူတယ်"

"စိတ်ချ. . ရှင်မကြိုက်တဲ့ ဒီဆံပင်ရှည်ကြီးကို ဖြတ်ပစ်မယ်"

"မလုပ်ပါနဲ့ နန်းရယ်"

ထိုသို့ ရန်ဖြစ်စိတ်ကောက်ခဲ့တာတွေကို နန်းမြင့် ပြန်သတိရပြီး မျက်ရည်ဝဲလာသည်။ ထိုအချိန်တွင် သေတ္တာကိုဆွဲပြီး ရှင်မင်းရောက်လာ၏။ သူတို့နှစ်ယောက် လှေကားမှ အတူဆင်းလာခဲ့ကြသည်။

ဧည့်ခန်းတွင် ခဏထိုင်ကြရင်း နန်းမြင့်က အမှတ်ရစရာတွေ သတိရစရာတွေကို အစဖေါ်ကာ ပြန်တွေးကြည့်နေရှာသည်။ သူဘာဖြစ်လို့ ဖြစ်နေမှန်း မသိသည့်အတွက် စိတ်ပျက်ပြီး ရှင်မင်းထံ ကြည့်နေရာမှ အကြည့်လွှဲလိုက်သည်။

အခန်းထောင့်တစ်နေရာမှ အဝတ်ခြင်းကိုတွေ့၏။ အဝတ်ခြင်းထဲ ခင်ပွန်းဖြစ်သူ ခွန်မိုင်း၏ အဝတ်အစားတချို့ ရှိနေသည်။ နန်းမြင့် အဝတ်ခြင်းဆီ လျှောက်လာခဲ့ပြီး အဝတ်အစားများကို





ကောက်ယူကာ နမ်းကြည့်လိုက်၏။ ခင်ပွန်း၏ ကိုယ်သင်းနံ့ကိုရလိုက်သဖြင့် နန်းမြင့် အဖြစ်အပျက်တချို့ကို အမှတ်ရသွားပြန်သည်။

အင်တာနက်မှ သတင်းကြောင့် နန်းမြင့်စိတ်ကောက်ပြီး နောက်တစ်နေ့မှာပင် ခွန်မိုင်းအား လုံးဝအသိမပေးဘဲ ဆံပင်ရှည်ကို ဖြတ်ပစ်ကာ Hair Style ပြောင်းပစ်လိုက်၏။

ထိုဆိုင်မှအပြန်. . အပြန်. . .

ထိုနောက်ပိုင်းကို စဉ်းစားမရ ဖြစ်နေပြန်သည်။

အရေးအကြီးဆုံးအပိုင်းကို စဉ်းစားလို့မရသဖြင့် နန်းမြင့် ခြေကုန်လက်ပန်းကျသလို ဖြစ်သွား၏။ ဆက်တီရှိရာ ပြန်လာပြီး တစ်ကိုယ်လုံး ပစ်ချသလို ထိုင်လိုက်သည်။

"ဘာဖြစ်လို့လည်း နန်းမြင့်"

"နန်း ဘာဖြစ်ခဲ့သလဲဆိုတာ စဉ်းစားမရလို့. .၊ ပြီးတော့ ဒီမှာနေရတာ သိပ်အဆင်မပြေသလိုပဲ"

"ဟင် ကိုယ့်အိမ်ကိုယ်နေရတာ အဆင်မပြေဘူး. . ဟုတ်လား"

"ဟုတ်တယ် အဲ့ဒါလည်း မောင့်ကြောင့်ပဲဖြစ်မယ်"

"ဟောတော့ အဆန်းပါလား"

"မောင်က ဘာသာတရား အရမ်းကိုင်းရှိုင်းတာ၊ ဘုရားတန်တော့ရင်တောင် တစ်နာရီနဲ့ ပြီးတာမဟုတ်ဘူး"

"ဩော် ဒါဆိုရင်လည်း ပြန်ကြရအောင်လေ"

"အင်း ပြန်တာပဲကောင်းမယ် ထင်ပါရဲ့"

ရှင်မင်းနှင့် နန်းမြင့်တို့ အိမ်ထဲမှ ပြန်ထွက်ခဲ့ကြသည်။ လမ်းပေါ်ရောက်တော့ တက္ကစီကအလွယ်တကူနှင့် ငှားမရ။ သူ့ဖွေးရုပ်ကြောက်မို့ တက္ကစီမဝင်ရနယ်မြေလို ဖြစ်နေသည်လားမသိ။ နန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့သေတ္တာသူဆွဲကာ ခေါင်းငိုက်စိုက်ချလျှောက်လာ၏။

ရှင်မင်း မျက်စိလည်ပြီး ဝင်လာမည့် တက္ကစီကိုသာ မျှော်ကြည့်နေမိသည်။

ထိုစဉ် လမ်းကြားထဲမှ လူတစ်ယောက်ထွက်လာ၏။ ရှင်မင်းကိုမြင်ပြီး လမ်းပင် ဆက်မလျှောက်နိုင်တော့ဘဲ မျက်လုံးပြူးကာ ငေးစိုက်ကြည့်နေ၏။

ရှင်မင်းလည်း ထိုလူ့အကြည့်ကို သဘောပေါက်သွား နန်းမြင့်ကိုင်ထားသော သေတ္တာလက်ကိုင်အား လှမ်းဆွဲလိုက် သည်။ သေတ္တာကို နန်းမြင့်က ဆွဲလာတာဖြစ်၍ ဘေးလူတွေအမြ မှာ အဝတ်သေတ္တာကြီး သူ့ဘာသာ အလိုလို ရွေ့လာသလို မြင် သည်မို့ . . . အလန့်တကြားဖြစ်ကျန်ရစ်ခဲ့သည့် ထိုလူအား ရှင်မင် လှည့်ကြည့်ကာ ပြုံးပြလိုက်ရ၏။

ကံအားလျော်စွာပင် တက္ကစီအလွတ်တစ်စီး ဝင်လာ လက်ပြတားလိုက်သည်။ ဈေးတည့်၍ ကားပေါ်တက်တော့လည် နန်းမြင့်က တစ်ဖက်တံခါးပေါက်မှ တက်ဖို့ပြင်နေသဖြင့် ဆွဲခေါ် သူမတက်မယ့်ဘက်က အတင်းထိုးထည့်ရသေးသည်။

ဘယ်သူမှမရှိဘဲ တွန်းထိုးနေသော ရှင်မင်းအပြုအမူ ကြည့်ပြီး တက္ကစီသမားလည်း အူကြောင်ကြောင်ဖြစ်နေ၏။

ဒီအတိုင်းဆို လူမြင်ကွင်းထွက်လျှင် အတော်သတိထား သာ အဆင်ပြေနိုင်မည်မို့ ရှင်မင်းသက်ပြင်းကိုသာ ချလိုက်မိတော့







# အခန်း ( ၆ )

ရှင်မင်းနှင့် နန်းမြင့်စံတို့ ခေါင်းစားနေကြသည်။ ယူလာသည့်အဝတ်အစားများကို ဝတ်ဖို့နေနေသာသာ သူ့ကိုယ်ပေါ်မှ ရှိရင်းစွဲအင်္ကျီကိုပင် ချွတ်လို့မရဖြစ်နေ၏။

နန်းမြင့် အင်္ကျီလဲချင်လွန်းသဖြင့် တကျိကျိလုပ်နေသည်။ ဝတ်ထားသောအင်္ကျီကို ချွတ်မရ၍ ထပ်ဝတ်ကြည့်တော့လည်း အပေါက်ကိုပင် လျှို၍မရ တစ်ခုခုပိတ်ဆို့နေသလိုဖြစ်နေ၏။

နန်းမြင့်ရွေးယူလာသော အဝတ်အစားများမှာ ခွန့်မှုံးတိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ဝယ်ပေးခဲ့ခြင်းဖြစ်သလို နန်းမြင့်ထိုအင်္ကျီများ ဝတ်ထားတိုင်း တစ်နေကုန် အလှထိုင်ကြည့်နေတတ်သည်ဟုဆို၏။

ထိုအဝတ်အစားများ ဝတ်ထားလျှင် သူ့ယောက်ျား သူ့ကို လွယ်ကူစွာ မြင်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်နေခြင်းဖြစ်မည်။

နန်းမြင့် ရှိုးကေ့(စ်)ပေါ်မှ ဆုတံဆိပ်ကို တွေ့သွားသည်။ ထိုဆုက ဆိုကြမယ်ပျော်ကြမယ်မှာ ရှင်မင်းရခဲ့သော နှစ်သိမ့်ဆုဖြစ်သည်။

“ဟယ် ရှင်က အဆိုပြိုင်ပွဲတွေမှာ ဆုရခဲ့တာကိုး၊ ဝါသနာပါလာတူနေလို့ ဝမ်းသာတယ်ကွာ၊ ရှင် အဆိုတော် မဖြစ်ချင်ဘူးလား”

“ဖြစ်ချင်တာပေါ့ နန်းရယ်၊ ခုတောင် အိပ်မက်ဆုံရာမှာ ဝင်ပြိုင်ဖို့ လျှောက်လွှာတင်လို့ရအောင် ပြင်ဆင်နေတာ”

“ဟယ် ဟုတ်လား၊ ဒါဆို လူရွေးပွဲမှာပါအောင် နန်း ကူညီပြီး ထရိန်နင်ပေးမယ်လေ”

“ဟင်. . နန်း တကယ်ပြောနေတာလား”

“တကယ်ပေါ့. . ရှင်ရယ်”

“ဟား ဝမ်းသာလိုက်တာ၊ နန်းသာ ကူညီရင်တော့ ရှင်မင်း လုပ်နိုင်မှာ သေချာသွားပြီ”

ထိုသို့ပြောလိုက်ဆိုလိုက်နှင့် တီဗွီအတူထိုင်ကြည့်နေကြသည်။ ပြနေသည့် ဇာတ်ကားကလည်း အသုဘချသည့်အခန်းကို ပြနေ၏။ သေသူနောင်ဘဝမှာ သုံးစွဲနိုင်အောင်ဆိုသော အယူအဆနှင့် ရွှေစက္ကူ ငွေစက္ကူတွေ မီးရှို့ကာ တမလွန်ထိပါသွားအောင် ထည့်ပေးနေကြသည်။ ထိုပြကွက်ကိုကြည့်ပြီး ရှင်မင်းအကြံရသွား၏။

“ဟယ်. . နန်းတွေ့လား၊ အဲဒါ ကွယ်လွန်သူ သုံးစွဲလို့ရ





အောင် ထည့်ပေးလိုက်တဲ့နည်းလေ၊ တရုတ်နည်းလို့ခေါ်တယ်”

နန်းမြင့်လည်း မျက်ဝန်းများ အရောက်လက်အောင် ဝမ်းသာသွားပြီး. .

“ဒါ. . ဒါဆို. . အင်္ကျီတွေကို. .”

“ဟုတ်တယ် နန်း မီးရှို့ပစ်ရမှာ. .”

“နန်းဆီရောက်မလာရင် အင်္ကျီတွေ နှမြောစရာကြီး”

“သိပ်မကောင်းတဲ့ အင်္ကျီတစ်ထည်တော့ ရင်းကြည့်ရမှာပေါ့”

ရှင်မင်းတို့ လိုအပ်သည့်ပစ္စည်းများ စုဆောင်းကာ ဝရန်တာသို့ ထွက်ခဲ့ကြ၏။ ဒန်အိုးကြီး တစ်လုံးထဲသို့ အင်္ကျီတစ်ထည်ထည့်ပြီး မီးရှို့ပစ်လိုက်ကြသည်။ အင်္ကျီလုံးဝ ပြာကျသွားချိန်မှာ နန်းမြင့်အား ရှင်မင်း မော့ကြည့်လိုက်၏။

“ဟယ်. . နန်း. . နန်းမြင့်. . တကယ်တော့. . တကယ်အောင်မြင်ပြီ သိလား”

တကယ်လည်း မယုံနိုင်စရာ ကောင်းလွန်းနေသည်။ မီးရှို့ဖျက်ဆီးလိုက်သည့် နန်းမြင့်အင်္ကျီက သူမကိုယ်ခန္ဓာပေါ် ရောက်သွားတာ မြင်တွေ့ရ၏။ နန်းမြင့်လည်း ကိုယ့်ဘာသာငုံ့ကြည့်လိုက်၊ မှန်တံခါးမှ ပုံရိပ်ကိုကြည့်လိုက်နှင့် သဘောကျပြီး ရွှင်မြူးနေသည်။

နန်းမြင့်ကိုယ်ကို တစ်ဖက်လှည့်လိုက်လေရာ. .

“ဟင်. .”

နန်းမြင့် ကျောပြင်တွင် အင်္ကျီက အပေါက်ကြီးဖြစ်နေ၏။ ရှင်မင်း ခဏတော့ကြောင်သွားပြီး မီးရှို့သောဒန်အိုးကြီးထဲ ငုံ့ကြည့်မိသည်။

အင်္ကျီစလေးတစ်စက မီးစွဲမလောင်ဘဲ ကျန်နေသေး၏။



www.burmeseclassic.com

ရှင်မင်း အကြံရသွားကာ ထိုအကျီစလေးကို မီးထပ်ရှို့ပေးလိုက်၏။

ဒီတော့မှ နန်းမြင့်စံ၏ အကျီနောက်ကျောမှ အပေါက်သည်လည်း အကောင်းပကတိ ပြန်ဖြစ်သွားလေတော့၏။







# အခန်း (၇)

ဘော်တာ ဖုန်းဆက်ချိန်းဆိုပြီး လျှောက်လွှာတင်ကြဖို့ အကြောင်းကြားလာသည်။ လိုအပ်တာတွေ အဆင်သင့်ဖြစ်နေပြီမို့ ရှင်မင်းလည်း လာခဲ့မည်ဟု ကတိပေးလိုက်သည်။

ရှင်မင်း သွားဖို့လာဖို့ကိစ္စ ပေါ်လာသည်ဆိုကတည်းက နန်းမြင့်မျက်နှာမကောင်း။ မျက်နှာကြီးစူပုပ်ပွကာ တံခါးရှေ့တွင် ပိတ်ထိုင်နေ၏။ ရှင်မင်းက အားလုံးပြင်ဆင်ပြီးနေပြီ။ နန်းမြင့် အမှန်တကယ် ဂျီကြမ်းလျှင် သူပဲနစ်နာမည်မို့ ချော့မော့ပြီး ပြောရဆိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာပါဘူး နန်းရယ်. . နော်"

"နန်းက အဝတ်အစားသစ်နဲ့ အိမ်ကိုသွားချင်တာ"

"အင်းပါ ရှင်မင်းသိပါတယ်၊ ကူညီမယ်လို့လည်း ကတိပေးထားပြီးသားလေ. . ကတိမဖျက်ပါဘူး၊ ဒီနေ့ကတော့ ရှင်မင်းရဲ့ ဘဝရည်မှန်းချက်နဲ့ဆိုင်တဲ့ အရေးကြီးကိစ္စမို့ပါ"

နန်းမြင့် ကသဘောတူလက်ခံချင်ပုံမရ။ အင်တင်တင် ဖြစ်နေသည်။ ရှင်မင်းက မျက်နှာကို အချိုသာဆုံးဖြစ်အောင် ပြုပြင်ရင်း ထပ်မံတောင်းဆိုလိုက်သည်။

"ဒီနေ့က ရက်ရာဇာလည်း ဖြစ်နေတယ်လေ၊ သူငယ်ချင်းနဲ့လည်း ချိန်းထားပြီးသားဖြစ်နေတော့ မသွားလို့မဖြစ်ဘူး နန်းရဲ့"

သူ့ကိစ္စကိုယ့်ကိစ္စ ချိန်ထိုးစဉ်းစားပြီး လိုက်လျှောမှ ဖြစ်မည်ဆိုတာ သဘောပေါက်သွားဟန်နှင့် နန်းမြင့်ထရပ်လိုက်ပြီး အပေါက်ဝမှ ဖယ်ပေးရင်း. .

"မြန်မြန်ပြန်လာနော်. . မလာရင် နောက်ကလိုက်လာမှာ"

"စိတ်ချပါ နန်းရဲ့. .၊ ကဲ. . သွားမယ်. . တာ့တာ"

နန်းမြင့် စိတ်ပြောင်းသွားမှာစိုးပြီး ရှင်မင်း ခပ်သွက်သွက်ထွက်လာခဲ့သည်။ ဒီရက်တွေထဲ သွားလေရာသို့ နန်းမြင့်ကပ်ပါလာ၍ စိတ်လွတ်ကိုယ်လွတ် မနေခဲ့ရတာကြာပြီ။ ခုမှပဲ လွတ်လပ်မှုအရသာကို အားပါးတရ ခံစားခွင့်ရ၏။

ရုံးသွား၊ အလုပ်သွားကြသည့် အချိန်မို့ ဓာတ်လှေကားမှာလူများနေသည်။ ဒါကို ရှင်မင်း သဘောကျ၏။ နန်းမြင့်နှင့် စဆုံပြီးကတည်းက ဓာတ်လှေကားကို ရှင်မင်းကြောက်နေခဲ့သည်။

ခုတော့ အဖော်တွေအများကြီးနှင့်မို့ ရှင်မင်း ရဲရဲဝံ့ဝံ့ပင် စီးလာခဲ့သည်။ ကိုယ့်ဆန္ဒနှင့်ကိုယ် လွတ်လပ်စွာ လှုပ်ရှားနေသူများကို





ကြည့်ကာ ရှင်မင်းအားကျနေ၏။

သူ့အနေအထားက သရဲကို ဘော်ဒီဂက် ငှားမိတာလား. . ကိုယ်ကပဲ သရဲကို ဘော်ဒီဂတ်လုပ်နေရတာလား ဆိုတာ မကွဲပြားသလို ဖြစ်နေသည်။

သို့သော်လည်း သူက နုယ်နုယ်ရရ သရဲမဟုတ်၊ နာမည်ကြီးအဆိုတော် သရဲဖြစ်နေသည်။ ပြီးတော့လည်း ကိုယ့်ကို အိပ်မက်ဆုံရာမှာ ဝင်ပါနိုင်အောင် ကူညီပေးဦးမည်ဆိုတော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသလို ဖြစ်နေပြန်သည်။

တစ်ခုတော့ ဆုတောင်းမိ၏။ အချိန်သိပ်အကြာကြီး တွယ်ကပ်မနေပါစေနှင့်ဟူ၍ပဲ ဖြစ်သည်။ မြေညီထပ်ရောက်သည်တွင် အားလုံးက ခပ်သွက်သွက် တိုးထွက်ကာ လိုရာခရီးကို ခပ်မြန်မြန်ဝဲသွားနေကြသည်။ လမ်းပိတ်ပြီး ကားကျပ်ကာ ဦးတည်ရာမရောက်ဘဲ လမ်းပေါ်တွင် ကြာမည့်အချိန်ကိုပါ ထည့်တွက်၍ ပြိုင်ပွဲဝင်သလိုပင် လျှောက်လှမ်းနေကြရသည်။

ရှင်မင်း တက္ကစီနှင့်ပင် ခရီးဆက်သည်။ ယာဉ်ကြောပိတ်ဆို့တတ်သည့်နေရာများကို ရှောင်မောင်းနေသဖြင့် ခရီးကပိုပြီး ကြန့်ကြာနေသည်။ လှည်းတန်းဂုံးကျော်တံတားအရောက်တွင် သော်တာ့ထံမှ ဖုန်းဝင်လာ၏။ သူရောက်နေပြီဖြစ်ကြောင်းနှင့် ဒီနေ့အတွက် အစီအစဉ်အများကြီးရှိကြောင်း သတင်းလှမ်းပို့သည်။

သူလည်း ရောက်ခါနီးပြီဖြစ်ကြောင်း သတင်းပြန်ပေးရင်း ရှင်မင်း ပျော်သွားသည်။ ချိန်းထားသည့်နေရာအရောက် လျှောက်လွှာတင်ဖို့ကိစ္စကို ဦးစားပေး ဆောင်ရွက်ကြရ၏။

ကိစ္စအားလုံးပြီးမှ သော်တာက အဖော်ပါလာသူနှင့် မိတ်ဆက်ပေးသည်။ သူတို့လိုပင် အိပ်မက်ဆုံရာ ဝင်ပြိုင်မည့် ဝါသနာရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ပြီး ဒီနေ့ သူမမွေးနေ့ဖြစ်သည်ဟုလည်း သိရ၏။ မိဘတွေက ကာရာအိုကေဆိုင် ဖွင့်ထားသည်မို့ သူမွေးနေ့မှာ ကာရာအိုကေ အခန်းတစ်ခန်း တစ်နေကုန် သုံးခွင့်ရမည်ဟု သိရတော့. . ရှင်မင်းအားလုံးကို မေ့သွားတော့၏။

ဘာကိုမှ တွေးမနေတော့ဘဲ သော်တာနှင့်အတူ သူငယ်ချင်းအသစ်ဖြစ်သည့် မိုင်လေးခေါ်ရာသို့ ကောက်ကောက်ပါအောင် လိုက်သွားမိတော့သည်။

ရှင်မင်းတို့အုပ်စု အဆင့်မြင့် ကာရာအိုကေခန်းမကို ရောက်လာခဲ့ကြသည်။

"ကဲ သူငယ်ချင်းတို့ ဘာမှအားမနာနဲ့၊ ဒါ အသံလုံခန်းတွေပဲ ဘယ်သူ့ကိုမှ အနှောင့်အယှက်ဖြစ်စေမှာ မဟုတ်ဘူး"

"အိုကေ"

မိုက်ကရိုဖုန်းမြင်လျှင် မနေနိုင်မထိုင်နိုင် ဖြစ်တတ်ကြသည့် မိုက်ခဲမတွေ တစ်ယောက်တစ်လှည့် ထင်ရာမြင်ရာတွေ အော်ဟစ်သီဆိုရင်း ထင်တိုင်းကြဲနေကြသည်။ မွေးနေ့ဖြစ်သည့်အတွက် အစားအသောက်ကလည်း အလျှံပယ်ဆိုတော့ ကြိုက်မှကြိုက်ဖြစ်နေ၏။

"ကဲ. . လူရွေးပွဲအတွက် အာရုံစိုက်လိုက်ရအောင် R&B, Pop, Rock, Heavy Rock, Alternative နဲ့ Traditional အကုန်အစုံ တစ်ပုဒ်စီ ဆိုကြည့်ရအောင်"

"ကောင်းတယ်. . အရင်ဆုံး သီချင်းရွေးလိုက်ကြရအောင်"

သူတို့သုံးယောက် စိတ်တူကိုယ်တူနှင့် သီချင်းတွေရွေးကာ တစ်လှည့်စီ သီဆိုကြသည်။ မြန်မာသံသီချင်း လေ့ကျင့်ခန်းအဖြစ် စိုးစန္ဒာထွန်း ပြန်လည်သီဆိုထားသော အဆိုတော်ကြီး ဒေါ်မာမာအေး၏ သီချင်းအများစုကို လေ့ကျင့်ဖြစ်ကြသည်။





"သီချင်းပေါင်းဆုံ ဆိုရတာက ပြဿနာ မဟုတ်ဘူး၊ Performance, Danceနဲ့ Fashion ကအစ အားလုံးအာရုံစိုက်ရမှာဆိုတော့ အတော်ခက်ခဲမှာပဲ"

"ခက်တာပေါ့ ကိုယ်တွေက Note တွေဘာတွေ နားလည်တာ မဟုတ်ဘူးလေ၊ ပြီးတော့ Band နဲ့ တစ်ခါမှ မဆိုဖူးဘူး"

"ဘာပဲဖြစ်ဖြစ် အတွေ့အကြုံတွေ အများကြီးရမှာလေ၊ လူရွေးပွဲမှာလည်း ပါချင်တယ်၊ ဆန်ကာတင် ရှစ်ယောက်မှာလည်း ပါချင်တယ်"

"ပါချင်ရင် ကြိုးစားပေါ့ ရှင်မင်းရယ်"

နားရင်း စားကြသောက်ကြ၊ သီချင်းပြန်ဆိုလိုက်ကြ၊ စကားထိုင်ပြောလိုက်ကြနှင့် အချိန်တွေကုန်မှန်းမသိ ကုန်သွားသည်။ အမောပြေ အအေးသောက်၍ စကားပြောနေခိုက် အခန်းတွင်း ထွန်းထားသည့်မီးများ မှိတ်လိုက်လင်းလိုက် ဖြစ်လာတော့၏။

"ဟဲ့. . ဘာဖြစ်တာလဲ၊ မီးပျက်တာလဲ မဟုတ်ဘဲနဲ့"

"မီးအားအတက်အကျ မငြိမ်တာ ဖြစ်ပါလိမ့်မယ်"

ခဏအကြာတွင် မီးများပုံမှန် ပြန်လင်းလာသည်။ မှောင်လိုက်လင်းလိုက် ဖြစ်နေရာမှ ရုတ်တရက် ပြန်လင်းလာ၍ မျက်စိကျင့်သားရအောင် ကြိုးစားနေခိုက် တီဗွီပွင့်လာသည်။ ထို့နောက် နန်းမြင့်စံ သီဆိုထားသော ကာရာအိုကေသီချင်းတစ်ပုဒ်၏ ခေါင်းစဉ်ပေါ်လာသည်။

ထိုအချိန်အထိ သူတို့သုံးယောက် ထူးထူးခြားခြား ဘာမှမတွေးမိသေး။ ပီသကြည်မြသော သီဆိုသံနောက်သို့ အားလုံးစီးမြောနစ်မွန်းသွားကြသည်။ ထူးခြားမှုကို အစောဆုံး သတိပြုမိသူမှာ သော်တာပင် ဖြစ်သည်။

www.burmeseclassic.com



"ဟင်. . မိုင်လေး၊ ဟို. . ဟိုမှာ မိုက်. . မိုက်ကြီးလေထဲမှာ မြောက်နေတယ်"

"ဗုဒ္ဓေါ ဘယ်လိုဖြစ်တာလဲ အသံကတော့ နန်းမြင့်စံရဲ့ အသံအစစ်ပဲ"

သော်တာနှင့်မိုင်လေး ကြောက်ကြောက်နှင့် တံခါးပေါက်ဆီသို့ ဦးတည်နေကြပြီ၊ ကြောက်စရာအဖြစ်ကို မြင်ကြရတာခြင်းအတူတူ မကြောက်သလို ဖြစ်နေလျှင် ဖြေရှင်းရမှာတွေ အများကြီး ဖြစ်လာမှာ သေချာသည်မို့ ရှင်မင်းလည်း သော်တာတို့နှင့်အတူ ချော်လဲရောထိုင်ကာ ကြောက်ချင်ယောင်ဆောင်ပြီး ထွက်ပြေးရတော့၏။

လက်သွက်သွက်နှင့်တံခါးကို ဦးအောင်ဆွဲဖွင့်လိုက်သူကလည်း သော်တာပဲ ဖြစ်သည်။ ပွင့်သွားသည့်တံခါးမှ သူတို့သုံးယောက် အလုအယက် ပြေးထွက်ခဲ့ကြသည်။

မိုင်လေးအား လက်ပြနှုတ်ဆက်ရုံသာ နှုတ်ဆက်ပြီး ခန်းမထဲမှ ထွက်လာခဲ့၏။ သော်တာ ဘယ်လောက်ထိ ကြောက်နေသည်မသိ၊ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်ပြီး မျက်လုံးတွေပါ ဂဏာမငြိမ်ဘဲ တောင်ကြည့်မြောက်ကြည့် ကြည့်နေရှာသည်။

ဘတ်(စ်)ကား မှတ်တိုင်တစ်ခုနား ရောက်လာသည်တွင် ရပ်ထားသည့် ဘတ်(စ်)တစ်စီးပေါ် ဘာမပြောညာမပြောနှင့် သော်တာ တက်ပြေးတော့သည်။ နှုတ်ဆက်ဖော်ပင်မရ. .

ရှင်မင်းတစ်ယောက်ထဲ မှတ်တိုင်မှာ ကျန်နေခဲ့သည်။

စိတ်ထဲမှာတော့. .

"ဟူး. . တော်တော်နှောက်တဲ့နန်းမြင့်ပဲ၊ တော်သေးတာပေါ့ ခပ်ကြမ်းကြမ်း ခြောက်မပြလို့"

ဟု တွေးမိသည်။ သူလည်း. . နန်းမြင့်ကို ခုမှပဲ နည်းနည်း





တော့ လန့်နေ၏။

နန်းမြင့်က လူမဟုတ်သည့်အတွက် တော်ရုံကျီစားလျှင်တောင် သူဒုက္ခရောက်သွားနိုင်သည်။ ခုလည်း သူဘယ်မှာကျန်ခဲ့သည်မသိ။ လူတွေကြားထဲ နန်းမြင့်ရောက်နေမလားတွေးကာ အနီးအနားမှာ ရှာကြည့်မိ၏။

ထိုအခိုက်မှာပင် မှတ်တိုင်အနီးတစ်ဝိုက် လေပွေတစ်ခု ဖြစ်ပေါ်လာသည်။ လန်ထွက်သွားသော ဂါဝန်စကို အမိဖမ်းကာ ဖုံးဖိနေစဉ်မှာပင်၊ သူ့ဆံပင်တွေ လေထဲဝဲလွင့်ကာ ဖရိုဖရဲ ဖြစ်ကုန်သည်။ ရှင်မင်း သူ့ဂါဝန်သူ ထိန်းမနိုင် သိမ်းမရဖြစ်နေခိုက် သူ့နားရွက်တစ်ဖက် တင်းခနဲ ဖြစ်သွား၏။

"အား. . နာတယ်"

နန်းမြင့်က သူ့နားရွက်ကို လိမ်ဆွဲနေ၏။ ဘာများဖြစ်သလဲ သိရအောင် လှည့်အကြည့်မှာ စပ်ဖြဲဖြဲလုပ်နေသော နန်းမြင့်ကို တွေ့ရသည်။ ရှင်မင်း အမြင်ကတ်စွာဖြင့် တစ်ဖက်သို့ လှည့်နေလိုက်၏။ နန်းမြင့်ချက်ချင်းပင် သူနှင့်မျက်နှာချင်းဆိုင်နေရာသို့ ရောက်လာသည်။

နန်းမြင့်၏ လှုပ်ရှားမှုက အနားမှာရပ်နေသည့် ဦးလေးကြီးတစ်ယောက်အား ဝင်တိုက်မိ၏။ ထို့အတွက် ထိုဦးလေးကြီးမှာ တအံ့တဩနှင့် မမြင်ရသည့် တရားခံကို ရှာနေသည်။

ဒါကို ရှင်မင်း သတိမပြုမိ. .

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ဟော. ."

သူ့ကိုပြောသည်အထင်နှင့် ဦးလေးကြီး လှည့်ကြည့်သည်။ ဒါကိုလည်း ရှင်မင်း မသိသေး. . ။ တစ်ယောက်တည်း စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေသော ရှင်မင်းကိုကြည့်ပြီး ဦးလေးကြီး တအံ့တဩဖြစ်ရပြန်သည်။ ထိုအဖြစ်ကြောင့် နန်းမြင့် တခွိခွိရယ်နေလေ၏။

နောက်ထပ် မလိုလားအပ်တာတွေ ထပ်ဖြစ်မလာဖို့ ရှင်မင်းလက်ကိုဆွဲရင်း နန်းမြင့်တို့ ထိုနေရာမှ ထွက်လာခဲ့ကြတော့သည်။



BURMESE CLASSIC



# အခန်း (၈)



အိပ်တန်းထွက် ငှက်လေးများ၏ တီတီတျာတျာ မြည်သံသာနှင့် နိုးထလာသော နံနက်ခင်းသည် နှင်းသောက်ပန်းတဲ့သို့ နုဖတ်လန်းဆန်းနေသည်။ အသစ်စက်စက် ထိုနံနက်ခင်းတွင် အစာရှာထွက်သည့် ငှက်များနှင့် လူတို့တိုးမိမတတ် ပျားပန်းခပ်သလို လှုပ်ရှားနေကြပြီ။

ထိုအထဲတွင် ရှင်မင်းနှင့် နန်းမြင့်လည်းပါသည်။ သို့သော် သူတို့က အစာရှာထွက်လာတာ မဟုတ်သလို လုပ်ငန်းခွင်ဝင်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ကိုယ့်အိမ်ကိုယ် ပြန်ချင်တိုင်းပြန်လို့မရသည့် သရဲမတစ်ကောင်၏ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရေးပင် ဖြစ်သည်။ ထိုပွဲအတွက် အဓိက Main Sponsor က ရှင်မင်းသာ ဖြစ်၏။

မနက်ရှစ်နာရီ မထိုးမီမှာပင် သူတို့နှစ်ယောက် နန်းမြင့်ခြံရှေ့ ရောက်နေကြပြီ။ သူတို့ရောက်လာကတည်းက တိုက်ကြီးအပေါ်ထပ်ဆီမှ ဘုရားရှိခိုးသံကို ကြားနေရတာ ခုချိန်ထိ မပြီးသေး။

"မောင်က ဘုရားတရား သိပ်လုပ်တာ၊ နေ့တိုင်း ဝတ်မပျက်ဘူး၊ ဒါပေမဲ့ ခုချိန်မှာ မောင်ရဲ့ဘုရားရှိခိုးသံကြားရတာ တစ်မျိုးကြီးပဲ၊ အားကုန်ပြီး ပင်ပန်းနေသလို ခံစားရတယ်"

မနက်ရှစ်နာရီခွဲမှာတော့ ကြေးစည်ရိုက် အမျှဝေသံ ထွက်ပေါ်လာသည်။

"ဟော. . မောင် ဘုရားရှိခိုးတာ ပြီးသွားပြီ"

"အင်း. . သူထွက်လာရင် ရှင်မင်း ဘာပြောရမလဲဆိုတာကြိုပြောထားဦးလေ နန်းရဲ့"

"နန်း ပါလာတယ်လို့"

"အင်းပါ. . အင်းပါ"

တိုင်ပင်ညှိနှိုင်းအပြီးတွင် လူခေါ်ခေါင်းလောင်းခလုတ်ကို ရှင်မင်း နှိပ်လိုက်တော့၏။ နှစ်မိနစ်ခန့်အကြာတွင် နန်းမြင့်၏ခင်ပွန်း ခွန်မှိုင်း ထွက်လာသည်။ ထွက်ပေါက်တံခါး အသေးလေးကိုဖွင့်ပြီး အပြင်သို့ ထွက်လာ၏။ ခွန်မှိုင်းက ခါတ်ပုံထဲကထက် ပိုချောပိုခန့်နေသည်မို့ ဧည့်ရင်း ရှင်မင်းလာရင်းကိစ္စကိုပင် မေ့သွားသည်။

အနားမှ နန်းမြင့်က လက်မောင်းကို ဖြတ်ခနဲရိုက်ပြီး သတိပေးမှ ရှင်မင်းအသိဝင်လာ၏။ နန်းမြင့်အား မကျေမနပ်လှည့်ကြည့်ရင်း နာသွားသည့်လက်မောင်းအား ပွတ်သပ်ဆုပ်နယ် လိုက်ရသည်။





"ဘာကိစ္စလဲ. ."

"အဟင်း. . ဟို. . ဟိုလေ. . နန်း. . နန်းမြင့်စံကိစ္စ ပြောချင်လို့ပါ"

"ဩော်. . ပြောပါ၊ ဘာများပါလိမ့်"

"ဒီ. . ဒီလိုပါရှင်၊ နန်းမြင့်စံ ဘာဖြစ်လဲတော့မသိဘူး ကျွန်မဆီရောက်နေလို့ပါ"

"ဗျာ"

"ကိုခွန်မှိုင်းနဲ့ တွေ့ချင်လို့တဲ့. . သူလည်းပါလာတယ်"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"ရှင့်မိန်းမ ပါလာတယ်လို့ပြောတာ၊ သူ့ကိုတွေ့ချင်ရင် ဟောဒီက ကျွန်မဆံပင်ကိုကိုင်ပြီး ကျွန်မဘေးကို ကြည့်လိုက်ပါ"

ရှင်မင်းက ပြောပြောဆိုဆိုပင် ရှေ့တိုးပြီး သူ့ဆံပင်ကို ထိုးပေးလိုက်၏။ ခွန်မှိုင်းက ရှင်မင်းအား အရူးတစ်ယောက်လို သဘောထားကာကြည့်နေသည်။

"ဗျာ. . ခင်ဗျား ရူးနေလား"

ခွန်မှိုင်း ဘာမပြောညာမပြောနှင့် ခြံထဲပြန်ဝင်ပြီး တံခါးဆောင့်ပိတ်သွားသည်။

"မောင်. . မောင်. . မောင်"

နန်းမြင့် အော်ခေါ်နေသလို ရှင်မင်း လိုက်အော်ပေးသည်။ သို့သော် ခွန်မှိုင်းကတော့ အိမ်ထဲဝင်သွားလေပြီ။ ရှင်မင်းက နန်းမြင့်အား လှည့်ကြည့်ကာ. .

"သူ မယုံဘူး နန်း"

"သူ့ကိုအော်ခေါ် လှမ်းခေါ်ပေးပါ"

"ကိုခွန်မှိုင်း. . အဲ. . မဟုတ်ဘူး၊ မောင်. . မောင်. . မောင်

www.burmeseclassic.com



တံခါးလာဖွင့်”

အိမ်တံခါးပိတ်သံသာ ကြားလိုက်ရသည်။ ရှင်မင်းနှင့်နန်းမြင့် စိတ်မာတက်ကျစွာ အချင်းချင်း ကြည့်မိကြသည်။ အိမ်ပြန်ခရီးက မျှော်လင့်ချက်မဲ့စွာ ခေါင်းငိုက်စိုက်ကျလျက်. . .







# အခန်း ( ၉ )

“မဟုတ်သေးဘူးလေဟာ၊ ရင်နာနာနဲ့ လမ်းခွဲခဲ့တယ်ဆိုတဲ့နေရာမှာ လမ်းခွဲခဲ့တယ် ကိုဆိုတာနဲ့. . ကီးချိန်းပြီး အသံကိုတင်ပစ်လိုက်ရမှာ”

“အင်း. . အင်း. . ပြန်ဆိုမယ် ပြန်ဆိုမယ်. . ၊ ခုတော့ သီချင်းက. . မျက်နှာခပ်မျှားမျှား. . ရင်နာနာနဲ့. . လမ်းခွဲခဲ့တယ်. . နောက်ဘဝထိတောင် မဆုံချင်တော့ဘူး. . ဟော့”

“ဟုတ်ပြီ အဲဒါမှ အမှန်. . ဂွတ်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



နန်းမြင့်က လက်မထောင်ပြီး ချီးကျူးလိုက်၍ ရှင်မင်း အား တက်သွား၏။ ရှင်မင်း မှန်ကြည့်ရင်း အထပ်ထပ်အခါခါ သီဆိုလေ့ ကျင့်နေသည်။ ဆိုရတာ အာခြောက်လာ၍ ရေဘူးကို လှမ်းအယူ တွင် ဆက်တီပေါ် အရုပ်ကြိုးပြတ်ဖြစ်နေသော နန်းမြင့်ကိုတွေ့၍ စိတ်ပူသွားသည်။

"ဟင် နန်း ဘာဖြစ်လဲ နေမကောင်းဘူးလား"

သရဲကို လူလို ဂရုတစိုက်မေးမြန်းမိ၏။ ထိုအခါမှ နန်းမြင့် အနည်းငယ် ပြုံးလာသည်။

"နေကောင်းပါတယ် မောင် လက်ခံလာအောင် ဘယ်လို ချဉ်းကပ်ရမှန်း မသိလို့၊ ဒါနဲ့ လူရွေးအသံစစ်မှာ ဘယ်နေ့လဲ"

"သန်ဘက်ခါလေ နန်းရဲ့"

"နီးနေပြီ မပေါ့နဲ့. . ထပ်ကျင့်လိုက်ဦး"

"အင်းပါ ကျင့်မှာပါ နန်းရယ်၊ ဒါက ရှင်မင်းရဲ့ အိပ်မက်ပဲ လေ"

ဒီလိုနှင့် ရှင်မင်းအတွက် ရင်ခုန်သံမြန်စေသော နေ့သစ်သို့ ရောက်လာခဲ့သည်။ ရှင်မင်း ရင်ခုန်မြန်နေသလို တစ်ကိုယ်လုံးလည်း တုန်ယင်နေသည်။ နန်းမြင့်က သူ၏ အေးစက်စက်လက်ကြီးနှင့် ရှင်မင်းကို ဆုပ်ကိုင်ဖြစ်ညှစ်အားပေးသည်။ ဒီနေ့ ပဏာမလူရွေးအ သံစစ်ပွဲကျင်းပမည် ဖြစ်သည်။ ကျင်းပမည့် အဆောက်အဦးထဲ ပြိုင်ပွဲ ဝင်တွေ ရောက်ရှိနေကြ၏။

သော်တာ၊ မိုင်လေးနှင့် ရှင်မင်းတို့လည်း ပြိုင်ပွဲဝင် နံပါတ် ရှေ့ဆင့်နောက်ဆင့်နှင့် အလှည့်ကျမည့်အချိန်ကို မျှော်လင့်နေကြ ၏။

မိုင်လေးက စိတ်ဂဏာမငြိမ်သလို ဟိုလျှောက်ဒီလျှောက်





လျှောက်နေသည်။ အတန်ကြာတော့ ညောင်းလာဟန်နှင့် ရှင်မင်း ဘေးကခုံမှာ ဝင်ထိုင်လိုက်သည်။ မိုင်လေးမမြင်ရသော်လည်း ထိုခုံ မှာ နန်းမြင့်ထိုင်နေ၏။ မိုင်လေးက ရုတ်တရက် ထိုင်ချလိုက်သည်မို့ နန်းမြင့်ရှောင်ပေးဖို့ အချိန်မရလိုက်. .

"အောင်မလေးတော့"

"ဟဲ့. . မိုင်လေး ဘာဖြစ်တာလဲ"

"ဖင်စူးသွားလို့. ."

ရှင်မင်း လှည့်ကြည့်တော့ ထိုင်ခုံမှ ထသွားသော နန်းမြင့်ကို တွေ့သည်။ ရှင်မင်းသက်ပြင်းသာ ချမိတော့၏။ မိုင်လေးက ခုံကို လက်နှင့် စမ်းကြည့်သည်။ ဘာအဆူးရယ်လို့မှမတွေ့. .

ဒီလိုနှင့် အားလုံးကိုယ်စီ ဖုန်းနှင့် နားကြပ်သုံးကာ ကိုယ်ဆို မည့်သီချင်းကို အကြိမ်ကြိမ် နားထောင်ကာ ငြိမ်သက်နေကြသည်။ နန်းမြင့်လည်း လူတွေကြားထဲမှာ ဘယ်သူနှင့်မှ မတိုက်မိအောင် သတိထား ရှောင်တိမ်းနေတာ တွေ့ရသည်။

"ဒိုင်တွေက အမှတ်မပေးဘူးတဲ့ Comment ပဲပေးမှာတဲ့၊ ပရိသတ်က SMS နဲ့ Vote ပေးတာကို ရေတွက်ပြီး ရွေးမှာတဲ့"

"ရင်တုန်လိုက်တာဟယ်၊ ငါ့ကို ပရိသတ်က မဲများများပေး ပါစေ"

ရှင်မင်း ပြောဆိုနေတာကိုကြည့်ပြီး. . မျက်နှာချင်းဆိုင်မှ ကောင်လေးတစ်စု ဝိုင်းဟားကြ၏။

"သူ့ပုံစံနဲ့များ အလွန်ဆုံးမဲရ နှစ်ယောက်၊ သုံးယောက်ပေါ့"

"ဟုတ်ပ စကားပြောတဲ့အသံကိုက နှာခေါင်းပိတ်နေတဲ့အ သံမျိုး. . ဟားဟားဟား"

"ဖြောင်း. . ဖြောင်း. ."



www.burmeseclassic.com

www.burmeseclassic.com



အားမနာပါးမနာ ဝင်ဖွဲ့နေသော ကောင်လေးနှစ်ယောက်အား နန်းမြင့်က လက်စင်ပေးလိုက်ခြင်းဖြစ်သည်။

"ဟင်. . ငါ့ကို ဘာလို့ရိုက်တာလဲ"

"မရိုက်ပါဘူး၊ ငါလည်းအရိုက်ခံရတာပဲ"

ဒီလိုနှင့် သော်တာနှင့်မိုင်လေး တို့ အလှည့်အပြီးမှာ ရှင်မင်းအလှည့်ရောက်လာသည်။ ရှင်မင်း တုန်တုန်ရီရီ ဖြစ်နေ၍ နန်းမြင့်က ပခုံးဖက်ပြီး စင်ပေါ် ဆွဲခေါ် လာခဲ့ရ၏။ ဒိုင်များနှင့်အဝေးမှ ပရိသတ်ကို လှမ်းမြင်ပြီး ရှင်မင်း ခြေဖျားလက်ဖျားတွေ အေးလာသည်။

နန်းမြင့်က ကျောသပ်၍ အားပေးရင်း. .

"ရှင့်နားမှာ နန်းရှိနေမှာ ဘာမှမကြောက်နဲ့ ရဲရဲသာဆို"

"အင်း. . အင်း. ."

Presenter က ဒိုင်များဖြစ်သော တေးရေး မြင့်မိုးအောင်၊ အဆိုတော် စည်သူလွင်၊ အဆိုတော် ဆုန်သင်းပါ(ရ်)တို့နှင့် မိတ်ဆက်ပေးပြီး သီဆိုဖို့အပ်နှံသည်။ ရှင်မင်း ဘုရားတရား အာရုံပြုကာ သီဆိုမှုကို စတင်လိုက်၏။

အကြိမ်ကြိမ် လေ့ကျင့်ခဲ့၍လားမသိ၊ ချောချောမောမော သီဆိုနိုင်ခဲ့သည်။ ဒုတိယအပိုဒ်အဝင်မှာ ရှင်မင်း လည်ချောင်းကပ်ပြီး အသံဝင်သွား၏။ အမှားမခံသည့် အဆင့်မို့ ရှင်မင်း စိုးရိမ်ထိတ်လန့်လာသည်။ ထိုစဉ်. . ရှင်မင်းတစ်ကိုယ်လုံး ယိုင်နဲ့သွားကာ ရင်ထဲနှလုံးထဲ တစ်ခုခု တိုးဝင်လာသလို ခံစားလိုက်ရ၏။

သို့သော် သီချင်းဆိုတာမပျက် သူ့စွမ်းဆောင်မှုမပါဘဲ အကောင်းဆုံးဆက်ဆိုနေ၍ သူ့ဘာသာ အံ့ဩနေမိသည်။ လှုပ်ရှားမှုတွေပါ အသက်ဝင်နေ၍ နောက်မှ နန်းမြင့် သူ့ကိုယ်ကိုပူးဝင်ပြီး သီဆိုနေမှန်း သိသွားကာ သက်ပြင်းရှိုက်မိတော့၏။





သူ့ဖျော်ဖြေမှုအဆုံးမှာ ပရိသတ်၏ အုန်းအုန်းကျွက်ကျွက်အားပေးမှုကို ရရှိလိုက်သည်။ ထိုစဉ်မှာ သူ့ကိုယ်ထဲက တစ်ခုခု တိုးထွက်သွားသလို ခံစားရပြီး ယိုင်တိုင်တိုင်ဖြစ်သွားသည်။

ဒိုင်သုံးယောက်စလုံး၏ ချီးကျူးမှုကိုလည်း ဖေါဖေါသီသီရရှိလိုက်၏။

သူဆိုတာပဲဖြစ်ဖြစ်၊ သရဲကူဆိုတာပဲဖြစ်ဖြစ်. . လူရွေးပွဲအောင်မြင်ဖို့က အဓိကပဲ ဖြစ်သည်။ SMS, Vote တွေ ရေတွက်ပြီး ရွေးချယ်ခံရသူစာရင်းကို ဂျာနယ်များတွင် ကြော်ငြာပြီး ကာယကံရှင်ထံ ဖုန်းဆက်အကြောင်းကြားမည်မို့ ရှင်မင်း ပြန်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၀ )

ရှင်မင်းကို တင်းပြည့်ကျပ်ပြည့် ကူညီပြီးပြီမို့ ဒီနေ့သူကို ကူညီရမည်ဟု နန်းမြင့်က အရေးဆိုလာသည်။ လုပ်ရမည့်အစီအစဉ်များကို ညကတည်းကဆွဲပြီး ကြိုတင်ပြင်ဆင်ခဲ့၏။ ဘာပဲလုပ်လုပ် ပိုက်ဆံပါမှရသဖြင့် . . လက်ကျန်နည်းနေပြီဖြစ်သည့် ရှင်မင်းမှာ မန္တလေးကို ပိုက်ဆံလှမ်းမှာရသေးသည်။

အမေတို့က ဦးမိုးထိထံမှ ကြိုက်သလောက်ယူသုံးထားဟု အကြောင်းပြန်သည်။ အလုပ်တွေများနေ၍ ဇကာတင် ရှစ်ယောက်





စာရင်းထဲပါပြီး အဆင့်မြင့်မြင့် ယှဉ်ပြိုင်တော့မှပဲ လာအားပေးတော့မည်ဟုလည်း အကောင်းမြင် နိမိတ်ဖတ် ပြောဆိုသွားသေးသည်။

သူတို့နှစ်ယောက် ကွန်ဒိုပေါ်မှ ဆင်းလာတော့ ရှင်မင်းလက်ထဲ အလူမီနီယံခေါက်လှေကားတစ်ခု ပါလာသည်။ လှေကားတင်သွားလို့ရအောင် ပစ်ကပ်တစ်စီးငှားပြီး နန်းမြင့်တို့အိမ်ကို ထပ်မံလာခဲ့ကြပြန်၏။

နန်းမြင့်က သူ့ယောက်ျားခွန်မှိုင်း ဘုရားရှိခိုးအပြီးတွင် မနက်ကိုးနာရီမှစ၍ လသာဆောင်ထွက်ပြီး အလုပ်လုပ်လေ့ရှိကြောင်း၊ လသာဆောင်နှင့် ကပ်လျက်ရှိသော အုတ်တံတိုင်းမှာ လှေကားထောင်ပြီး မျက်နှာချင်းဆိုင် စကားပြောလို့ရကြောင်း အကြံပေးခဲ့သည်။

ထောင့်ကွက်ဖြစ်သည့် နန်းမြင့်တို့အိမ်ဘေးမှ လမ်းသွယ်ထဲ ဝင်လာခဲ့ကြသည်။ နန်းမြင့် ညွှန်ပြသောနေရာမှာ လှေကားကို ထောင်လိုက်သည်။ လှေကားကို နန်းမြင့်အား ကိုင်ခိုင်းပြီး ရှင်မင်း တစ်ထစ်ချင်း တွယ်တတ်သည်။ နောက်ဆုံးအထစ်ထိ တက်လိုက်မှ အုတ်တံတိုင်းပေါ် ကိုယ်တစ်ပိုင်း ပေါ်ထွက်လာ၏။

နန်းမြင့် ပြောသည့်အတိုင်းပင် ကိုခွန်မှိုင်း Laptop နှင့် အလုပ်လုပ်နေတာ လှမ်းမြင်နေရသည်။ စာကြည့်မျက်မှန်တပ်ပြီး စိတ်ဝင်တစား အလုပ်လုပ်နေသည့် ခွန်မှိုင်းကို ကြည့်ကောင်းကောင်းနှင့် ငေးနေမိ၏။

"ဟိတ် . . ဘာလုပ်နေတာလဲ သေချာကြည့်လေ၊ မောင်ရှိတယ်မို့လား"

"ဟင် . . အင်း . . ရှိတယ် . . ရှိတယ်"

"ရှိရင် လှမ်းခေါ်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုခွန်မှိုင်း. . ကိုခွန်မှိုင်း. . အဲ. . မောင်. . မောင်"

သိပ်မဝေးလှသည်မို့ အသံခပ်အုပ်အုပ်နှင့်ပင် လှမ်းခေါ်လိုက်သည်။ ကိုခွန်မှိုင်း ခေါ်သံကြားသော်လည်း ဘယ်ကခေါ်မှန်း မသိသဖြင့် ဟိုဟိုဒီဒီကြည့်ကာ လိုက်ရှာနေ၏။

"ဒီ. . ဒီမှာ. . မောင်၊ နန်း ဒီမှာ"

ရှင်မင်း အောက်မှ နန်းမြင့်ကိုငုံ့ကြည့်ရင်း. .

"ဟုတ်တယ်နော်. .၊ နန်း ပြောတဲ့အတိုင်း တစ်လုံးမှမလွဲဘူး၊ ကဲ. . ဘာပြောရမလဲ ဆက်တိုင်ပေးအုံး"

"သြော်. . မောင်. . မောင်. . ဒီဘက်ကိုကြည့်ပါအုံး၊ နန်းရောက်နေပြီလေ"

ထပ်ပြီး အသံပေးလိုက်တော့မှ ခွန်မှိုင်း ရှင်မင်းကို တွေ့သွားသည်။ တစ်ခါတွေ့ပြီးပြီမို့ မှတ်မိနေပြီဖြစ်သည့် ခွန်မှိုင်း ဝရန်တာအစွန်ထိလျှောက်လာကာ တအံ့တသြ လှမ်းကြည့်နေ၏။

"နန်းကို ချစ်သေးရဲ့လားဟင်. . "

ရှင်မင်းက ရုပ်ကြမ်းကြီးနှင့် နွဲ့ကာပြောနေ၍. .

"ဟာ. . . ဒီအရူးမ အုတ်တံတိုင်းပေါ်တက်ပြီး ဘာတွေလျှောက်အော်နေတာလဲ"

ရှင်မင်း အမူအရာတွေ လုပ်နေသေးသည်။

"နန်း. . တကယ်ရောက်နေတာပါ၊ မယုံရင် မောင့်ရဲ့ ဟိုနေရာမှာ မှည့်ရှိနေတာ နန်းပဲသိတာနော်"

"ဟင်"

"နားထောင်နေသော ခွန်မှိုင်းပင် လန့်ဖျပ်သွား၏။ ရှင်မင်းအောက်ကိုငုံ့ရင်း. . .

"နန်း. . ဘာတွေလျှောက်ပြောနေတာလဲ. . "





နန်းမြင့်စံက မျက်နှာငယ်လေးနှင့် မော့ကြည့်ပြီး. .

"မောင့်. . ဖင်မှာလို့ ပြောလိုက်. . "

ဒီတော့မှ ရှင်မင်း အကြည့်ကို ခွန်မှိုင်းဆီ ပြန်ပို့လိုက်ပြီး. .

"မှဲ့က ရှင့်ဘယ်ဘက်ဖင်မှာ ရှိတာတဲ့. . "

ခွန်မှိုင်းလည်း အယောင်ယောင်အမှားမှားနှင့် သူ့ဖင်သူကိုင်လိုက်မိသည်။ ရှင်မင်း ကြားခံမီဒီယာအဖြစ် အသုံးတော်ခံကာ လူနှင့်သရဲအကြား ဆက်သွယ်ရေးကွန်ရက် ထူထောင်ကာ ဝန်ဆောင်မှုပေးနေရ၏။

ထိုစကားတစ်ခွန်းကြောင့် ခွန်မှိုင်း တွေတွေဝေဝေ ဖြစ်သွား၏။ ရှင်မင်းကိုကျော်ပြီး လမ်းပေါ်မှာ သူ့ဇနီးနန်းမြင့် ရှိနေမလား လှမ်းကြည့်ရှာသည်။ လက်ခံချင်သလို အမူအရာမျိုးမို့ တွန်းတွန်းတိုက်တိုက် ရှင်မင်း ထပ်အော်ပေးရသည်။

"နန်းစိတ်ကောက်ပြီဆိုရင် နန်းဆံပင်ရှည်ကြီးကို မောင်အမြဲဖီးပေးတတ်တယ် မဟုတ်လား"

"မောင်နဲ့နန်း စိတ်ကောက်ပြီး စကားမပြောတဲ့အချိန်မှာ မောင်က သွားတိုက်ဆေးနဲ့ ရေချိုးခန်းမှန်မှာ စာရေးပြီး နန်းကိုအမြဲချော့တတ်တယ်လေ"

ရှင်မင်းက လူနဲ့သရဲကြား ဘာသာပြန်ပေးလိုက်သည်။

ဒီတစ်ခါတော့ အတော်ကလေး ဟတ်ထိသွားပုံရသည်။

ခွန်မှိုင်း မျက်နှာညှိုးသွားကာ ခေါင်းငိုက်စိုက်ကျသွား၏။

ခွန်မှိုင်း ရှင်မင်းအား လှမ်းကြည့်ပြီး ခေါင်းယမ်းပြကာ ဝရန်တာမှ ပြန်ထွက်သွား၏။

"ဟာ. . ကိုခွန်မှိုင်း. . မောင်. . မောင် နေဦးလေ ဟော့. . သွားပြီ ဝင်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်မိုင်းက လသာဆောင်မှာပင် မနေတော့ဘဲ အိမ်ထဲထိ တန်း ဝင်သွားကာ တံခါးပါ ပိတ်လိုက်တော့သည်။ ရှင်မင်း စိတ်ဓာတ်ကျသွားကာ လှေကားမှ ပြန်ဆင်းလာခဲ့၏။

သူတို့နှစ်ယောက် ပလက်ဖောင်းမှာ စိတ်ပျက်လက်ပျက် ထိုင်နေကြ၏။ ရှင်မင်းက နန်းမြင့်စံအား ခွန်မိုင်းကို အိပ်မက်ပေးပြီး ဆက်သွယ်ရန် အကြံပေးကြည့်သည်။ နန်းမြင့်စံက သူမှာ အဲလောက် ပါဝါမရှိဟု ပြန်ပြော၏။

"ဒီလိုဆိုလည်း အပြင်ထွက်လာတာစောင့်ပြီး သူ့ကိုယ်ထဲ သာ ပူးဝင်လိုက်တော့"

"ဝေးသေး သူက ဘုရားနဲ့တရားနဲ့ အဲဒီလို သွားလုပ်လို့မရဘူး ရှင်မင်းရဲ့"

"ဒါဆိုလည်း မပြောတတ်တော့ဘူး နန်းရယ်"

ထိုစဉ် ကားတစ်စီး စက်သံကို ကြားလိုက်ရသည်။ ခြံတံခါး ပိတ်သံနှင့်အတူ ခြံထဲမှ ကားတစ်စီး ထွက်လာ၏။ အမှတ်မထင်ပင် သူတို့လှည့်ကြည့်မိသည်။

"ဟယ်. . အဲဒါ. . မောင်. . မောင်. . မောင့်ရဲ့ကား လိုက်ပါဦး ရှင်မင်း. . လိုက်ပါဦး"

နန်းမြင့်စံ အမောတကောပြောပြီး အသည်းအသန် ပြေးလိုက်သွားသဖြင့် ရှင်မင်းလည်း နောက်မှ လှေကားကြီးကိုင်ကာ အလောတကြီး ပြေးလိုက်ခဲ့ရတော့၏။

ပြေးရင်းလွှားရင်းနှင့် နန်းမြင့်စံ အော်ပြောသမျှကို ရှင်မင်း အသံကုန်လိုက်အော်နေရသေးသည်။

"ကိုခွန်မိုင်း. . မောင်. . နေပါဦး"

ခေါ်သံသဲ့သဲ့ကြားရသည်မို့ ဘရိတ်ကိုမှေးရင်း နောက်ကြည့်မှန်မှ တစ်ဆင့် ကြည့်လိုက်သည်။

"ဟာ. . အရူးမ လိုက်လာပြန်ပြီ"

ခွန်မိုင်း စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး ကားကို လမ်းဘေးချကာ ရပ်လိုက်၏။ အမောတကော ပြေးလာသော ရှင်မင်း ကားကို မီလာသည်။ ခွန်မိုင်း ကားတံခါးဖွင့်ကာ ကိုယ်တစ်ပိုင်းထွက်၍ လှည့်ကြည့်လိုက်သည်။

လှေကားကိုင်ရင်း ကားနောက်ပြေးလိုက်ရသဖြင့် အမောဖောက်နေသော ရှင်မင်းမှာ ခွန်မိုင်းနားအရောက်တွင် စကားမပြောနိုင်တော့. . .။ ဟောဟဲစိုက်ကာ ရင်အစုံတည်ငြိမ်အောင် အသက်မှန်မှန်ရှူနေရသည်။

နန်းမြင့်စံကတော့ အနားမကပ်ရဲဘဲ ကားနောက်နားမှ ခေါင်းပြူခြောင်းကြည့်နေရှာသည်။ ရှင်မင်း အမောမပြေခင် ခွန်မိုင်း စကားစသည်။

"ဒီမယ် မိန်းခလေး၊ ခင်ဗျားမှာ ဘာရည်ရွယ်ချက်ရှိလဲဆိုတာတော့မသိဘူး၊ နန်း သရဲဖြစ်နေတယ်ဆိုတဲ့ စကားထပ်မပြောပါနဲ့တော့၊ ကျုပ်လုံးဝကို မခံစားနိုင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နန်းက ကားအက်ဆီးဒင့်(န်)ဖြစ်ပြီး ဆေးရုံတင်ထားရတယ်၊ သူ မသေသေးဘူးဆိုတာ ကျုပ်သိနေလို့ပဲ"

"ရှင်. ."

ထိုစကားပြောပြီးသည်နှင့် ခွန်မိုင်း ကားတံခါးပိတ်ကာ တစ်ရှိန်ထိုး မောင်းထွက်သွားတော့သည်။ ရှင်မင်းနှင့် နန်းမြင့်စံတို့ တစ်ယောက်ကိုတစ်ယောက် စေ့စေ့ကြည့်လိုက်ကြ၏။

"ပြောသွားတာကြားတယ်နော်. . . နန်း စဉ်းစားလို့မရတဲ့ အပိုင်းတွေ. . .၊ နန်း ကားအက်ဆီးဒင်(န့်)ဖြစ်ပြီး ဆေးရုံရောက်နေ







www.burmeseclassic.com

www.burmeseclassic.com



တာတဲ့”

“မောင်. . မောင်ပြောသွားတာဆိုရင်တော့ ဟုတ်မှာပါ. . ဘုရား. . ဘုရား. . ငါ ကားအက်ဆီးဒင်(နဲ့)ဖြစ်ခဲ့တာကိုး၊ အဲဒါကို လုံးဝစဉ်းစားလို့ မရတာ”

“အရေးအကြီးဆုံးက နန်း မသေသေးဘူးတဲ့”

“ဒါ. . ဒါဆို နန်းက ဘာလဲဟင်”

“မြောလွင့်ဝိညာဉ် ဖြစ်နေတာပေါ့”

ကွင်းဆက်ပြတ်နေသော အစတစ်စကို ဆွဲထုတ်ဆက်စပ်မိကြပြီဖြစ်၍ သူတို့အားတက်နေကြသည်။

“ဒါပေမဲ့ ဘယ်ဆေးရုံလဲဆိုတာ မသိလိုက်ရဘူး”

“အင်းနော်. . ဒါကိုသိဖို့သိပ်တော့ မခက်ခဲပါဘူး၊ ရှင်မင်းတော့ နန်းသရဲ မဟုတ်ဘူးဆိုတာနဲ့တင် ဝမ်းသာလှပါပြီ”

ဝိညာဉ်တစ်ခုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ဖို့. . ရှင်မင်း လုံးဝမကြောက်တော့. . .။







# အခန်း ( ၁၁ )

ဦးမိုးထိ ထုတ်ပေးသည့် ငွေဆယ်သိန်းကို ရှင်မင်း အိတ်ထဲသေချာထည့်သိမ်းလိုက်သည်။

“အဆင်ပြေရဲ့လား ရှင်မင်း”

“ပြေပါတယ် ဦးမိုး”

“ဒါနဲ့ နင် အခုလာတာ တစ်ယောက်တည်းလား”

ရှင်မင်းက ဘာမှပြန်မဖြေဘဲ သူ့ဆံပင်ကို သပ်ယူကာ လှမ်းပေးလိုက်သည်။ ဦးမိုးထိ ပျာပျာသလဲ လက်ခါကာ ငြင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်. . တော်ပါတော့ ရှင်မင်းရယ်၊ ဟိုတစ်နေ့က နင်လာသွားတာ နှစ်ညလောက် အိပ်မပျော်ဘူးဖြစ်သွားတာ မကြည့်ပါရစေနဲ့တော့"

"အပင်း. . ဦးမိုးထိက တအားကြောက်တတ်တာကိုး"

အိမ်ထဲမှ ထွက်လာသော ဇာခြည်က. .

"မမရှင်မင်းက သိပ်သတ္တိကောင်းတာပဲနော်"

"သတ္တိကောင်းတာတော့ မဟုတ်ပါဘူး၊ တစ်ယောက်အခက်အခဲ တစ်ယောက်ကူညီပေး. . အဲ. . ဘာမှမဟုတ်ဘူး"

"မမဆံပင်တွေ ဆက်ထားတာ ပြန်ဖြုတ်လိုက်ပါလား၊ အဲဒါမှ သရဲမကို မမြင်ရတော့မှာ"

ရှင်မင်းက သူ့ဆံပင်ရှည်ကြီးကို မဖြုတ်ချင်၍ ခေါင်းခါပြရင်း ဦးမိုးထိနှင့် ဇာခြည်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လိုက်သည်။

ရှင်မင်း အပြင်ရောက်တော့ အုတ်ခုံလေးတွင် ထိုင်စောင့်နေသော နန်းမြင့်စံကို တွေ့သည်။

"ရှင်မင်းရယ်. . ကူညီပါဦး၊ မောင်ကားပျက်နေပြန်ပြီ"

"လုပ်ပြန်ပြီ၊ နန်းက ဘယ်လိုသိတာလဲ"

"ရှင်မင်း အထဲဝင်နေတုန်း နန်း. . မောင့်နောက်လိုက်သွားကြည့်တာ. ."

သူတို့နှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြသည်။ စကားပြောတိုင်း ခြေဟန်လက်ဟန်နှင့် အားပါးတရ ပြောတတ်သည့် ရှင်မင်းကြောင့် လမ်းသွားလမ်းလာတွေ မျက်လုံးပြူးသွားကြတာ မြင်နေရသည်။

တစ်ယောက်တည်း ခြေဟန်လက်ဟန်နှင့် စကားပြောလာသည့် ရှင်မင်းအား စိတ်မနှံ့သူတစ်ယောက်အဖြစ် ရှုမြင်ကာ မှတ်





ချက်ပေးသွားကြ၏။ ဒီအဖြစ်မျိုးတွေ မကြာခဏ ကြုံနေရသည်မို့ ရှင်မင်း စိတ်အနှောင့်အယှက် ဖြစ်မနေတော့. . .

သို့နှင့် ခွန်မိုင်း ကားပျက်သောနေရာသို့ ရောက်လာကြသည်။

နန်းမြင့်စံ ရုတ်တရက် ပျောက်သွားလေ၏။ ရှင်မင်းလည်း ကားဘေးမှာ ရပ်ပြီး ဖုန်းဆက်နေသည့် ခွန်မိုင်းထံ မယောင်မလည်နှင့် ကပ်လာခဲ့၏။

"ဟယ်. . ကိုခွန်မိုင်းပါလား ဘာလုပ်နေတာလဲ"

"ဟင်. . အရှူးမ. . အဲ. . မ မဟိုဒင်း"

"အပင်း. . ကျွန်မနာမည် ရှင်မင်းပြည့်ပါ နန်းမြင့်စံရဲ့ သူငယ်ချင်းပေါ့"

"ဪ. ."

"ကားပျက်နေတာလား"

"အင်း. . ဟုတ်တယ်"

ဖွင့်ထားသော ကားစက်ဖုံးရှေ့သို့ ရှင်မင်း ဆက်လျှောက်သွားသည်။ ဒီအရူးမ စိတ်ချမ်းသာရင်ပြီးရော ဆိုသောသဘောနှင့် လွှတ်ပေးထားလိုက်ပြီး ဝက်ရှော့ဆရာဆီ ဖုန်းခေါ်နေလိုက်သည်။ တဖက်က ဖုန်းမကိုင်သဖြင့် ခွန်မိုင်း အခက်တွေ့နေလေသည်။

"စက်နှိုး. . စက်နှိုးလိုက်တော့ ကိုခွန်မိုင်း"

စက်ဖုံးဘောနပ်ကို ရှောင်ကာ ခွန်မိုင်းအား မြင်အောင်ကြည့်ရင်း ရှင်မင်း လှမ်းပြောလိုက်သည်။ ခွန်မိုင်းလည်း ဟုတ်လိုတုတ်ငြား စက်နှိုး ကြည့်၏။

"ဝှီး. . ဂရီး. . ဂရီး. . တောက်. . တောက်. . တောက်"

ကားအင်ဂျင် နိုးလောက်သည့် လျှပ်စစ်ပါဝါကို မရသဖြင့်

www.burmeseclassic.com



စက်နှိုး၍မရ။ ပေါ်တောတောနှင့် ဂျပုမပြောတာ လိုက်လုပ်မိ၍ ခွန်မှိုင်း ကိုယ့်ဘာသာ စိတ်တိုနေမိသည်။

"လုပ်ကြည့်ပါဦး ကိုခွန်မှိုင်း စက်က နှိုးချင်နေပြီ"

"ဂရစ်. . ဂရစ်. . ဂရစ်. . ဂီး. . ဂီး"

ဆောင့်ကြီးအောင့်ကြီး စက်နှိုးပြီး. . . မရသည့်အတွက် ခွန်မှိုင်း ကားပေါ်မှ ပြန်ဆင်းလာ၏။ ထိုစဉ်. . လူငယ်တစ်ယောက် ကားနားရောက်လာကာ. .

"ကားက တွန်းနှိုးမှာလား"

"ဘက်ထရီ ဒေါင်းသွားတာဆိုတော့ တွန်းမှပဲရတော့မှာပေါ့"

"ဟောဟိုက အစ်မ အကူအညီတောင်းလို့ ကျွန်တော်လာတာ. . ဟင်"

ထိုသူငယ် လက်ညှိုးထိုးပြသောနေရာတွင် သူပြောသည့် အစ်မကိုလည်း မတွေ့တော့သဖြင့် လူငယ် ခေါင်းကုပ်ရတော့သည်။ နန်းမြင့်စံ အကူအညီသွားတောင်းတာကို ရိပ်မိသော ရှင်မင်းက. .

"ကဲ. . မောင်လေး. . ကူညီမှာမလား၊ တွန်းရအောင်. ."

ပြောမယ့်သာပြောရသော်လည်း ရှင်မင်းအဖြစ်က ရေတ်သီးနှင့်ပေါင်းမိ၍ အထောင်းခံရသည့် ကြက်သွန်လို ဖြစ်ရပြန်ပြီ။ ကယ်တင်ရှင် ပုဂ္ဂိုလ်နှင့်အတူ ရှင်မင်း ကားတွန်းရတော့သည်။ ခွန်မှိုင်းက ကားပေါ်တက်၍ စက်နှိုးသည်။ လမ်းက ကုန်းတက်မို့ ရှင်မင်း လျှာထွက်နေ၏။

ရှုတ်တရက်ဆိုသလို ရှင်မင်းဘေး၌ နန်းမြင့်စံ ပေါ်လာသည်။ ကားကိုသာ အားရုံစိုက်တွန်းနေသောလူငယ် နန်းမြင့်စံကို မြင်လေလျှင်. .





"ဩော်. . . အစ်မပါလား၊ အကူအညီတောင်းပြီး ဘယ်ပျောက်သွားတာလဲ. ."

"ကဲပါ. . မောင်လေး. . တွန်းမှာသာတွန်းစမ်းပါ၊ ဒီမှာ အီး ထွက်တော့မယ်"

ရှင်မင်းက စိတ်မရှည်တော့သဖြင့် ဝင်ပြောသည်။ နန်းမြင့်စံပါ ကူတွန်းပေးတော့ ကားက အရှိန်နှင့်ပြေးတော့၏။ ခွန်မှိုင်းလည်း အရှိန်ရလာသည်နှင့် စက်နှိုးလိုက်တော့ ဗြီဗြီ ဗြဗြနှင့်အော်ဟစ်ပြီး နှိုးသွားတော့၏။ လီဗာပုတ်၍ အင်ဂျင်ပုံမှန်ဖြစ်အောင် စက်ရှိန်မြှင့်ပေးလိုက်သည်။ စက်နှိုးသွား၍ ခွန်မှိုင်း ကားပေါ်မှ ဆင်းလာ၏။ လူငယ်အား ကျေးဇူးတင်စကားပြောအပြီး ထိုလူငယ်က နန်းမြင့်စံကို နှုတ်ဆက်စကားဆိုကာ ပြန်သွားလေသည်။ ဒါကိုမြင်နေရသော ခွန်မှိုင်းက နားမလည်သောပုံစံနှင့် ရှင်မင်းကိုကြည့်ပြီး. .

"ဒီကောင်လေး ဘယ်သူ့ကို စကားတွေပြောနေတာလဲ"

"ရှင့်. . မိန်းမ နန်းမြင့်စံကိုဖြစ်မှာပေါ့"

"ဟာ. . လာပြန်ပြီ၊ စကားအကောင်းပြောရင် မဖောက်နဲ့နော်"

ထိုစဉ် နန်းမြင့်စံ ကိုယ်ယောင်ဖျောက်သွား၍ ခွန်မှိုင်းနားတွင် ရှင်မင်းတစ်ယောက်တည်း ကျန်ခဲ့တော့သည်။ ယောကျ်ားပီသ လွန်းသော ခွန်မှိုင်း မျက်နှာကို ရှင်မင်း အနီးကပ်ငေးနေမိသည်။

ခွန်မှိုင်း ပြုံးပြနှုတ်ဆက်ကာ ကားပေါ်ပြန်တက်ရန် လှည့်ထွက်သွား၏။ ထိုစဉ်. .

"မောင်. ."

အသံကြောင့် ခွန်မှိုင်း ကြောင်ပြီး. . လည်ပြန် လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း တုန်တက်ကာ မျက်လုံးများမှေးစင်း သွားသည်ကို မြင်နေရသည်။ ရှင်မင်း မျက်လုံးမှိတ်လျှက်သားနှင့်ပင် ခွန်မှိုင်းအနား တိုးကပ်သွားပြီး နောက်မှသိုင်းဖက်လိုက်၏။ ပါးစပ်မှလည်း . .

"မောင်. . မောင်ရယ်၊ နန်းကို တစ်ယောက်တည်းထားမသွားပါနဲ့"

"ဟ. . ဘယ်လိုဖြစ်တာလဲ၊ လွှတ်. . လွှတ်ပါဗျ"

"မောင့်ကို အရမ်းချစ်တာပဲကွာ၊ မောင့်ကိုယ်က အရမ်းဖက်လို့ ကောင်းတာပဲ"

"လွှတ်စမ်းပါဗျာ"

"အခုဖက်နေတာ နန်းပါ မောင်ရဲ့"

"ဟာ. . မဖြစ်နိုင်တာ၊ ခင်ဗျားက ဘယ်လိုလုပ် ကျုပ်မိန်းမ ဖြစ်မှာလဲ"

ခွန်းမှိုင်း အတင်းရုန်းထွက်သော်လည်း နောက်မှ တင်းကျပ်အောင်ဖက်ထားသဖြင့် ရုန်းမရဖြစ်နေသည်။

"အဟမ်း. . အဟမ်း"

ထိုအချိန်တွင် ရှင်မင်းတစ်ယောက်သာ ကြားရသော. . ချောင်းဆိုးသံ ထွက်ပေါ်လာသည်။ ရှင်မင်းမှာ သူ့အာရုံနှင့်သူမို့. . ချောင်းဟန့်သံကိုလည်း စိတ်မဝင်စားတော့. .

အသံပိုင်ရှင်က နန်းမြင့်စံဖြစ်နေ၏။ နန်းမြင့်စံက ရှင်မင်းအား နောက်မှ ခါးထောက်ရင်း ဒေါသတကြီးနှင့် ကြည့်နေလေ၏။

"ရှင်မင်း. . ဒါ ဘာလုပ်နေတာလဲ"

"နန်းက ရှင်မင်းကိုယ်ထဲ ဝင်ပူးနေတာလေ"

"အခုလွှတ်စမ်း. . "

ဒီတော့မှ အသံလာရာသို့ ရှင်မင်း လှည့်ကြည့်မိသည်။





"လွှတ်ဖူး. . "

လက်က တင်းကျပ်စွာ ထပ်ဖက်ထားလိုက်သေးသည်။

"အ. . အား. . "

နန်းက ရှင်မင်းနားရွက်ကို ဆွဲလိမ်လေပြီ။ ဒီတော့မှ ဖက်ထားသော လက်နှစ်ဖက်ကို ရှင်မင်း လွှတ်ပေးလိုက်ရတော့သည်။

ခွန်မှိုင်း ဒေါသထွက်ထွက်နှင့် ရှင်မင်းဘက်လှည့်လာပြီး. .

"ဒီမယ် ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ လိုက်နှောင့်ယှက်နေတာလဲ၊ ကျုပ်နှလုံးသားထဲမှာရှိတာ နန်းပဲ၊ ကျုပ်မိန်းမအသက်ရှင်ခွင့်ရအောင် အစွမ်းကုန်ကြိုးစားနေရတာ၊ ကဲ. . ဒီမှာကြည့်"

ခွန်မှိုင်းက သူ့ဖုန်းကိုထုတ်၍ နန်းမြင့်စံနှင့်အတူ တွဲရိုက်ထားသော ပုံများကို ပြလေ၏။

"ဟုတ်တယ်. . ဟုတ်တယ် သူပဲ"

"သူအခု ဆေးရုံပေါ်မှာ. . "

နောက်က လက်ပိုက်ကြည့်နေသော နန်းမြင့်စံက. .

"နန်းကို ဆေးရုံခေါ်သွားပေးပါလို့ ပြောပေး"

"မပြောပေးဘူး၊ စောစောက နားရွက်လိမ်ဆွဲတာ အခုထိ နာနေတုန်းပဲ. . . အား"

နောက်ထပ် နားရွက်တစ်ဖက်အား နန်းမြင့်စံ ထပ်လိမ်ဆွဲလိုက်၏။ မျက်နှာကြီးရှုံ့မဲ့သွားကာ နားရွက်နှစ်ဖက်ကို လက်ဖြင့်အုပ်ရင်း. .

"ပြောပေးပါ့မယ်. . မလုပ်ပါနဲ့တော့. . ပြောပါ့မယ်"

ခွန်မှိုင်းမှာတော့ အရူးတစ်ယောက်ဘေးတွင် နေရသလို ခေါင်းကုပ်ကာ ကြောင်တောင်တောင်ဖြစ်နေမိသည်။

"ဒီလောက်တောင် ဖြစ်နေမှတော့ ခင်ဗျားကို ဆေးရုံကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားမယ်၊ ကျုပ်မိန်းမ သရဲမဟုတ်ဘူးဆိုတာ သက်သေပြမယ်”

မျှော်လင့်စောင့်စားခဲ့ရသည့် အချိန်ကိုရောက်လာခဲ့ပြီ။ ခွန်မိုင်းက ကားထဲအရင်ဝင်ထိုင်ကာ ရှေ့ခန်းတံခါး ကြိုဖွင့်ပေးထားသဖြင့် ရှင်မင်းပျော်သွားပြီး တက်ဖို့ခြေလှမ်းပြင်ခိုက် ရှေ့ခန်းခုံပေါ်တွင် ရောက်နေသူက နန်းမြင့်စံ ဖြစ်နေ၏။

ကားနောက်ခန်းသို့ လက်မနှင့်ညွှန်ပြလိုက်သည်။

“ဟင်း. . ဟင်း. . ကျွန်မ နောက်ခန်းကပဲ လိုက်တော့မယ် ကိုခွန်မိုင်း”

ရှင်မင်း နှုတ်ခမ်းကို တစ်တောင်လောက်ထိ ချွန်ထွက်လာအောင် စူပစ်လိုက်ပြီး နောက်ခန်းထဲ ဝင်ထိုင်လိုက်ရ၏။

ခွန်မိုင်းလည်း ခေါင်းခါရင်း သူဖွင့်ပေးသောတံခါးကို သူဘာသာ ပြန်ပိတ်လိုက်ရသည်။ ခွန်မိုင်းက ဘာကိုမှ သတိပြုမိပုံမရ။ ကားကိုသာ ဂရုတစိုက်မောင်းထွက်လာခဲ့သည်။ ဘာစကားမှမပြော၊ ရှင်မင်းနှင့် နန်းမြင့်လည်း ငြိမ်ငြိမ်သက်သက်ပင် လိုက်လာခဲ့၏။

နောက်ဆုံးတော့ လှိုင်မြစ်ကမ်းပါးအနီးမှ ပန်းလှိုင်ဆေးရုံသို့ ရောက်ခဲ့ကြသည်။ ကားပါကင်တွင် ကားကို စနစ်တကျရပ်ပြီး. . ခွန်မိုင်းက လိုက်ခဲ့ဟု တိုတိုတုတ်တုတ် ပြောကာ ထွက်သွား၏။

ရှင်မင်းတို့နောက်မှ အသော့နှင်ကာ ပြေးလိုက်ကြရသည်။ ဆေးရုံတက်နေရသည့် နန်းမြင့်စံ လူအစစ်နှင့် တွေ့ရမည်ဆို၍ ရှင်မင်း အကြီးအကျယ် စိတ်လှုပ်ရှားနေသည်။ ကာယကံရှင် ဖြစ်သည့် နန်းမြင့်စံအတွက် ဆိုဖွယ်ရာမရှိတော့. . .။

နှစ်ဘက်ပွင့် ဓာတ်လှေကားတံခါး ပွင့်သွားသည်နှင့် သုံးလွှာမှ အခန်းတစ်ခန်းဆီ ခွန်မိုင်းလျှောက်သွား၏။ ခွန်မိုင်း တံခါးဖွင့်ဝင်သွားသည်နှင့် ရှင်မင်းကို နန်းမြင့်က လှမ်းဆွဲလေသည်။





“နန်း. . မလိုက်ရဲဘူး”

“လာလေ နန်းရဲ့. . ဘာဖြစ်လို့လဲ”

“ဟို. . ဟို. . နန်းကိုယ်နန်း ပြန်တွေ့ရမှာ လန့်နေလို့ပါ”

“ဩော်. . နန်းရယ် ရင်မဆိုင်ဘဲ ပြီးသွားမယ့် ကိစ္စမှမဟုတ်တာ၊ လာပါ. . လာလိုက်ခဲ့”

ရှင်မင်း ဖွတ်ဆွဲခေါ်ခဲ့၍ နန်းမြင့် တွန့်တွန့်ဆုတ်ဆုတ်နှင့် လိုက်လာသည်။

အခန်းထဲအရောက် ဆရာဝန်သူနာပြုများနှင့် စကားပြောနေသော ခွန်မိုင်းအား တွေ့ရသည်။ အဆိုတော် နန်းမြင့်စံအစစ်က သူနာခုတင်ပေါ်မှာ ပက်လက်လေး။ အောက်ဆီဂျင်ပေးပြီး အသက်ရှူခိုင်းထားရသည့် သတိကင်းလွတ်နေသော နန်းမြင့်စံကိုကြည့်ပြီး. . ဝိညာဉ် နန်းမြင့်စံ တအံ့တသြ ဖြစ်နေမိသည်။

“ဒေါက်တာ ကျွန်တော့်ဇနီး ပြန်ကောင်းလာမှာပါနော်”

“အပိုင်တော့ တွက်ထားလို့မရဘူး၊ အခုသူက COMA ဝင်နေတာလေ၊ ခွဲစိတ်မှုလုပ်ရင် အခွင့်အလမ်းက (၅၀-၅၀) ပဲ၊ ဒါပေမဲ့ ဝီရာဝေ့(ဗ်)ဆေးရုံက ဦးနှောက်နဲ့အာရုံကြော ခွဲစိတ်ပါရဂူကြီး ကိုင်တွယ်တဲ့ Cases မှန်သမျှ နိုင်တီပါစင့်(န်) အောင်မြင်ပါတယ် ကိုခွန်မိုင်း”

“ဒါဆို သူက ဘယ်တော့လာမှာလဲ”

“တစ်လနီးပါးတော့ စောင့်ရမယ်၊ Confirm ဖြစ်ရင် ပြောမယ်လေ”

“ဟုတ်ကဲ့ ခွဲစိတ်ဖို့ ကျွန်တော် သဘောတူပါတယ်၊ စာရင်းသာ သွင်းထားပေးပါ ဒေါက်တာ”

“OK. . ခင်ဗျားမိန်းမ ကံကောင်းမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်ကြီးနှင့်အဖွဲ့ ပြန်ထွက်သွားကြသည်။ ရှင်မင်းက နန်းမြင့်စံ လက်ကိုဆွဲကာ ခုတင်နားကပ်လာ၏။ ပြီးတော့ ဘာမပြော ညာမပြောနှင့် ဝိညာဉ်နန်းမြင့်စံအား တွန်းထိုးကာ ခုတင်ပေါ်မှ ကိုယ်ထဲသို့ အတင်းဝင်ခိုင်းတော့၏။

"နန်း. . ဝင်. . ဝင်. . ပြန်ဝင်လိုက်. . ဒါမှ ပြန်သတိရလာမှာ"

ဝိညာဉ်ပြန်ဝင်လို့ ရမရ ရှင်မင်းမသိ၊ နန်းမြင့်စံ အသက်ပြန်ရှင်လာဖို့ စိတ်စောပြီး ဇွတ်တရွတ် လုပ်နေခြင်းသာ ဖြစ်သည်။ နန်းမြင့်စံမှာ ပြန်ဝင်လို့မရသည့်အတွက် ဟန်ချက်ပျက်ပြီး ယိုင်လဲနေရင်းမှ ငြင်းဆန်နေသလို. . ခွန်မှိုင်းလည်း မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေလေ၏။

"ရှင်မင်း. . မလုပ်နဲ့. . မလုပ်နဲ့၊ နန်း ပြန်ဝင်လို့မရဘူး"

"ဟာ. . ဟေ့. . ဟေ့. . ရှူး. . ရှူး ခင်ဗျားဘာတွေလုပ်နေတာလဲ၊ လူနာကို ထိသွားလိမ့်မယ် မလုပ်နဲ့"

"ရှင့်မိန်းမကိုယ်ထဲ ဝိညာဉ်ပြန်သွင်းနေတာလေ မသိဘူးလား မောင်ရဲ့. . အဲ. . ကိုခွန်မှိုင်းရဲ့"

တွန်းတိုက်နေသော ရှင်မင်းလက်တွေကို ခွန်မှိုင်းဖမ်းဆွဲကာ တားလိုက်၏။

"ခင်ဗျားလုပ်ရပ်ကို ခုချင်ချင်း ရပ်လိုက်ပါ"

ခွန်မှိုင်း ဒေါနှင့်မောနှင့် ပြောလာသဖြင့် ရှင်မင်း ဝမ်းနည်းသွားသလို မခံချင်စိတ်လည်း ဖြစ်မိသည်။ ကိုယ်က စေတနာနှင့် ကူညီတာကို အသိအမှတ် ပြုမခံရသည့်အတွက်ပိုပြီး စိတ်မကောင်းဖြစ်ရ၏။





"ရှင်မင်းက အားလုံးအဆင်ပြေအောင် ကူညီနေတာနော်၊ ဒီအခန်းထဲမှာ ရှင့်မိန်းမဝိညာဉ်လည်း ရောက်နေတယ်"

"ဒီမှာ သူရှိနေတာ ခင်ဗျားအမြင်ပဲလေ၊ ယာဉ်တိုက်မှုကြောင့် အချိန်အကြာကြီး သတိလစ်နေတာ"

အခန်းထဲသို့ နန်းမြင့်စံ၏ ဝိညာဉ်ရောက်ရှိနေခြင်းအား ခွန်မှိုင်းက လုံးဝလက်မခံဘဲ တစ်ယူသန်ပြောဆိုနေသည့်အတွက် ရှင်မင်း မခံမရပ်နိုင် ဖြစ်လာ၏။

"ကျွန်မဘေးမှာ ရှင့်မိန်းမ ရပ်နေတယ်လေ"

"ကျုပ်လည်း မမြင်ရပါလား၊ တကယ်ဆို ခင်ဗျားလည်းမြင်ခွင့်ရရင်. . ကျုပ်မိန်းမကို ကျုပ်လည်းမြင်ချင်တာပေါ့"

ဘာမှရှိမနေသော ရှင်မင်းဘေးသို့ကြည့်ကာ ခွန်မှိုင်း ပြောလိုက်သည်။ ခွန်မှိုင်း၏ အမူအရာက လက်ခံယုံကြည်နိုင်ခြင်း မရှိသလို အင်တင်တင် ဖြစ်နေ၏။

ရှင်မင်းက သူ့ဆံပင်ကိုကိုင်ကာ လှမ်းပေးရင်း. .

"ကောင်းပြီ. . ဒါဆို ကိုခွန်မှိုင်း ကျွန်မရဲ့ဆံပင်ကိုကိုင်ပြီး ရှင်မင်းဘေးကိုကြည့်လိုက် နန်းရဲ့ ဝိညာဉ်ကို မြင်ရလိမ့်မယ်၊ အလှပြင်ဆိုင်မှာ နန်း ဖြတ်ထားခဲ့တဲ့ ဆံပင်ကိုဝယ်ပြီး ရှင်မင်း ဆက်ထားတာ၊ ဒါကြောင့် နန်းရဲ့ဝိညာဉ်ကို ကျွန်မမြင်နေရတာလေ"

ယုံကြည်မှုအပြည့်နှင့် အခိုင်အမာပြောလာသော ရှင်မင်း၏ အမူအရာကြောင့် ခွန်မှိုင်းစမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ခွန်မှိုင်း၏ ညာလက်တဖြည်းဖြည်း မြောက်တက်လာ၏။ ရှင်မင်းက အားတက်သရောနှင့် ဆံပင်ကို ခွန်မှိုင်းလက်ထဲ အရောက်ထည့်ပေးလိုက်သည်။

ခွန်မှိုင်းက ရှင်မင်းဆံပင်များကိုဆုပ်ကိုင်ရင်း ရှင်မင်း၏ ညာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်နောက်နားသို့ ကိုယ်ကိုစောင်းငဲ့၍ကြည့်သည်။ သူ့မျက်ဝန်းမှာ မယုံကြည်သော်လည်း မျှော်လင့်ခြင်းတို့ စွန်းထင်းနေတာကို ရှင်မင်း မြင်နေရသည်။

ရှင်မင်း၏ ဘေးပတ်လည်တွင် ထူးထူးခြားခြား ဘာကိုမှ မတွေ့ရ။ ခွန်မှိုင်း မျက်နှာကြောတင်းသွားပြီး ဘယ်ဘက်သို့ စောင်းငဲ့ကာ ထပ်မံကြည့်ပြန်သည်။ သူ၏ မယုံကြည်မှုတို့ ခိုင်မာသွားသည့် အလား အားရကျေနပ်သွားသော အမူအရာက သူ့မျက်နှာတွင် ထင်ဟပ်လာ၏။

"မရှိဘူး ဘာဝိညာဉ်မှလည်း မရှိဘူး၊ ဘာမှလည်း မတွေ့ဘူး"

"ရှင်"

ခွန်မှိုင်းက ကိုင်ထားသည့် ဆံပင်များကို လွှတ်ပေးလိုက်၍ ရှင်မင်း သူ့နောက်ကို လှည့်ကြည့်လိုက်၏။ ခွန်မှိုင်းပြောတာ မှန်နေသည်။ နန်းမြင့်စံ မရှိတော့. . .။

အခန်းထဲ လှည့်ပတ်ကြည့်ကာ ရှာဖွေသော်လည်း အရိပ်အယောင်မျှမတွေ့၊ သူ့ကို ခပ်တည်တည်မျက်နှာထားနှင့် စိုက်ကြည့်နေသော ခွန်မှိုင်းအား မျက်နှာချိုသွေးကာ ပြုံးပြလိုက်ရင်း. . .

"ခုနလေးတင် ရှိသေးတယ်၊ နန်း ဘယ်ရောက်သွားရတာလဲ"

"တော်. . တော်တော့ဗျာ၊ ကဲ. . ခင်ဗျားပြန်ပါတော့. . ကျုပ်သည်းခံနိုင်စွမ်းကုန်နေပြီ. . ခင်ဗျားသွားပါတော့"

"ကျွန်မ. ."

"ဘာမှပြောမနေနဲ့. . သွားတော့လို့ ပြောနေတယ်လေ"

လေသံမာလာနေပြီမို့ ရှင်မင်းလည်း ကြောက်လန့်ကာ





အခန်းထဲမှ စိတ်ပျက်အားငယ်စွာ ထွက်လာခဲ့ရတော့သည်။ အပြင်ရောက်မှ ကော်ရစ်တာနံရံကိုမှီကာ ရပ်နေသော နန်းမြင့်စံအား တွေ့ရသည်။

"နန်း ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာလို့ ထွက်သွားတာလဲ အခု ရှင့်ယောကျ်ားက ကျွန်မကို မယုံတော့ဘူး၊ ဘယ်လို ဆက်လုပ်ကြမလဲ"

"တောင်း. . တောင်းပန်ပါတယ် ရှင်မင်းရယ်၊ နန်း. . ဒီလိုပုံစံနဲ့ မောင့်ကို ရင်မဆိုင်ရဲတော့လို့ပါ၊ မောင်. . နန်းကို တွေ့သွားရင် အရမ်းကို ခံစားရလိမ့်မယ်၊ မောင့်ကို ထပ်ပြီးမခံစားစေချင်တော့ဘူး"

မျက်နှာငယ်လေးနှင့် ရှင်းပြသော နန်းမြင့်စံကို မြင်ရတော့လည်း သနားစိတ် ဖြစ်မိပြန်သည်။ ဘာမှဆက်ပြောမနေတော့ဘဲ ရှင်မင်း ထိုနေရာမှ ထွက်လာခဲ့၏။ နန်းမြင့်စံ လိုက်လာသေးလားဆိုတာပင် လှည့်မကြည့်တော့. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

ရှင်မင်း စိတ်ကောက်နေ၍. . နန်းမြင့်က ချော့မော့ကာ သီချင်းဆိုသင်ပေးနေ၏။ ဘယ်လိုပဲ စိတ်ကောက်နေပါစေ သီချင်းဆိုတာကိုတော့ ရှင်မင်း သဘောကျ၍ သေချာလေ့ကျင့်သည်။

နန်းမြင့်စံက Vocal Trainer အဖြစ် တာဝန်ယူကာ ရှင်မင်းအား အပြတ်မောင်းပေးသည်။ ရှင်မင်းမှာ သံပုရာသီးနှင့် လျက်ဆားဆောင်ထားရင်း တစ်နေ့ဆယ့်နှစ်နာရီလောက် သီချင်းဆိုကျင့်သည်။ ခဏတဖြုတ် နားကြတော့ နန်းမြင့်စံပိုစံက မသွက်လက်တော့ဘဲ





ငိုင်တွေနေတာ သတိပြုမိသည်။

"နန်း ဘာဖြစ်လို့လဲဟင်"

"ဘာရယ် မဟုတ်ပါဘူး. . မောင့်ကိုသတိရလို့ပါ။ မောင်တဘာမှအသုံးမဝင်တဲ့ နန်းရဲ့ကိုယ်ကို အပင်ပန်းခံ ပြုစုစောင့်ရှောက်နေတာလေ"

"ရှင့်ကို အရမ်းချစ်လို့နေမှာပေါ့"

"ဟင်း. . အဲဒါကြောင့် ပိုပြီး စိတ်ထိခိုက်ရတာပေါ့။ မောင့်အတွက် နန်း ဘာတာဝန်မှမကျေဘူး ဖြစ်နေတာလေ"

"ဒါဆို နန်းကိုယ်ထဲ ပြန်ဝင်လို့ရအောင် ကြိုးစားပေါ့"

"ဝင်ချင်တာပေါ့ ရှင်မင်းရယ်၊ ရမှမရတာ"

နှစ်ယောက်သား ပြောစရာစကား ကုန်သွားဟန်နှင့် တွေတွေငေးငေးလေး ဖြစ်သွားကြသည်။ ရှင်မင်းလည်း ထိုကိစ္စကို လေးလေးနက်နက် တွေးတောစဉ်းစားကြည့်သည်။

"ဒီကိစ္စ လူကြီးတွေကို မေးကြည့်မှ နည်းလမ်းရမှာ၊ ဒီလိုလုပ်ကြည့်မလား နန်း၊ ဦးမိုးက စုံတော့စုံတယ် သူ့ကို သွားမေးကြည့်ရင် ကောင်းမလား"

"ရှာကြံကြိုးစားကြည့်ရမှာပေါ့"

သို့နှင့် သူတို့ ဦးမိုးထံဆိုင်သို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့ကြ၏။ ဦးမိုးထံတို့ မိသားစုကို အဆင်သင့်ပင် တွေ့ရသည်။ ရှင်မင်းတ လာရသည့်ကိစ္စကို ရှင်းပြတော့ သူတို့ အထိတ်တလန့် ဖြစ်သွားကြပြန်သည်။

"ရှင်မင်းရယ် ခက်တော့တာပဲ နင်ပြောတာတွေက သိုရအခက် မယုံရအခက်နဲ့ ကြည့်လည်းလုပ်ပါဦး၊ နင့်ကိုပါ ဝိဉာဉ်နှုတ်သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို့ . ဦးမိုးရယ် ဘယ်လိုပြောလိုက်တာလဲ၊ အခု သူ ပါလာတယ်၊ ဦးမိုးဘေးမှာ ရပ်နေတယ်"

ဦးမိုးက ရှင်မင်းတို့မြန်မြန်ပြန်အောင် . . ရပ်ကွက်ထဲက ဗေဒင်ဆရာတစ်ယောက်ထံ လမ်းညွှန်ကာ အတင်းသွားခိုင်းသည်မို့ ရှင်မင်းတို့ ခရီးဆက်ခဲ့ကြသည်။

မနောသိဒ္ဓိအကြားအမြင် ဗေဒင်ဆရာကျော်စိုး၏ ရှစ်လွှာအခန်းသို့ရောက်တော့ ရှင်မင်း ဒူးတွေမခိုင်တော့၊ နန်းမြင့်စံကတော့ မောပန်းခြင်း အလျဉ်းမရှိ။

"ကျွန်မ ဗေဒင်မေးချင်လို့ မဟုတ်ပါဘူး၊ ဝိညာဉ်နဲ့ပတ်သက်ပြီး အကူအညီတောင်းချင်လို့ပါ"

ရှင်မင်းက နန်းမြင့်စံ၏နာမည်ကို မသုံးဘဲ အကျိုးအကြောင်း အစုံအလင် ရှင်းပြလိုက်သည်။ ဇာတ်ရည်လည်သွားသည့် ဆရာကျော်စိုး မျက်နှာပျက်သွား၏။

"အခု . . အခု . . အဲဒီ ဝိညာဉ်ပါလာလား"

ရှင်မင်း အဖြေမရခင်မှာပင် ကျော်စိုး ရှေ့မှစားပွဲတွင် ထွန်းညှိထားသော ဖယောင်းတိုင်ကို နန်းက လေမှုတ်ပြီး ငြိမ်းပစ်လိုက်သည်။ ဝုတ်ခနဲ ငြိမ်းသွားသော ဖယောင်းတိုင်ကိုကြည့်ပြီး ကျော်စိုး သွေးပျက်သွားသည်။

"ဟုတ်. . ဟုတ်ပါပြီ၊ ဘယ်ဝိညာဉ်ကိုမှ မလေးမစား မလုပ်ဝံ့ပါဘူး၊ အကူအညီလည်း မပေးနိုင်ပါဘူး၊ ကျုပ်က ဗေဒင်ပဲ ဟောတတ်တာပါ"

"ဒုက္ခပါပဲ ဆရာရယ်"

"ဝိညာဉ်နှုတ်တာတို့ သူ့နေရာသူ ပြန်ပို့ပေးတာတို့ ဆိုတာ အင်မတန်မှ အကုသိုလ်ကြီးတဲ့အလုပ်လေ၊ ဒါမျိုးကို မိစ္ဆာဒိဋ္ဌိဖြစ်တဲ့





အောက်လမ်းဆရာတွေပဲ လုပ်ကြတာကွဲ့၊ ဘယ်သူတော်ကောင်းမှ မလုပ်နိုင်ကြဘူး"

"ရှင်. . ဒါ. . ဒါဆို"

"အကုသိုလ် မကြောက်တဲ့ သူတွေ ရှာကြည့်ပေါ့"

"ဟုတ်. . ဟုတ်ကဲ့"

"ဒါပေမဲ့ အနိစ္စဆိုတာ ပရမတ္တသစ္စာတရားပါ၊ သတ္တဝါလည်း မမြဲဘူး၊ ဝိညာဉ်လည်း မမြဲဘူး၊ ဘဝကူးဖို့ အချိန်မသင့်သေးဘူးဆိုရင် သူ့နေရာသူ ပြန်ရောက်သွားမှာပါ"

"ဟုတ်ကဲ့ ဆရာ"

"ကဲ. . သွားကြပေဦးတော့. ."

ဆရာကျော်စိုးက ပုတီးကို ပြန်ကိုင်လိုက်သဖြင့် ရှင်မင်းတို့လည်း ဦးတင်ရှိခိုးရင်း ထပြန်ခဲ့ကြရတော့သည်။ နန်းမြင့် စိတ်မာတ်ကျနေပြီဖြစ်သော်လည်း ရှင်မင်းက အားမလျှော့။ နတ်ကတော်ဖြစ်ဖြစ်၊ အောက်လမ်းဆရာဖြစ်ဖြစ် ထပ်ရှာကာ ကြိုးစားကြည့်ချင်သေးသည်။

အနေးယာဉ်ဂိတ်တစ်ခုအရောက် ရှင်မင်း ရုတ်တရက်အကြံရပြီး ဆိုက်ကားသမားတစ်ယောက်အား စကားစလိုက်သည်။

"ဦးလေး. . ဟိုလေ. . ဒီအနီးအနားမှာ နတ်ကတော်တို့ ဝိညာဉ်နဲ့အဆက်အသွယ်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဘာတွေများ မရှိဘူးလား"

"သိပ်ရှိပေါ့ ကလေးမရာ"

"ဒါဆို ကျွန်မကို လိုက်ပို့ပေးပါ"

"ရတယ်. . တက်"

ရှင်မင်း အားရဝမ်းသာနှင့် ဆိုက်ကားပေါ်တက်မည်ပြုစဉ်



www.burmeseclassic.com

www.burmeseclassic.com



နန်းမြင့်စံက နောက်ခုံမှာ အရင်ဝင်ထိုင်လိုက်သဖြင့် ဆိုက်ကားဖင် ထောင်သွားသည်။ ခြေနင်းပေါ် ခြေတစ်ဖက်သာ တင်ရသေးသည့် ဆိုက်ကားဆရာလည်း အံ့သြသွား၏။ ဘာကြောင့် ဆိုက်ကားထောင် သွားရသလဲဆိုတာ ဖင်ပြန်ခေါင်းပြန် ကြည့်နေရှာသည်။

ရှင်မင်းက နန်းမြင့်စံအား ခြေဟန်လက်ဟန်နှင့်တားပြီး . . ရှေ့ခုံမှာ အရင်ဝင်ထိုင်လိုက်ရသည်။ ထိုအခါမှ အဆင်ပြေသွားတော့ ၏။ သူတို့ ဆိုက်ကားခေါ်ဆောင်ရာသို့ တိတ်ဆိတ်စွာ လိုက်လာခဲ့ကြ သည်။

မိုးကောင်းဘုရားမှ ထွက်လာပြီး ကံဘဲ့ဘူတာရုံလမ်းထဲသို့ ဝင်လာခဲ့၏။ ထိုလမ်းအတိုင်း ဆယ်မိနစ်ခန့် နင်းလာအပြီး လမ်း ကြားကလေးတစ်ခုထိပ်တွင် ရပ်ပေးသည်။

"ဒီလမ်းလေးအတိုင်း ဝင်သွား၊ လေးငါးခြောက်အိမ်ကျော် လောက်ရောက်ရင် မေးကြည့်လိုက်. . ကန္တားစီးမောင်မျိုးလို့"

"ဟုတ်ကဲ့ ကျေးဇူးပဲ"

ဆိုက်ကားခ ငါးရာဟုပြော၍ ပိုက်ဆံထုတ်ပေးလိုက်ပြီး နှစ် ယောက်အတူ လမ်းကြားထဲ ဝင်ခဲ့ကြသည်။ မှာလိုက်သည့်အတိုင်း အိမ်ငါးလုံးခန့်အကျော်တွင်ပင် ဘယ်သူ့ကိုမှ မေးစရာမလိုဘဲ ဆိုင်း ဘုတ်တစ်ခုအား ထင်ရှားစွာ မြင်ကြရသည်။

"ရွှေတိုက်စာရင်းဝင် ကန္တားစီးမောင်မျိုးတဲ့"

"တို့လာတာ မှန်သွားပြီ ထင်တယ်"

အချင်းချင်း လက်တို့ရင်း ပြောလိုက်ပြီးနောက် ထိုအိမ်ပေါ် တက်ခဲ့ကြသည်။ ဖီးလိမ်းပြင်ဆင်ထားသော အသက်ငါးဆယ်ဝန်း ကျင် အမျိုးသမီးကြီးတစ်ယောက်ကို အရင်တွေ့ရ၏။

"ဘာကိစ္စလဲ. ."





"ဟို. . ဟို. . ဦးမောင်မျိုး. . ၊ အဲ. . မာမိမျိုးနဲ့တွေ့ချင်လို့ပါ ရှင်"

"နတ်မေးဖို့လား ကန္တားပေးဖို့လား"

"နတ်မေးဖို့ပါ. ."

"လာ. . လိုက်ခဲ့"

အဒေါ်ကြီးနောက်သို့ ရှင်မင်းတို့ လိုက်ခဲ့ကြသည်။ အိမ် အလယ်လောက်မှ အခန်းကျယ်ကြီးထဲရောက်တော့ အနီမှိုင်းအမြင့် မတူသည့် စင်ကြီးများပေါ်မှ အရွယ်စုံဆိုဒ်စုံ နတ်ရုပ်များစွာနှင့် ကန် တော့ပွဲပေါင်းများစွာတို့ ရှေ့တွင်ထိုင်နေသော မိန်းမလျာကြီးတစ် ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက်အား တွေ့ရသည်။

"ဘာတဲ့လဲ တင်တင်"

"မေးချင်လို့တဲ့. ."

အဒေါ်ကြီးက မိတ်ဆက်ပေးပြီး ရှင်မင်းအား မျက်စမျက်န ဖြင့် ထိုင်ခိုင်းသည်။ ပြင်ပြင်ဆင်ဆင်နှင့် နတ်ကတော်ကြီးက. .

"ပြော. . သမီး၊ ဘာဖြစ်လာလဲ ဘာကူညီရမလဲ"

"ဒီလိုပါရှင့် ဝိညာဉ်က ခန္ဓာကိုယ်နဲ့ကွာနေတာ. . အဲဒါ ပြန်ကပ်ချင်လို့"

"ဟင်. . ဘာ. . ဘာပြောတယ်၊ ဘယ်လို. . ဘယ်လို. . "

နတ်ကတော်ကြီး ထိတ်လန့်သွားဟန်နှင့် ပြူးပြူးပြာပြာ ပြန် မေးလေ၏။ ရှင်မင်းလည်း မမောနိုင်မပန်းနိုင် ဇာတ်ကြောင်းပြော ရှင်းလင်းရပြန်သည်။ ဇာတ်လမ်းအဆုံးတွင် မာမိမျိုး အံ့သြသွား တော့သည်။

"အခု. . အခု. . အဲဒီဝိညာဉ် ပါလာလား"

"ပါ. . ပါတယ်၊ ကျွန်မ ဘေးမှာထိုင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း သူ့ဘေးသို့ မေးငေါ့ပြကာ ပြောလိုက်၏။

"အင်း. . မာမီက ဝိညာဉ်တွေနဲ့ အဆက်အသွယ်ရှိတယ် ဆိုပေမယ့် အားလုံးက ဘဝကူးပြီးသား ဝိညာဉ်တွေလေ၊ ခုလို ဟိုမရောက် ဒီမရောက် ဝိညာဉ်မျိုးတော့ မဆုံဖူးသေးဘူး"

"ဖြစ်နိုင်ရင် ကူညီပေးပါရှင်"

"မာမီတော့ လုပ်ပေးနိုင်မယ် မထင်ဘူး ကြားဖူးနားဝ အဖြစ်မျိုးလောက်ပဲ ရှိတာ"

"ဟုတ်ကဲ့ ပြောပြပါရှင်"

"သူ့ကိုယ်သူ မာမီဟု နာမ်စားသုံးသည့် ကန္နားစီးမောင်မျိုးတာရပ်ရွာက စုန်းဟုသမုတ်ကြသည့် အောက်လမ်းဆရာမတစ်ဦးနှင့် ဆုံဖူးပုံကို ပြန်ပြောပြသည်။

တစ်ခါက ရောဂါကြောင့် အသည်းအသန် ဝေဒနာခံစားရပြီး မေ့မြောကာ ဝိညာဉ်ထွက်သွားသူ တစ်ဦးရှိခဲ့ဘူးသည်ဟု စကားစသည်။

အကြောင်းအမျိုးမျိုးကြောင့် ခန္ဓာကိုယ်ထဲ ပြန်မဝင်နိုင်ဖြစ်ပြီး ဆွေမျိုးသားချင်းတို့အား အိပ်မက်ပေးခဲ့သည်တဲ့။ ထိုကိစ္စကြောင့် ရွာကကျဉ်ထားသည့် စုန်းမထံ အကူအညီသွားတောင်းကြသည်။

စုန်းမက ဝိညာဉ် ပြန်ဝင်တာ လက်ခံနိုင်သည့် သက်ရှိခန္ဓာတစ်ခုအတွင်း ဝင်ပူးရန် အကြံပေးခဲ့သည်။

ထိုတစ်ဆင့်ခံ ဝိညာဉ်အပူးခံထားရသော ခန္ဓာပိုင်ရှင်က မြောနေသောလူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်) အချစ်ရဆုံးသူ၏ နှုတ်ခမ်းကိုနမ်းကာ ဝိညာဉ်ကို ခန္ဓာပြောင်းပေးရမည်။

ထိုမှတဆင့် ဝိညာဉ်အပူးခံထားရသော ဆွေမျိုးသားချင်း အချစ်ရဆုံးသူ တစ်ယောက်ယောက်က မေ့မြောနေသောလူ၏ နှုတ်





ခမ်းကို သွားနမ်းကာ ဝိညာဉ်ပြန်ပို့ပေးရမည်။

နှုတ်ခမ်းကို နမ်းလိုက်ခြင်းဖြင့် ဝိညာဉ်က နှုတ်ခမ်းမှတဆင့် ခန္ဓာကိုယ်ထဲပြန်ဝင်ကာ သတိရသွားလိမ့်မည်ဖြစ်ကြောင်း ရှင်းပြသည်။

"အဲလိုလုပ်လိုက်တာ မြောနေတဲ့လူထဲ သူ့ဝိညာဉ် ပြန်ဝင်သွားတယ်လို့ အဲဒီစုန်းမပြန်ပြောတာတော့ ကြားဖူးတယ် သမီး"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့. . ထူးဆန်းလိုက်တာရှင်"

ရှင်မင်းတို့ နန်းမြင့်တို့ အောင်မြင်စွာ ဆုတ်ခွာလာခဲ့ရပြန်သည်။ ဟုတ်တာမဟုတ်တာ အပထား. . နည်းလမ်းတစ်ခုတော့ ရခဲ့ပြီ။ တစ်နေကုန် သွားရလာရတာတွေ များသွားသည်မို့ အိမ်ပြန်ပြီး နားလိုက်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၃ )

ရှင်မင်းနှင့် နန်းမြင့်တို့ အခန်းထဲအောင်းကာ ခွေနေကြသည်။ ရှင်မင်းက အိမ်ထဲအောင်းနေရခိုက် ပြိုင်ပွဲဝင်မည့်သီချင်းကို အဆိုတော်ပေါင်းစုံဆိုထားသော အခွေအားဖွင့်ပြီး ဆိုဟန်အိုပေါက်များ လေ့လာမှတ်သားနေသည်။ ဒီသီချင်းတစ်ပုဒ်တည်းအား အကြိမ်ကြိမ်ကြားနေရ၍လားမသိ နန်းမြင့် စိတ်ရှုပ်လာဟန်တူသည်။ ခွေနေရာမှ မထဘဲ ရိမုဗ်(ဒ်)ကို တန်ခိုးနှင့်လှမ်းယူကာ ပိတ်ပစ်လိုက်သည်။





"ဘာဖြစ်နေတာလဲ နန်း၊ ကန္တာရစီးကြီးပြောလိုက်တဲ့ နည်းနဲ့ ကိုယ်ထဲ ပြန်ဝင်ချင်လို့လား"

"အဲဒီနည်းက သုံးလို့မရပါဘူး"

"ဘာဖြစ်လို့လဲ နန်း"

"ဟင်. . ဒါ မေးစရာလား၊ ရှင့်ကိုယ်ထဲ အရင်ဝင်ရမယ်၊ ပြီးတော့ ရှင်က နန်းယောကျ်ားကိုနမ်းရဦးမယ်၊အဲဒါ လုပ်စရာလား"

"ဩော်. . ဟဲဟဲဟဲ. . ဒါကြောင့် ငြင်းနေတာပေါ့. . ဟုတ်လား၊ စိတ်နဲ့ကိုယ်နဲ့ တစ်သားတည်းပြန်ဖြစ်မယ့် အခွင့်အရေးအတွက် ဒီလောက်တော့ ရင်းရမှာပေါ့ နန်းရယ်. . အဟင်း. . ဟင်း"

"မရင်းပါဘူး ဘာလို့ရင်းရမှာလဲ၊ မောင့်ကိုတော့ အပါမခံနိုင်ဘူး"

"ရင်းလိုက်ပါ နန်းရယ်. . ကိုခွန်မှိုင်း နှုတ်ခမ်းလေးက ဖူးဖူးလေး၊ သူ့ကိုတစ်ခါလောက် နမ်းခွင့်ရရင် သေပျော်ပါပြီ. . အဟီး. . ဟီး"

ရှင်မင်းက သဝန်တိုလွန်းသည့် နန်းမြင့်ကို စလိုက်တာ ဖြစ်သော်လည်း နန်းမြင့် အကြီးအကျယ် ပေါက်ကွဲသွား၏။

"သိတယ်. . သိနေတယ် ရှင့်ရုပ်ရှင်ရည်နဲ့ ဒီလိုယောကျ်ားမိန်းမနားကပ်ရဖို့ လွယ်မယ်ထင်သလား၊ ရှင်ဟာလေ နန်းကို ကူညီချင်တာကနည်းနည်း. . နန်းယောကျ်ားကို မြူဆွယ်ချင်တာကများများ ဖြစ်နေတာ မဟုတ်လား"

"ဟင်. . နန်း. . ရှင်. . ရှင် ဘယ်လိုပြောလိုက်တာလဲ"

"မှန်တာကို ပြောလိုက်တာလေ"

စေတနာနှင့် အခက်အခဲပေါင်းစုံ ကျော်လွှားကာ အင်တိုက်အားတိုက် ကူညီခဲ့တာကိုမှမထောက်၊ မညှာမတာ စွပ်စွဲပြောဆိုရက်



www.burmeseclassic.com

www.burmeseclassic.com



၍ ရှင်မင်း ကြေကွဲသွားသည်။

ကူညီချင်စိတ်လည်း ကုန်ခမ်းသွား၏။ ကိုခွန်မှိုင်း ချောလွန်း ခန့်လွန်း၍ သဘောကျမိတာကလည်း ရုပ်ရှင်မင်းသားတစ်ယောက်ကို ပရိသတ်က သဘောကျနှစ်သက်မှုမျိုးသာ ဖြစ်သည်။ ဝိညာဉ်ကို ဒုက္ခပေးပြီး သူ့လင်အား အပိုင်သိမ်းလိုသည့် သဘောကျမှုမျိုးမဟုတ်။ ထို့အတွက် စိတ်နာသွား၏။

"ဒီမယ် နန်း ရှင်မင်းသာ မဟုတ်တရုတ် စိတ်မျိုးရှိရင် ရှင့်ကို ပရိတ်တရားခွေဖွင့်ပြီး မောင်းထုတ်လိုက်လို့ရတယ်၊ အစစအရာရာ အနစ်နာခံပြီး စေတနာသန့်သန့်နဲ့ ကူညီခဲ့တာ၊ ဒါကို ရှင်က စော်ကားရက်တယ်"

မခံစားနိုင်တော့သည့် ရှင်မင်းက တုန်ယင်နေသောအသံနှင့် မျက်ရည်ရစ်ဝဲကာ ပြောလိုက်မှ နန်းမြင့် အားနာရကောင်းမှန်း သိသွားသည်။ နန်းမြင့် မနေတတ်မထိုင်တတ် ဖြစ်နေရှာသည်။

"တော်ပါပြီ. . တော်ပြီ၊ စေတနာဆိုတာ လူတိုင်းနဲ့တန်တာ မဟုတ်ဘူး၊ ဟောဒီဆံပင် ဂြိုလ်မွှေလို့ ဒီဆံပင်ကြောင့် ရှင်နဲ့ဆုံရတာ မလိုချင်တော့ဘူး၊ ရှင့်ဆံပင်ကို မလိုချင်တော့ဘူး"

ရှင်မင်း ဒေါ်ပွပေါက်ကွဲကာ နံရံတွင် ချိတ်ထားသည့် ကတ်ကြေးကို ဖြုတ်ယူပြီး. . ဆက်ထားသည့် ဆံပင်တွေကို ဖြတ်ပစ်လိုက်တော့သည်။

"ဟယ်. . ရှင်. . ရှင်မင်း"

နန်းမြင့် အနားရောက်လာကာ တားသော်လည်း လက်လွန်သွားခဲ့ပြီ။ လက်ထဲမှာ ဆက်ထားသော နန်းမြင့်ဆံပင်တွေက အထွေးလိုက်. . .။

ရှင်မင်းက ဆံပင်တွေကို စားပွဲပေါ် ပစ်တင်လိုက်သည်။ နန်းမြင့်က ပလတ်စတစ်အိတ်တစ်လုံးရှာကာ သူ့ဆံပင်တွေကို တယုတယထည့်သိမ်းနေ၏။ ဘာစကားမှ ထပ်ပြောမနေချင်တော့သည့်အတွက် ရှင်မင်း အခန်းထဲဝင်ကာ အိပ်နေလိုက်သည်။

နန်းမြင့် ဘာဖြစ်နေမလဲဆိုတာ ရှင်မင်း သိသော်လည်း. . မသိချင်ယောင်ဆောင်ကာ ဇွတ်ပေအိပ်နေလိုက်၏။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၄ )

နန်းမြင့် အောက်ကျနောက်ကျခံကာ သူ့ကိုချော့မော့နေတာ နှစ်ရက်ရှိပြီ။ ရှင်မင်း လုံးဝစကားမပြောဘဲ တုန့်ပြန်သည်။ နန်းမြင့်လည်း ဘာမှမလုပ်တတ်တော့သည့်အဆုံး ရှင်မင်းနား လာရပ်ပြီး. .

"ကောင်းပြီ. . ရှင်မင်း၊ ရှင်လုံးဝခွင့်မလွှတ်နိုင်ဘူး ဆိုမှတော့ နန်းလည်း ဒီမှာပေကတ်ပြီး မနေချင်တော့ပါဘူး၊ သွားမယ်. . နှုတ်ဆက်ခဲ့ပါတယ်၊ ဒီအချိန်ထိ ကူညီခဲ့တာတွေ မမေ့ပါဘူး"

စကားအဆုံးမှာပင် နန်းမြင့် လှည့်ထွက်သွားသည်။ ဒီလိုကျ





ပြန်တော့လည်း ရှင်မင်း တင်းမထားနိုင်တော့။ တံခါးဝ ရောက်နေပြီဖြစ်သည့် နန်းမြင့်အား လက်ဆွဲကာ ပြန်ခေါ်လာခဲ့သည်။

"ကဲပါ နန်းရယ်၊ ပို့မယ်ပို့ ကူးတို့ရောက်အောင်ပဲ ပို့ပါတော့မယ်၊ ဘယ်မှလည်း သွားမနေပါနဲ့ အကူအညီပေးမယ့်သူ နောက်တစ်ယောက် ထပ်ရှာရတာ လွယ်မှာမဟုတ်ဘူး. . သိလား"

"ဟင်. . ရှင်မင်း တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒါဆို နန်းကို ခွင့်လွှတ်တယ်ပေါ့နော်"

"အင်း. ."

နန်းမြင့် အားတက်ဝမ်းသာသွားဟန်နှင့် ရှင်မင်းအား တင်းကြပ်စွာ ဖက်ထားတော့၏။ လူနှင့်ဝိညာဉ်ကြားက သံယောဇဉ်က အံ့ဩစရာကောင်းလောက်အောင် ခိုင်မြဲနေမှန်း သူတို့သိသွားကြပြီ။

ဘာလုပ်ချင်သလဲဆိုတာမေးကြည့်ရာ ဆေးရုံသွားချင်သည် ဆို၍ သူတို့ထွက်လာခဲ့ကြ၏။ နောက်တစ်ကြိမ် ပန်းလှိုင်ဆေးရုံသို့ ရောက်ခဲ့ကြပြန်သည်။ ထိုအချိန်တွင် ခွန်မိုင်းက သတိကင်းလွတ်လျက်ရှိသည့် ချစ်ဇနီးအား လက်သည်းညှပ်ပေးနေသည်။ ထိုသို့ ယုယစွာ ပြုစုနေရင်း တတွတ်တွတ် စကားပြောနေလေ၏။

"ခြေသည်းလက်သည်းတွေ ရှည်လာတယ်၊ ဆံပင်လည်း ပြန်ရှည်လာသလိုပဲ၊ ဒါတွေဟာ နန်း အသက်ရှင်နေသေးတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ မဟုတ်လား"

မေ့မြောနေသော နန်းမြင့်စံက ဘာမှပြန်မပြော။ ထိုအမြင်ကို အခန်းထဲဝင်ဖို့ တံခါးဖွင့်လိုက်သည့် ရှင်မင်းနှင့်နန်းမြင့်တို့ မြင်တွေ့သွား၏။ သူတို့ အထဲမဝင်သေးဘဲ အသာရပ်ပြီး ဆက်လက်နားစွင့်နေကြ၏။ ခွန်မိုင်းက လက်သည်းညှပ်တာကိုပဲ အာရုံစိုက်နေသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှင်မင်းတို့ကို သတိမပြုမိ. . .

"မောင်တစ်ယောက်တည်း နေ့နေရတာ ဘယ်လိုမှ မနေတတ်တော့ဘူး နန်းရယ်၊ နန်း မြန်မြန်ပြန်ပြီးသတိရလာမှ ဖြစ်မှာ"

လက်သည်းညှပ်လိုက် စကားပြောလိုက်နှင့်မို့ အာရုံထွေပြားသွားသည်ထင်၏။ လက်ချောင်းထိပ်က အရေပြားကိုပါ ညှပ်မိသွားသည်။

"ဟာ. . ဆော. . ဆောရီးပဲနန်းရယ် အသားကိုညှပ်မိသွားပြီ. . သိပ်နာသွားလားဟင်၊ မတော်လို့ပါ နန်းရယ်၊ မောင့်ကို ခွင့်လွှတ်နော်"

တတွတ်တွတ်ပြောပြီး သွေးစို့နေသော လက်ချောင်းထိပ်လေးကို ပါးစပ်ထဲထိုးထည့်ကာ စုပ်ယူလိုက်၊ လက်ကိုင်ပုဝါစလေးနှင့် သုတ်လိုက်လုပ်ရင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာသည်။ ဒါကိုကြည့်ရင်း ရှင်မင်းနှင့်နန်းမြင့်တို့ ကြည်နူးကျေကွဲ ဝမ်းနည်းဝမ်းသာ ဖြစ်နေကြသည်။

မဖြစ်စလောက် ဒဏ်ရာလေးကို ပြုစုရင်း မျက်ရည်လည်နေသည့် ခွန်မိုင်း ဝမ်းပန်းတစ်နည်းနှင့် ရှိုက်ငိုနေပြန်၏။

"ထိုင်းက ဆရာဝန်ကြီးတွေလာပြီး နန်းကို ခွဲစိတ်ကုသကြမှာလေ၊ အဲလိုကုပြီးတော့မှ. . မပြောကောင်းပြောကောင်း နန်းပြန်ကောင်းမလာဘူးဆိုရင် မောင်လည်း လောကထဲမှာ မနေချင်တော့ဘူး. .၊ နန်းနဲ့အတူ လိုက်ခဲ့မှာသိလား"

ထိုစကားကို ကြားမိသည့် နန်းမြင့် တသိမ့်သိမ့်ရှိုက်နေတော့၏။ ဘာမှသက်ဆိုင်ခြင်း မရှိသည့် ရှင်မင်းပါ မျက်ရည်လည်ချင်ချင်ဖြစ်နေသည်။ ခွန်မိုင်းပုံမှန် ပြန်ဖြစ်အောင် အချိန်အနည်းငယ်ပေးပြီးမှ ရှင်မင်း အခန်းထဲသို့ဝင်ခဲ့၏။ ခြေသံကြားသွား၍လားမပြောတတ်. . ခွန်မိုင်း မျက်ရည်သုတ်ပြီး လှည့်ကြည့်သည်။

"ဟင်. . မင်း. . မင်း ဘာလာလုပ်ပြန်တာလဲ"

"ဒီမယ် ကိုခွန်မိုင်း၊ ရှင့်ဇနီးက တွေ့ချင်တယ်ဆိုလို့ အတူတူထပ်လာခဲ့ကြတာ. . ကျွန်မကူညီနေတယ်မှတ်ပါ"

"အဲဒီအကူအညီက လိုမှမလိုအပ်ဘဲကွ"

"ဒါက ရှင့်အယူအဆလေ၊ ကဲ နန်းတွေ့ချင်တယ်ဆိုပြီး အပြင်မှာ ပုန်းမနေနဲ့ ရှင်တို့ကိစ္စ ရှင်တို့ရှင်း"

ရှင်မင်းက နန်းမြင့်အားလက်ဆွဲကာ အခန်းထဲခေါ်သွင်းလာသည်။ နန်းမြင့် တွန့်ဆုတ်တွန့်ဆုတ်နှင့် လိုက်လာ၏။

"ကိုခွန်မိုင်း ဝိညာဉ်တွေ နာနာဘာဝတွေကို လက်မခံဘူး မယုံကြည်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါပေမဲ့ နန်းမြင့်ပါလာတယ်ဆိုတာတော့ ယုံပေးပါရှင်၊ ရှင်နဲ့နန်းမြင့် နှစ်ယောက်ထဲသိတဲ့ လျှို့ဝှက်ချက်တချို့ ရှင့်ကို ကျွန်မ ပြောပြခဲ့ပြီးပြီပဲ၊ ဒါတွေ သူမပြောဘဲ ကျွန်မ ဘယ်လိုလုပ်သိမှာလဲ၊ ကဲ. . သူဘာမှ မပြောလည်း ရှင်ပြောချင်တာတွေသာပြောတော့၊ ဒီမှာ နန်းမြင့်ကို ထားခဲ့ပြီ"

ရှင်မင်း ပြောချင်တာတွေ စွတ်ရွတ်ပြောပြီး အခန်းထဲမှ ထွက်ခဲ့၏။ ခွန်မိုင်းလည်း အူကြောင်ကြောင်နှင့် အခန်းထဲမှာ နန်းမြင့်နောက်တစ်ယောက်ရှိနေဦးမလား တွေးကာ ရှာကြည့်မိသည်။

စောစောက ရှင်မင်း ရပ်ခဲ့သည် နေရာအနီးတဝိုက်ကိုလည်း လက်နှင့်လိုက်စမ်းကြည့်သည်။

ဘာအထိအတွေ့ကိုမှ မခံစားရ. .

"နန်း. . နန်း တကယ်ရှိနေတာလား၊ ရှိရင် ဘာလို့ မောင်ဘာမမြင်ရတာလဲ၊ မယုံဘူးဆိုပေမယ့် နန်းကိုတွေ့ချင်တယ် တွေ့ချင်တယ်ကွာ"





www.burmeseclassic.com

နန်းမြင့် ဘာမှပြန်မပြော၊ ပြောလည်း မောင်ကြားမှာမှ မဟုတ်တာ. . ။

"နန်းရယ် မောင် ဖြေသာနေသောအောင် တစ်ခုခု ပြောပါလားကွာ၊ ဘာလှုပ်ရှားမှုမှမရှိ ဘာစကားမှမပြောဘဲ ကုတင်ပေါ်လှဲနေတဲ့ နန်းက. . နန်းအစစ်လား၊ အခု အပြင်မှာ ရှိနေတယ်ဆိုတဲ့ နန်းက အစစ်လားဟင်. . "

ကြေကွဲစကားတွေကို နန်းမြင့် မခံစားနိုင်တော့၊ မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေသည်။

"နန်းရဲ့ လှုပ်ရှားမှုလေးတွေ၊ ချိုသာတဲ့ စကားပြောသံလေးတွေ၊ သာယာတဲ့ သီချင်းဆိုသံလေးတွေကို မောင်လွမ်းတယ် နန်းရယ်"

အခန်းထဲမှ ခွန်မှိုင်းပြောဆိုနေတာတွေကို အခန်းပြင်မှ ရှင်မင်း ကြားနေရသည်။ နန်းမြင့် ဘာမှပြန်မပြောသည့်အတွက်လည်း မချင့်မရဲ ဖြစ်နေမိသည်။

"အင်း. . ဝိညာဉ်နဲ့စကားပြောဖို့၊ သူ့ကိုမြင်တွေ့ရဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ၊ ငါ့လို ဘုရားမေ့တရားမေ့နဲ့ ကံဆိုးမတွေသာ အလွယ်တကူ ဆက်သွယ်နိုင်တာ မဟုတ်လား"

အဖြစ်မှန်ကို တွေးမိတော့ ရှင်မင်း ကိုယ့်ကိုယ်ကို အတော်သနားသွားသည်။ ကိုယ်သာ အစကတည်းက ဘုရားတရားမြဲသူ ဖြစ်ခဲ့လျှင် နန်းမြင့်ကပ်လို့ရမှာမဟုတ်သလို ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ရမှာလည်းမဟုတ်. . ။

ရှင်မင်း အတွေးပေါင်းစုံနှင့် မကျေမနပ် ဖြစ်နေစဉ် နန်းမြင့် ပြန်ထွက်လာသည်။ ဘာမှ လုပ်လို့ကိုင်လို့ ကြိုးစားလို့မရ ဆိုသည့် အဓိပ္ပါယ်နှင့် ခေါင်းရမ်းပြပြီး စက်ရုပ်လို လျှောက်သွားတော့၏။





ရှင်မင်းလည်း နန်းမြင့်နောက်မှ ပြေးလိုက်ရသည်။ ထိုအချိန်တွင် ဖုန်းလာသည်။ ရှင်မင်း ဖုန်းဖွင့်နားထောင်လိုက်၏။

"ဟဲလို အမိန့်ရှိပါ"

"ဟုတ်ကဲ့ အိပ်မက်ဆုံရာ အစီအစဉ်ကပါရှင်၊ မရှင်မင်းပြည့်က ပဏာမလူနှစ်ဆယ်ထဲ ပါဝင်သွားပြီဆိုတာ အကြောင်းကြားတာပါ"

"ရှင်. . . တကယ်. . "

"ဟုတ်ပါတယ်. . မြန်မာ့အသံကို လာရောက်ဆက်သွယ်ပါရှင်"

"ဟုတ်. . ဟုတ်. . ဟုတ်ကဲ့"

ရှင်မင်း အမူအရာကိုကြည့်ပြီး နန်းမြင့် နားမလည်နိုင် ဖြစ်နေ၏။

"ရှင်မင်းလေ ပဏာမလူနှစ်ဆယ်စာရင်းထဲ ပါသွားပြီ. . သိလား၊ ဆန်ကာတင် ရှစ်ယောက်ထဲ ပါဖို့ပဲ လိုတော့တာ"

"ဟင်. . ဟုတ်လား"

"ဟုတ်တယ် နန်း၊ ခုပဲ ဖုန်းဆက်ပြောတာလေ"

"အို. . ဝမ်းသာလိုက်တာ ရှင်မင်းရယ်"

"ရှင်မင်းလည်း တအားပျော်နေတာပဲ၊ အဲဒါ နန်းရဲ့ကျေးဇူးတွေပါ၊ နန်းကူညီလိုက်လို့ ရှင်မင်း ပါသွားတာ. . "

"ဒါလေးများ ရှင်မင်းရယ် တို့နှစ်ယောက်ကြားမှာ ဒီစကားတွေ ပြောစရာမလိုပါဘူး၊ နောက်တစ်ဆင့်မှာလည်း ပါကိုပါစေရမယ်. . သိလား၊ နန်း Guide လုပ်ပေးမယ်"

"အိုကေ ဆန်ကာတင် ရှစ်ယောက်စာရင်းထဲ ပါသွားရင် သေပျော်ပါပြီ နန်းရယ်၊ အဲဒါဆို တစ်ပါတ် နှစ်ပုဒ်နှုန်းနဲ့ နှစ်လနီးပါး



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြိုင်ရတော့မှာလေ၊ တီဗွီကလည်း လွှင့်မှာဆိုတော့ ရှင်မင်းကို တစ်နိုင်ငံလုံး သိကြတော့မှာ”

“အေးပါ. . အေးပါ. . နောက်ဆုံးရှစ်ယောက် လူစာရင်းထဲ ပါကိုပါစေရမယ်၊ နန်း ကတိပေးတယ်”

သူ့နားမှာ နန်းမြင့်တစ်ယောက်လုံး ရှိနေသဖြင့် ရှင်မင်း တအားပင် စိတ်ဓာတ်တက်ကြွနေလေ၏။ အိပ်မက်ဆိုရာမှာ သူ့ အိပ်မက်တွေ အကောင်အထည် ပေါ်လာတော့မည်မို့လည်း နေမထိ ထိုင်မသာဖြစ်အောင် ဝမ်းသာနေမိသည်။

ထိုနေ့မှစပြီး နန်းမြင့်က ရှင်မင်းအား ပုံမှန်ထရိန်နင် မောင်း ပေးသည်။ Vocal Trainer အဖြစ် အလုံးစုံ တာဝန်ယူပေးသည်။ Note ဖတ်တတ်အောင် သင်ပေးသည်။ သီချင်းဆိုရင်း အသက်ရှူ တတ်အောင် နည်းလမ်းပေးသည်။ အဆွဲအငင် အရှိုက်အပင့်များ ဘယ်လိုကျင့်ရသလဲဆိုတာ သင်ပြပေး၏။

အဆိုပညာ ပြည့်ဝသူထံမှ နည်းနာတွေရသဖြင့် ရှင်မင်း အများကြီး တိုးတက်လာသည်။ ရန်ကုန်ရောက်ပြီး ပြိုင်ပွဲဝင်ခါစနှင့် လုံးဝမတူတော့. . .

“ဟင်း. . ဘဝမှာ အောင်မြင်မှုရဖို့ဆိုတာ မလွယ်ပါလား နော်”

“ခူးပြီးခပ်ပြီး အဆင်သင့်စားပြတာက အရည်အချင်းအစစ် မဟုတ်ဘူး ရှင်မင်း. . ငါလည်း အတော်ကြိုးစားခဲ့ရတာ”

“အင်း. . ရှေ့လျှောက်ပြိုင်ပွဲတွေ ရိုက်ကူးရေးတွေနဲ့ အား မှာမဟုတ်ဘူးဆိုတော့ နန်းမြင့်ကိစ္စ လုပ်ချင်တာရှိရင် ပြောဦးလေ၊ ဒီရက်ထဲ အကောင်အထည်ဖော်လိုက်ရအောင်”

“ဘာဆက်လုပ်ရမှန်းကို မသိတော့ပါဘူး ရှင်မင်းရယ်”





ကိုယ်က သူ့ကျေးဇူးကြောင့် အများကြီးတိုးတက်နေပြီမို့. . နန်းမြင့်ကိစ္စကိုလည်း အဆင်ပြေစေချင်သည်။ ဘာဆက်လုပ်ရင် ကောင်းမလဲဆိုတာ သူနက်နက်နဲနဲ တွေးကြည့်သည်။

“ရှင့်ကို လူတိုင်းမမြင်ရပေမယ့် ကြားခံပစ္စည်းတွေသုံးပြီး ကိုယ်ရှိနေတာသိအောင် လုပ်ပြလို့ရတာပဲ”

“ဟင်. . ဟုတ်တယ်. . ဟုတ်တယ်”

“ပြီးတော့လည်း ရှင့်ဆံပင်တွေ ကျွန်မဖြတ်ပစ်လိုက်ပြီလေ၊ အဲဒါတွေကို ခွန်မိုင်းကိုပေးလိုက်၊ ရှင့်ကို မြင်ရဖို့အတွက် အထောက် အကူဖြစ်လိုဖြစ်ငြားပေါ့”

“အင်း. . ဒါလည်း ဖြစ်နိုင်တယ်”

“စိတ်ချထားလိုက်တော့ နန်း၊ မနက်ဖြန်ကျရင် ရှင်တို့ လင် မယားတွေ အပြန်အလှန်ဆက်သွယ်လို့ ရကိုရစေရမယ်”

ရှင်မင်းနှင့်နန်းမြင့် မနက်ဖြန်ကို မျှော်လင့်ကာ အိပ်မပျော် နိုင်အောင် ဖြစ်နေကြသည်။ ရှင်မင်းလည်း ဝိညာဉ်တစ်ခု အရင်းပြု ပြီး. . ဆောင်ရွက်ကူညီခဲ့မှု အစုစုအား ပြန်တွေးကာ ကြည်နူးမဆုံး ဖြစ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၅ )

ရှင်မင်း ဝင်လာတာကို မနှစ်မြို့သလို မျက်မှောင်ကျုံ့၍ ခွန်မှိုင်းကြည့်နေ၏။ ရှင်မင်း သွားဖြဲကာ ပြုံးပြလိုက်သည်။ အစပျိုးရမည့်စကားလုံးကို ရှင်မင်း အပြေးအလွှား စဉ်းစားရသည်။

"ဟို့. . ဟိုလေ. . ကိုခွန်မှိုင်း အိပ်မက်ဆုံရာ အစီအစဉ်ကို ကြည့်ဖူးတယ် မဟုတ်လား"

"ကျုပ်က Stage Show စီစဉ်သူတစ်ယောက်ပဲ၊ မကြည့်ဖူးဘဲ နေမလားဗျ. . ဘာတွေလာမေးနေတာလဲ"





"ဪ. . အဟင်းဟင်း. . ဟုတ်ကဲ့ ကျွန်မလေ လာမယ့် အိပ်မက်ဆုံရာပြိုင်ပွဲအတွက် ပဏာမ လူ(၂၀)စာရင်းထဲမှာ ပါတယ်ရှင့်"

"အဲဒါ. . ကျုပ်ကဘာလုပ်ရမှာတုန်း"

ဆေးရုံကိုလာပြီး ဘာတွေပြောနေတာလဲဆိုသည့် အတွေးနှင့် ခွန်မှိုင်း အီလည်လည်နှင့်ကြည့်နေသည်။

"အဲလိုရွေးခံရတာ နန်းမြင့်စံ အနီးကပ် သင်ကြားပေးလို့ပါ"

ခွန်မှိုင်း မျက်လုံးပြူးကြီးနှင့် မော့ကြည့်လာသည်။ သူ့စကားကို စိတ်ဝင်စားသွားပြီမှန်းသိ၍ ရှင်မင်း ဆက်တိုက်ပြောတော့သည်။

"ဆန်ကာတင် ရှစ်ယောက်ထဲပါအောင် သူပဲ ဆက်မောင်းပေးမှာလေ၊ ကျွန်မတော့ သူ့ကိုအရမ်းကျေးဇူးတင်တာပဲ၊ ဒါကြောင့် ကိုခွန်မှိုင်းတို့လင်မယား အဆက်အသွယ်ရအောင် ကျွန်မ ပြန်ကူညီချင်တာပါ"

ခွန်မှိုင်း အမူအရာက ပြန်ပြီးခက်ထန်လာသည်။

ခပ်တင်းတင်း မျက်နှာထားနှင့်ပင်. .

"ဒီမယ် ရှင်မင်း. . အခုလည်း နန်းမြင့် ပါလာတယ်လို့ ဆိုလိုချင်တာလား"

"ဟုတ်ပါတယ် ကိုခွန်မှိုင်း. . သူပါလာတယ်လေ"

ခွန်မှိုင်း ခေါင်းတခါခါရမ်းရင်း. .

"ရှင်မင်း ခင်ဗျားပြန်ပါတော့၊ ကျွန်တော်ဒီနေ့ စိတ်သိပ်မကြည်ဘူး. . ညစ်နေတယ်ဗျာ"

ဘယ်လို လေသံမာမာနှင့်ပဲပြောပြော ရှင်မင်းမဖြုံ၊ သူ့မှာ အစီအစဉ်တွေက အဆင်သင့်ရှိနေပြီ မဟုတ်လား. . ။

"ကဲ. . နန်းမြင့်ရေ ရှင့်ရဲ့မောင်တော်ကို အုံ့ဩစရာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြလိုက်ပါဦး”

ရှင်မင်းက နန်းမြင့်အား ဆွဲခေါ်ပြီး ခုတင်နားမှာထိုင်နေသည့် ခွန်မိုင်းရှေ့ထိ ပို့ပေးလိုက်၏။ ခွန်မိုင်းလည်း မြင်နေရသည့် ရှင်မင်းကိုသာ ပြုံးပြုံးပြဲပြဲ ကြည့်နေသည်။

နန်းမြင့်လည်း ခွန်မိုင်း သိပ်လန့်သွားမှာ စိုးသဖြင့် ညင်ညင်သာသာ လှုပ်ရှားမှုလေးနှင့်ပဲ စတင်လိုက်သည်။ ခုတင်ဘေး စားပွဲပေါ်မှ ရေသန့်ဘူးကို လှမ်းယူလိုက်တော့ ခွန်မိုင်း မျက်လုံးကြီးပြူးလာကာ ဝုန်းခနဲ ထရပ်လာတော့သည်။

သူ့အမြင်မှာ ရေဘူးလွင့်မြောလာပြီး လေထဲမှာ ရပ်သွားတာကို ထင်ထင်ရှားရှား တွေ့လိုက်ရသည် မဟုတ်လား. . ။

ခွန်မိုင်းအဖြစ်ကိုမြင်ပြီး ရှင်မင်းလည်း ဂုဏ်ယူဝင့်ကြွားစွာနှင့် မိန့်မိန့်ကြီး ပြုံးနေလေတော့၏။ ခွန်မိုင်းက ရေဘူးအနီးတစ်ဝိုက်အား လက်ဖြင့်လိုက်စမ်းကြည့်သည်။ ဘာအထိအတွေ့ကိုမှ မခံစားရသော်လည်း ရေဘူးက နောက်သို့ရွေ့သွားသည်။

“နန်း စကားပြောကြည့်ပါဦး ကိုခွန်မိုင်း ကြားရမလားလို့”

ရှင်မင်း အမိန့်အတိုင်း နန်းမြင့် လိုက်နာသည်။

“မောင် နန်းကို မမြင်ရဘူးနော်”

ခွန်မိုင်း နားစွင့်နေပုံကို မြင်ပြီး ရှင်မင်းအတော်သနားသွားမိသည်။

“အင်း. . ကိုခွန်မိုင်း မကြားဘူး နန်းမြင့်ရဲ့”

“သူ သူ ကတယ်ရှိနေတယ်ပေါ့”

“ဩော်. . ကိုခွန်မိုင်းရယ်၊ ဒီလောက်အထင်အရှား တွေ့နေရတာတောင် လက်မခံချင်သေးဘူးလား”

“မဟုတ်. . မဟုတ်. . အဲလိုမဟုတ်ပါဘူး၊ အံ့ဩလွန်းလို့ပါ





ရှင်မင်းရယ်”

“အင်း. . ဒါဆို ကျွန်မဒုက္ခကို ကိုယ်ချင်းစာလို့ ရပြီပေါ့၊ ကိုခွန်မိုင်းကမှ သူရှိနေတယ် ဆိုတာကို ကြိုသိထားတာလေ၊ ကျွန်မတုန်းကဆို ကြောက်လွန်းလို့ နေစရာကို မရှိတာ”

“ဟုတ်ကဲ့ပါဗျာ. . မရှင်မင်း ဘယ်လောက်ကြောက်ခဲ့မလဲဆိုတာ တွေးကြည့်လို့ရပါပြီ၊ ဒါ. . ဒါပေမဲ့ ကျွန်တော် သူနဲ့စကားပြောချင်တယ်ဗျာ. . ဘယ်လိုလုပ်ရမလဲ”

မျက်မြင်မို့ ယုံကြည်သွားပြီဖြစ်သည့် ခွန်မိုင်း၏ အခေါ်အပြောတွေ ဆက်ဆံပုံတွေ လုံးဝပြောင်းသွားသည်။ အောက်ကျို့ပြီး တကယ့် ကျေးဇူးရှင်တစ်ယောက်လို ပြုမူဆက်ဆံပြောဆိုလာ၏။

“သိနေတယ်လေ သိနေတယ်၊ သိနေလို့ပဲ ကျွန်မ အားလုံးစီစဉ်ခဲ့တာပေါ့”

ရှင်မင်းက သူ့ဘေးလွယ်အိတ်ကြီးထဲမှ Laptop ကိုထုတ်ယူ၍. .

“ဖေါက်တယ်နော် ဒါနဲ့စာရိုက်ပြီး အပြန်အလှန် ပြောကြပေတော့”

“ဟား. . ရှင်မင်းက အားလုံးအဆင်ပြေအောင် စီစဉ်ပေးနိုင်တယ်နော်”

“အဟဲ. . ဟဲဟဲ. . ဒီလောက်က အသေးအမွှားပါ ကိုခွန်မိုင်းရယ်၊ ဒါက ကျွန်မအတွက် မိုင်နာကေ့စ်ပါ”

ခွန်မိုင်း Laptop ကို လှမ်းယူပြီး စားပွဲပေါ်တင်လိုက်သည်။ ရှင်မင်းက နန်းမြင့်အတွက် ထိုင်စရာစီစဉ်ပေးလိုက်၏။ လင်မယားနှစ်ယောက် စားပွဲဟိုဘက်ဒီဘက်မှာ မျက်နှာချင်းဆိုင်ထိုင်ကာ အလှမ်းသယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်း မောင် တအားအံ့ဩနေတာ၊ ယုံတောင် မယုံချင်ဘူး အခု မောင့်ရှေ့မှာ နန်းရှိနေတယ်ဆိုတာ တကယ်လား"

ခွန်မှိုင်း စာရိုက်ပြီး နန်းမြင့်ဘက်သို့ လှည့်ပြလိုက်သည်။

မကြာခင် Laptop ပေါ်၌ စာလုံးများ တစ်လုံးပြီးတစ်လုံး ပြန်ပေါ်လာ၏။

"တကယ်ပါမောင်. .၊ နန်းလည်း ကိုယ့်အဖြစ်ကိုယ် မယုံနိုင်ဖြစ်နေတာလေ၊ ကိုယ့်လင်သားကို မြင်တွေ့နေရပေမယ့် ကြင်နာယုယခွင့်မရတဲ့ဘဝမို့ သိပ်ကို ကြေကွဲရပါတယ်"

နန်းမြင့် ရိုက်ပြတာကို ခွန်မှိုင်းယူဖတ်သည်။ သူတအားဝမ်းသာကြည်နူးနေလေ၏။

"ရှင်မင်း တကယ်ဗျ တကယ်၊ နန်းနဲ့ကျွန်တော် ဆက်သွယ်လို့ရပြီဗျရပြီ"

"ကျွန်မလည်း ဝမ်းသာပါတယ်ရှင်၊ ကဲ. . ပြောစရာရှိတာတွေ အပြန်အလှန် ပြောကြပါဦး အားရပါးရပေါ့. . ."

သူတို့နှစ်ယောက်ကို လွှတ်ပေးထားလိုက်ပြီး ရှင်မင်းက ခုတင်ပေါ် တင်ပါးလွှဲဝင်ထိုင်ကာ မသေမရှင် နန်းမြင့်ကိုသာ ဂရုဏာသက်စွာ ကြည့်နေမိ၏။ သေကွဲကွဲတာလည်းမဟုတ်၊ ရှင်ကွဲကွဲတာလည်းမဟုတ်ဘဲ. . ကံကြမ္မာကျီစား၍ ဝေးကွာခဲ့ရသူနှစ်ယောက် ပြန်လည်တွေ့ဆုံပွဲက ကြည်နူးစရာကောင်းသလို ဝမ်းနည်းစရာလည်း ကောင်းလှသည်။

"ထိုင်းက ဆရာဝန်ကြီးတွေလာပြီး ခွဲစိတ်ရင် ကောင်းသွားမှာ. . ."

"အဲဒီရောဂါပျောက်မှ ဝင်လို့ရမှာလား မသိဘူး၊ အခု နန်းက ဘာဖြစ်နေတာလဲဟင်"





"အာရုံကြောထိခိုက်ပြီး ကိုမာ ရနေတာလေ နန်းရဲ့"

"မောင့် မေတ္တာတရားကို နန်း သိပ်တိုလေးစား တန်ဖိုးထားမိပါတယ် မောင်"

စားပွဲပေါ်မှ Laptop လေး ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် ချာချာလည်နေသလို လိုက်ကြည့်နေသည့် ရှင်မင်းလည်း ခေါင်းတွေ မူးနောက်လာသည်။ ဝအောင်ပြောပြီးချိန်တွင် ခွန်မှိုင်းက ရှင်မင်းအနား ထလာပြီး. .

"ရှင်မင်းလည်း ကျွန်တော့်မိန်းမကို လက်ခံထားရတာ ကူညီပေးရတာနဲ့တင် တအားပင်ပန်းနေရောပေါ့"

ထိုအချိန်တွင် တံခါးခေါက်သံကြားလိုက်ရပြီး ဆရာဝန်ကြီးတစ်ယောက် ဝင်လာ၏။

ရှင်မင်းနှင့်နန်းမြင့် ဘေးသို့ဖယ်၍ ရှောင်ပေးလိုက်ကြ၏။ ဆရာဝန်ကြီးက ခွန်မှိုင်းအား ပြုံးပြနှုတ်ဆက်လိုက်ပြီး ဦးစွာ နန်းမြင့်အခြေအနေကို စစ်ဆေးသုံးသပ်သည်။ အောက်ဆီဂျင်ပိုက်၊ နှလုံးခုန်တိုင်းတာစက်၊ လက်ရှိသွေးခုန်နှုန်း စသည်ဖြင့် စေ့စပ်စွာ စစ်ဆေးပြီးမှ. . .

"ဝမ်းသာစရာပဲ ကိုခွန်မှိုင်း၊ လာမယ့်အပတ် စနေနေ့မှာ ထိုင်းကပါရဂူကြီး ခွဲစိတ်မယ်၊ သူ့ လူနာသုံးယောက်ထဲက ကိုခွန်မှိုင်းရဲ့ဇနီးကို အရင်ဆုံး ခွဲပေးမှာတဲ့"

"ဩော်. . ဟုတ်ကဲ့ ကျေးဇူးတင်လိုက်တာ ဆရာရယ်"

"ဒီက ဓာတ်မှန်၊ သွေးနဲ့ရိုးတွင်းခြင်ဆီ နမူနာတွေလည်း လှမ်းပို့ထားပြီးသားဆိုတော့ အားလုံးအဆင်ပြေသွားမှာပါ"

"ဟုတ်ကဲ့ ခင်ဗျ"

"အားတင်းထား သိပ်မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ"

ဆရာဝန်ကြီး ပြန်ထွက်သွားလေပြီ၊ ရှင်မင်းက နန်းမြင့်၏ ဆံပင်ထုတ်ပေးခဲ့ရန် မေ့မည်စိုး၍ လွယ်အိတ်ထဲမှ ထုတ်လိုက်၏။ နန်းမြင့်က သူကိုယ်တိုင်ပေးလိုဟန်နှင့် ဆတ်ခနဲ လှမ်းယူလိုက်သည်။ ထိုစဉ် ဆရာဝန်ကြီး ပြန်လှည့်လာပြီး. .

"ဩော် ကိုခွန်မှိုင်းရေ. . အို. . အို. . ဟင်"

ဆရာဝန်ကြီး လှည့်အကြည့်တွင် လေထဲမြောက်လွင့်နေသော ပလတ်စတစ်အထုပ်ကို တွေ့သွားပြီး အံ့ဩထိတ်လန့်ဟန်နှင့် စကား ပြတ်သွားလေ၏။ ရှင်မင်းလည်း အခြေအနေကို ရိပ်မိပြီး နန်းမြင့် လက်ထဲမှ အထုပ်ကို ပြန်ယူကာ အပေါ်သို့ပစ်လိုက် ပြန်ဖမ်းလိုက်နှင့် ရှုးကြောင်ကြောင်အိုက်တင် လုပ်လိုက်ရသည်။ ဆရာဝန်ကြီး ဘာဖြစ် သွားသလဲဆိုတာ ရိပ်မိသည်မို့ ဝင်ထိန်းသည့်အနေနှင့် ခွန်မှိုင်း စကားစလိုက်သည်။

"ဘာများ မှာစရာရှိလို့ပါလဲ ဒေါက်တာ"

"ဩော်. . အို. . အိုသွေး၊ လူနာက အိုသွေးဆိုတော့ အရေးပေါ် လိုအပ်ခဲ့ရင် လိုက်မရှာရအောင် အိုသွေးပိုင်ရှင်နှစ်ယောက် လောက် ရှာထားဖို့ပါ"

"ဟုတ်ကဲ့ဒေါက်တာ ကျွန်တော်စီစဉ်ထားလိုက်ပါ့မယ်"

ဆရာဝန်ကြီးက ရှင်မင်းလက်ထဲမှအထုပ်ကို မသင်္ကာသလို ကြည့်ရင်း နားမလည်ဟန်နှင့် ထွက်သွားလေ၏။ ထိုအခါမှပဲ ရှင်မင်း တို့လည်း သက်ပြင်းချ နိုင်တော့သည်။

"အမလေး တော်ပါသေးရဲ့ ဒီဆံပင်ထုပ်ကြီး လေထဲမြောက် နေတာတွေ့ပြီး ဆရာဝန်ကြီး မေ့လဲတော့မလို ဖြစ်သွားတာ"

"ဒီအထုပ်က ဘာလဲဗျ"





"ဆံပင်တွေလေ နန်းမြင့်ရဲ့ဆံပင်တွေ၊ ရှင်မင်းဝယ်ပြီး ဆက် ထားတာ၊ ဒီဆံပင်ကြောင့် နန်း ကျွန်မဆီ ရောက်လာတာ"

"ဩော်. . ဒီလိုကိုး"

"ဒါကြောင့် ကိုခွန်မှိုင်းလည်း နန်းကို မြင်လိုမြင်ငြားဆိုပြီး ယူထားဖို့ ပြန်ပေးတာ"

ခွန်မှိုင်းက ဆံပင်ထုပ်ကိုကိုင်ရင်း. . အခန်းထဲ ဟိုဟိုဒီဒီ လျှောက်ကြည့်သည်။ တစ်ပါတ်ပြည့်အောင် လှည့်ကြည့်ပြီးသော် လည်း ဘာကိုမှမတွေ့သဖြင့် စိတ်လျှော့လိုက်ရင်း. .

"အင်း. . ကျွန်တော့်အတွက်တော့ မထူးပါဘူးဗျာ"

"ဟုတ်တယ်. . ကိုခွန်မှိုင်းက ဘုရားတရားကိုင်းရှိုင်းတယ်၊ အဲဒါကြောင့် နန်းမြင့် အနားကပ်လို့မရသလို ကိုခွန်မှိုင်းလည်း မမြင် ရတာ ဖြစ်လိမ့်မယ်"

"ကိုခွန်မှိုင်း သွားပြီနော် သီချင်းဆိုကျင့်ရဦးမှာမို့"

သူ့ယောက်ျားကို ပြီတီတီလုပ်နေသော အမူအရာကြောင့် နန်းမြင့် စိတ်ဆိုးသွားကာ ရှင်မင်းအား ဆွဲဆိတ်လိုက်တော့သည်။

"အား. . နာတယ် နန်းရဲ့"

ဇနီးသည်အကြောင်း သိပြီးသားမို့ ရှင်မင်းအဖြစ်ကိုကြည့် ရင်း ခွန်မှိုင်း ရယ်မောကာ ကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၆ )

ရှင်မင်း မိုက်ခဲပြီး အပြတ်ဟဲနေ၏။ နန်းမြင့်က စည်းချက်လိုက်ပြီး နားစွင့်သည်။ မှားတာရှိလျှင် ချက်ချင်းထောက်ပြ. . ပြင်ဆိုခိုင်းသည်။ ရှင်မင်းအတတ်နိုင်ဆုံး ကြိုးစားသီဆိုနေရှာသည်။ ပြိုင်ပွဲတွင် ကိုယ့်စိတ်ကြိုက်တစ်ပုဒ် ဒိုင်တွေရွေးပေးတာတစ်ပုဒ် သီဆိုယှဉ်ပြိုင်ရမှာဖြစ်၍ နန်းမြင့်က အတင်းမောင်းနေခြင်း ဖြစ်သည်။

ကြာလာတော့ ရှင်မင်း မတ်မတ်မရပ်နိုင်တော့၊ တီဗွီရှေ့ခုံတစ်လုံးချကာ ထိုင်ဆိုရသည့်အဆင့် ရောက်သွားသည်။ ဒါလည်း နန်းမြင့်က မနားခိုင်းသေး။ ရှင်မင်း တအားပြိုင်းနေပြီ၊ လည်ချောင်း





တွေယား၊ အဆုတ်တွေပွထကာ ချောင်းတဟွတ်ဟွတ် ဆိုးလာ၏။

"နန်း တော်ပြီကွာ၊ အရမ်းမောနေပြီ"

"အဲဒါ ခက်တာပေါ့ ရှင်မင်းက ဖွဲ့မှမရှိဘဲ၊ ပွဲမဝင်ခင် အပြင်က ကျင်းပတဲ့. . ."

"ဒါတော့ ဒါပေါ့. . ဒီနေ့ကျင့်တာလည်း လေးနာရီလောက်ရှိနေပြီလေ၊ အသံတွေလည်း နာနေပြီ"

"မရဘူး. . ဒီမှာ ကာရာအိုကေပဲ ဆိုရတာ၊ ဟိုမှာက. . BAND နဲ့ဆိုရမှာ၊ ဒါကြောင့် တီးလုံးကအစ အလွတ်ရနေမှဖြစ်မှာ"

"ဟုတ်ပါတယ်. . . ဒါပေမဲ့ မောလို့ပါ နန်းရယ်"

"မရဘူး. . ဆို"

"မဆိုဘူး"

ရှင်မင်း ထိုင်ရာမှထကာ အိပ်ခန်းထဲ ပြေးဝင်သည်။ နန်းမြင့်က အိပ်ခန်းထဲ ကြိုရောက်နေ၏။ ရှင်မင်း ထွက်ပြေးပြီး အိမ်သာထဲ ဝင်ထိုင်နေလိုက်သည်။ အိမ်သာထဲအထိပါ လိုက်ဝင်လာ၍ ရှင်မင်းစိတ်ပေါက်ပေါက်နှင့် သန့်ရှင်းရေးလုပ်သည့် ရေပိုက်ကို ဆွဲဖြုတ်ပြီး ခလုတ်နှိပ်ကာ ဖြန်းပက်လိုက်၏။ ပန်းထွက်လာသော ရေမှုန်ရေမွှားတွေက နန်းမြင့်ကိုယ်ကို ဖြတ်သန်းဖောက်ထွက်ပြီး နံရံကို သွားစင်သည်။

သို့သော် နန်းမြင့် ပြန်ထွက်သွား၏။ ရှင်မင်း ခဏဆက်ထိုင်နေပြီး စိတ်ချရလောက်ပြီထင်မှ အိမ်သာထဲက ထွက်ခဲ့လိုက်သည်။

"ဗွမ်း. . ."

အိမ်သာထဲမှ အထွက်မှာပင် ရှင်မင်း ရေအပက်ခံလိုက်ရသည်။ တစ်ကိုယ်လုံး စိုရွှဲသွား၏။ ရေပုံးကိုင်ထားသော နန်းမြင့်တသဘောကျစွာ တဟားဟား အော်ဟစ်ရယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး စိုရွှဲနေသဖြင့် အဝတ်အစားပင် မချွတ်တော့ဘဲ ရှန်ပူဘူးယူကာ ခေါင်းပါလျှော်လိုက်တော့၏။ နန်းမြင့်က ရေပန်းကို ဖြုတ်ယူပြီး လောင်းပေးသည်။ ဆက်ထားသည့် ဆံပင်တွေဖြုတ်ပြီးပုံသွင်းကာ အတိုညှပ်ထားသည်မို့ ခေါင်းလျှော်ရတာ ပေါ့ပေါ့ပါးပါးရှိလှ၏။ ဆံပင်ဖြုတ်ပစ်လိုက်သော်လည်း ဆက်ထားသည့် နန်းမြင့်ဆံပင်တွေကျန်နေသေး၍ သူမကို မြင်နေရခြင်းလည်းဖြစ်သည်။







# အခန်း ( ၁၇ )

ပြိုင်ပွဲရက်က နီးနေပြီမို့ ရှင်မင်း စိတ်လိုလက်ရ Shopping ထွက်လာခဲ့၏။ ထုံးစံအတိုင်း နန်းမြင့်လည်း ကပ်ပါလာသည်။ ရန်ကင်းစင်တာ အပေါ် အောက် ဘယ်နှခေါက်မှန်းမသိ၊ တက်လိုက်ဆင်းလိုက်လုပ်ပြီး. . အလှအပရေးရာ အသုံးအဆောင်တွေကို မွှေနှောက်ရှာဖွေဝယ်ယူနေသည်။

အဝတ်အစားနှင့် မိတ်ကပ်ပါ အိပ်မက်ဆုံရာမှ ပြင်ပေးသည်ဖြစ်၍ ခေါင်းစီးကြိုး၊ ကလစ်၊ ဖန်စီဆွဲကြိုး၊ လက်ကောက် စသည်တို့ကိုသာ စိတ်ကြိုက်ဝယ်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းမြင့်ကလည်း ကူညီရွေးပေး၏။ သူက Stageနှင့် ယဉ်ပါးပြီးသားမို့ အမြင်ရှိသည်။ ကိုယ်တိုင်ကလည်း လှပချောမောသူ ဖြစ်နေသလို . . ဖက်ရှင်ကို ဂရုစိုက်ပြီး စတိုင်ကျကျ နေတတ်သူဖြစ်၍ သူရွေးပေးသော အသုံးအဆောင်တွေက ဒီဇိုင်းဆန်းဆန်းနှင့် ခေတ်မှီလွန်းနေ၏။

စင်တာထဲမှာ နှစ်နာရီလောက်ကြာသွားပြီးနောက် ရှင်မင်းကိုယ်တိုင် ညောင်းညာလာ၍ တစ်ခုခုစားပြီး ပြန်တော့မည်ဟု ဆုံးဖြတ်ကာ အောက်ထပ်သို့ ဆင်းခဲ့၏။ ဓာတ်လှေကားမှ အဆင်းတွင် . . .

"ဟင် . . ဟို သမော်တကီး၊ အဲ . . ဟိုသမီးလေးမဟုတ်လား မာမီ့ဆီ ဝိညာဉ်ခေါ်လာတဲ့ သမီးလေးလေ ဟုတ်တယ်ဟုတ်"

"ဟယ် မာမီမျိုး"

မာမီက ရှင်မင်း ဘေးဘီနှင့်နောက်တို့ကို လှည့်ပတ်ကြည့်ရင်း

"သူ ပါလာသေးလား"

"ဟုတ်ကဲ့ "

"အတော်ပဲ မာမီ ဒီကိစ္စကို စိတ်ဝင်စားလို့ ကိုယ်တော်တချို့ကိုပင့်ပြီး မေးကြည့်တယ် သိလား"

"ဟုတ် . . ပြောပါဦး မာမီ"

"ဆေးရုံက သူ့အခြေအနေ ဘယ်လိုရှိလဲ"

"COMA ဖြစ်ပြီး မြောနေတာလေ၊ ဦးနှောက်ခွဲစိတ်မှု လုပ်ရမယ်တဲ့၊ ခွဲပြီးရင်တော့ ကောင်းလာနိုင်ချေများတယ်လို့ ပြောတာပါပဲ မာမီရယ်"

"အို . . မှန်လိုက်တာ မှန်လိုက်တာ၊ ကိုယ်တော်တွေမိန့်တာ





နဲ့တော့ ကွက်တိမှကွက်တိပဲ သိလား"

"ဟုတ်"

"ကိုယ်တော်တွေကလည်း ခွဲစိတ်မှု လုပ်ရမယ်တဲ့၊ ခွဲစိတ်မှုလုပ်ရင် သူ့ကိုဆေးရုံမှာ စောင့်ခိုင်းထားပြီး အခြေအနေပေးတာနဲ့ ကိုယ်ထဲကို ပြန်ဝင်ရမှာတဲ့၊ အချိန်ကိုက်ဖြစ်ရင် အကောင်းဆုံးဆိုပဲ၊ အချိန်လွန်ပြီး သိပ်ကြာသွားရင် ပြန်ဝင်လို့မရဘဲ ဒုက္ခရောက်မှာတဲ့"

"ရှင် . . ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ခုလို ဂရုတစိုက်ရှိတာ ကျေးဇူးပါမာမီ"

တိုက်တိုက်ဆိုင်ဆိုင် လာဆုံရသလို အကျိုးရှိမည့် အချက်အလက်တွေပါ ရလိုက်၍ နန်းမြင့်အတွက် အားတက်ဝမ်းသာဖြစ်ရသည်။ မာမီပြောတာ နန်းမြင့်လည်း ကြားသည်မို့ တက်ကြွလန်းဆန်းလို့နေသည်။

ဆန်ကာတင်လူရွေးပွဲက နှစ်ရက်သာလိုတော့၍ အိမ်ရောက်တော့ အဆိုကျင့်ရသေးသည်။ နန်းမြင့်၏ သင်ပြမှုနှင့် အတူ အညီများကြောင့် ရှင်မင်းပြိုင်ပွဲဝင်ဖို့ ယုံကြည်ချက် အပြည့်ရှိနေပြီဖြစ်သည်။

"ခုမှ သတိရတယ်၊ ရှင်မင်းပြိုင်ပွဲဝင်မယ့်နေ့မှာ နန်းလည်း ခွဲစိတ်ခန်း ဝင်ရမှာလေ၊ ရှင်မင်းအတွက် စိတ်ပူမိတယ်"

"မဟုတ်သေးပါဘူး နန်းရယ် . . ရှင်မင်းက အပျော်သဘော နန်းကသာ ဘဝနဲ့ဆိုင်နေတာ၊ ဟို ကန္တာရစီးပြောသလိုဆို နန်းက ဆေးရုံမှာ အမြဲရှိနေရမှာလေ၊ ဒါမှ ဝိညာဉ်ပြန်ဝင်ခွင့်ရမှာ"

နန်းမြင့် ငိုင်တွေသွားသည်။ ဖြစ်နိုင်ခြေကို တွေးတာ စဉ်းစားဆင်ခြင် ဆုံးဖြတ်နေဟန် ရှိသည်။

"ရပါတယ် ရှင်မင်းကလည်း ဒါကို အနာဂတ် ရည်မှန်းချက်



www.burmeseclassic.com

www.burmeseclassic.com



လို သဘောထားတာ နန်း သိပါတယ်၊ ရှင်မင်း အိပ်မက်အောင်မြင်ဖို့ကို ဦးစားပေးရမှာပေါ့”

“မဟုတ်တာဘဲ နန်းရယ်၊ တစ်ခုခုသာ လွဲချော်သွားရင် နန်းကဘဝဆုံးမှာနော် အသက်နဲ့ရင်းရမှာ. . ဒီတစ်သက်လုံး လူပြန်မဖြစ်တော့ဘူး”

“နန်းတို့က တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကူညီရမယ့်မိတ်ဆွေတွေ ဖြစ်နေကြပြီလေ၊ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ရင် ဘယ်မှာမိတ်ဆွေစစ် ဖြစ်တော့မှာလဲ”

နန်းမြင့်စံ၏ စိတ်ရင်းမှန်ကို သိရတော့ ရှင်မင်းမျက်ရည်ဝေ့မတတ် ကြည်နူးသွား၏။ သို့သော် သူ ဒီလောက်ထိတော့ တစ်ကိုယ်ကောင်းမဆန်နိုင်. . အလွဲလွဲအချော်ချော် ဖြစ်ကုန်လျှင် နန်းမြင့်၏ အသက်နှင့်ခန္ဓာ အိုးစားကွဲသွားမည့် အရေးဖြစ်နေ၍. . သူ့ကိုသာ ဦးစားပေးရလိမ့်မည်။

“ဒီမယ်. . နန်း၊ နောက်ထပ်. . နှစ်လေးငါးခြောက်ဆယ်လောက် လူ့ပြည်မှာမနေချင်ဘူးလား၊ တစ်ယောက်တည်းအတွက် မကြည့်နဲ့လေ၊ နန်းမြင့်နားမှာ အမြဲပြုစုရင်း အရူးလိုဖြစ်နေရတဲ့ ကိုခွန်မှိုင်းကို မငဲ့တော့ဘူးလား ”

ခွန်မှိုင်းအကြောင်းပါလာမှ နန်းမြင့် သတိတရဖြစ်ပြီး မျက်ရည်ကြည်တို့ ဝေ့ဝဲလာသည်။

“နန်းတို့နှစ်ယောက် သိပ်ချစ်ကြတာလေ၊ နန်းသာ ပြန်မလာဘူးဆိုရင် သူဘယ်လို ဖြစ်ကျန်ခဲ့မလဲ”

နန်းမြင့်စံထံမှ ရှိုက်သံပါ ထွက်လာသည်။

“ရှင်မင်းကို အဆိုပိုင်နိုင်အောင် လမ်းညွှန်သင်ပေးခဲ့တာနဲ့တင် လုံလောက်နေပါပြီ၊ ကိုယ့်အတွက် ကိုယ်စဉ်းစားပါ ကိုခွန်မှိုင်း





ကိုစာနာပါ”

နန်းမြင့် မခံစားနိုင်တော့လောက်အောင် ဝမ်းနည်းသွားသည် ထင်၏။ ရှင်မင်း နားတိုးကပ်လာတာ တင်းကျပ်စွာပွေ့ဖက်လာသည်။ ရှင်မင်းလည်း ပြန်လည် ပွေ့ဖက်လိုက်ရင်း နှစ်ယောက်အတူ ငိုလိုက်ကြတော့၏။ အားရအောင်ငိုပြီးတော့မှ. .

“အဲဒီနေ့ကျရင် နန်း ဆေးရုံမှာပဲ ရှိနေမယ်လို့ ကတိပေးပါ ကိုခွန်မှိုင်းနဲ့ ဘဝဆုံးတိုင်လျှောက်လှမ်းဖို့ပဲ ကြိုးစားပါနော်”

ရှင်မင်းက နန်းမြင့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းရင်း မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်သည်။

ရှင်မင်းအား မျက်တောင်မခတ် ပြန်ကြည့်ရင်း နန်းမြင့် ခေါင်းညိတ်ပြရှာသည်။ ကတိရပြီမို့ ရှင်မင်း မျက်ရည်များနှင့်ပင် အားပါးတရ ပြုံးလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၈ )



လောကကြီးသည် မနေ့က ထုပ်ပိုးသိမ်းဆည်းထားခဲ့သည့်အတိုင်း အပျက်အစီးအယိုအယွင်းမရှိ အကောင်းပကတိအတိုင်း နိုးထလာသည်။ မနေ့ကမှ ညဈေးတန်းသို့ အပြေးအလွှားသွားကာ ဝယ်ယူပြင်ဆင်လဲလှယ်ထားသည့် ပန်းများနှင့် ဘုရားစင်ကလှပတင့်တယ်ကာ ကြည်ညိုစရာ အကောင်းဆုံးဖြစ်နေလေ၏။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဘုရားမေ့၊ တရားမေ့ဖြစ်နေသော ရှင်မင်းတစ်ယောက် မကြုံစဖူးထူးကဲစွာ ဘုရားဝတ်ပြုနေလေ၏။





ဒီနေ့ကား ပြိုင်ပွဲဝင်ရမည့်နေ့ ဖြစ်သည်။ ဆန်ကာတင် ရှစ်ယောက်ထဲ ပါပါစေကြောင်း ဆုမွန်တောင်းနေပြန်သည်။

ကိုယ်တိုင်လည်း အကောင်းဆုံးကျင့်ခဲ့သလို၊ ဘုရားကိုလည်း နားပူနားဆာ တိုက်ပြီးသွား၍. . ရှင်မင်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ အားကောင်းမောင်းသန် ဖြစ်နေခဲ့ပြီ။ ဘုရားစင်ရှေ့မှထလိုက်သည်နှင့် မျက်ဝန်းထောင့်တွင် အရိပ်တစ်ခုကို ဖြတ်ခနဲမြင်လိုက်၍ ရှင်မင်း အံ့ ဩသွားသည်။

"ဟင်. . နန်း အခု ဘာလုပ်နေတာလဲ"

နန်းမြင့် ဘာမှပြန်မဖြေ. .

"ဘယ်အချိန် ခွဲမယ်မှန်းမသိလို့ ဆေးရုံကိုကြိုပြီးသွားပါလို့ပြောထားရဲ့သားနဲ့. . အဟွတ်. . အဟွတ်"

ညကတစ်ညလုံး အဆိုကျင့်ထား၍ လည်ပင်းတွေနာကာ ရှင်မင်း အသံတွေဝင်နေ၏။

"အင်း. . သွားမှာပါ၊ ဒါပေမဲ့ ရှင်မင်းကို စိတ်မချလို့"

"ဩော်. . ရှင်မင်းကိစ္စက ဘာမှအရေးမကြီးဘူး၊ ဆေးရုံကိုသာသွား. . အဟွတ်. . သွားတော့. . သွားပါလို့ဆိုနေ"

နန်းမြင့် ပေကတ်ကတ်လုပ်နေသဖြင့် ရှင်မင်း တွန်းတွန်းထိုးထိုး ဆွဲခေါ်ကာ အပေါက်ဝအထိ ပို့ပေးလိုက်၏။

"ရှင်မင်း အသက်ရှုတာနဲ့ ကီးအချိန်းမှာ အသံတင်ဖို့ သတိထားအုံးနော်"

"စိတ်ချပါ ဆရာမရယ်. . အဟွတ်၊ ဆရာမ မှာထားသမျှတွန့်မ တစ်ခုမှမမေ့ပါဘူး ဘာမှ နောက်ဆံတင်း မနေနဲ့သွားတော့အဟွတ်"

ရှင်မင်း အတင်းတွန်းလွှတ်နေသဖြင့် နန်းမြင့် ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ရှင်မင်း သက်ပြင်းချရင်း တိုင်ကပ်နာရီကို လှမ်းကြည့်ကာ ရေချိုးထားလျှင် ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

နန်းမြင့်လည်း ဆေးရုံသို့ ဦးတည်သွား၏။ ဆေးရုံအခန်းထဲ ရောက်သည်နှင့် မောင်အမြဲယူလာသည့် Laptop နှင့်စာရိုက် ဆက်သွယ်လိုက်၏။

"မောင် နန်းရောက်နေပြီနော်. . အခြေအနေ ဘာထူးလဲ"

"ဆယ်နာရီကျော်လောက် စခွဲမယ် ပြောတာပဲ၊ နန်းပြန်ဝင် နိုင်မယ်လို့ မောင် ယုံတယ်"

"နန်း ကြိုးစားမှာပါ"

"မောင့်ကို တစ်ယောက်တည်း ထားမသွားနဲ့နော်"

"အင်းပါ မောင်ရဲ့"

ခွန်မိုင်းနှင့်နန်းတို့ စာရိုက်ဆက်သွယ်၍ ကောင်းနေစဉ်မှာ ပင် အခန်းထဲသို့ နာစ်(၃)ယောက်နှင့် ဝန်ထမ်း(၃)ယောက် ဝင်လာ ကြ၏။

နာစ်များက ခွဲစိတ်ခန်းဝင်ရန်အတွက် နန်းမြင့်အား လိုအပ် တာတွေ ပြင်ဆင်ပေးကြသည်။ ဒါကို မြင်နေရသည့် နန်းမြင့် ရင်သိမ့် တုန် ဖြစ်နေ၏။ ဒီနေ့သည် သူ့ဘဝရှေ့ရေးအတွက် အဆုံးအဖြတ် ပေးမည့်နေ့ ဖြစ်နေခဲ့ပြီ။ ခွဲစိတ်မှု အောင်မြင်ပါစေဟုပဲ ဆုတောင်း ရမှာလား၊ ဝိညာဉ်ပြန်ဝင်ခွင့် ရပါစေဟုပဲ ဆုတွေရမှာလား မကွဲပြား တော့။

ကိုယ့်အတွက်ကိုယ် စိတ်မအေးရသလို ရှင်မင်းအတွက် လည်း နောက်ဆံတင်းနေသဖြင့် နန်းမြင့် ဗျာများနေရသည်။ ရှင်မင်းက အဆိုပိုင်နိုင်နေပြီ ဖြစ်သော်လည်း Stage ကြောက်ပြီး. . လူရှိန်တတ်သည့်အပြင်. . အခုလည်ချောင်းကလည်း နာနေ၍ ဆို





နိုင်ပါ့မလား တွေးပူမိသည်။

နန်းမြင့်က ရှင်မင်းအတွက် စိတ်ပူနေစဉ်. . . ရှင်မင်းက ပြိုင်ပွဲကျင်းပမည့် Juntion Square Shopping Center သို့ ရောက်ရှိ နေပြီဖြစ်သည်။ စာရင်းသွင်းပြီးနောက် ပြိုင်ပွဲဝင် အယောက်နှစ် ဆယ်အား ပြင်ဆင်၊ ချယ်သပေးဖို့ ခန်းမတစ်ခုထဲ ပို့ပေးလိုက်သည်။

ထိုအချိန်တွင် လူတွေကြားထဲ၌ နန်းမြင့်ကို တွေ့လိုက်ရ သည်။ ဖျတ်ခနဲမြင်ပြီး ပျောက်သွား၍ ရှင်မင်း စိတ်ပူသွားကာ လိုက် ရှာရ၏။

စတိတ်ခုံအနီး လိုက်ကာကြားတွင် နန်းမြင့်အား တွေ့တော့ သည်။ ကိုယ်ယောင်ဖျောက်သွားမှာစိုးပြီး ထိုနေရာသို့ ရှင်မင်း ပြေး သွားလိုက်၏။

"ဟင်. . နန်း၊ နန်းဒီမှာ ဘာလာလုပ်နေတာလဲ"

"ဟာ. . ပြိုင်နေပြီလားလို့ ခဏလာကြည့်တာပါ၊ ခွဲစိတ်မှုက စသေးတာမှမဟုတ်တာ အဲဒါကြောင့်"

"နန်းမြင့်ကလည်းဟာ ဟိုမှာ အချိန်ပြည့် ရှိနေမှ ဖြစ်မှာပါ ဆို"

"ရပါတယ် ဒီမှာလည်း ခဏပဲနေမှာပါ။ နင့်အလှည့် ဘယ် တော့လဲ"

"အမှတ်စဉ် (၁၂) ဆိုတော့ ကြာဦးမှာ. . ပြန်ပါနန်းရယ်"

"အင်းပါ. . ရှင်မင်းရယ်၊ ပြန်မယ်. . ပြန်မယ်"

နန်းမြင့်က ပြန်မယ်ပြောပြီး လူတွေကြားထဲ တိုးဝင်သွားပြန် သည်။ သူ့ကိုစိတ်မချသဖြင့် ရှင်မင်း နောက်မှလိုက်သွား၏။ ဒါကို နန်းမြင့် လှည့်ကြည့်ပြီး သတိပြုမိသွား၍ ကိုယ်ယောင်ဖျောက်လိုက် သည်။ ရှင်မင်း သူ့ကို ဘယ်လိုမှရှာမတွေ့တော့။ ဆေးရုံ ပြန်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖြစ်ပါစေဟုသာ ဆုတောင်းရတော့၏။

နန်းမြင့်မှာ ရှင်မင်း ထင်ထားသကဲ့သို့ပင် ဆေးရုံပြန်သွားတာ မဟုတ်ဘဲ Juntion ထဲမှာပဲ ရှိနေသည်။ သူ ရှင်မင်း သီဆိုတာကို စောင့်ကြည့်ပြီးမှပဲ ပြန်တော့မည်ဟု တွေးထား၏။ ဘာပဲပြောပြော ခုလိုရေမြောကမ်းတင် ဘဝမှာ ရှင်မင်းက သူ၏တစ်ဦးတည်းသော အားကိုးစရာ တိုင်ပင်စရာ သူငယ်ချင်းတစ်ယောက် ဖြစ်နေသည်။

ရှင်မင်း ဆန္ဒဖြစ်သည့် ဆန်ကာတင် ရှစ်ယောက်ထဲပါဖို့ . . တတ်အားသရွေ့ ကူညီပေးချင်နေ၏။ ပြီးတော့ ဆေးရုံမှာ စောင့်နေဖို့ သတ္တိမရှိတာလည်း ပါသည်။ ခွဲစိတ်မှု မအောင်မြင်ဆိုသည့် စကားကို ကြားရမှာ ကြောက်နေ၍လည်း ဒီမှာပေကတ်နေမိခြင်းလည်း ဖြစ်သည်။ ဤသို့နှင့် အမှတ်စဉ်(၁၂) ရှင်မင်းပြည့်ဆိုသည့် ကြေညာသံကို ကြားရတော့၏။

ကာယကံရှင် ရှင်မင်း ရင်ခုန်စွာ တစ်ကိုယ်လုံးတုန်သွားသလို နန်းမြင့်လည်း လန့်သွားသည်။ ရှင်မင်း စင်ပေါ်တက်သွားချိန်မှာ နန်းမြင့်လည်း စင်ပေါ်က လိုက်ကာကြားထဲ ရောက်နေခဲ့ပြီ။

ရှင်မင်း ပရိသတ်ထံ အကြည့်ရောက်သွားချိန်မှာတော့ ခြေဖျားလက်ဖျားတွေပါ အေးစက်သွားတော့သည်။ မယုံနိုင်စရာကောင်းလောက်အောင် ပွဲကြည့်လာသူတွေ များပြားနေ၏။ စင်ပေါ်မှာ အနောက်တိုင်း BAND နှင့် ရိုးရာခြောက်လုံးပတ် တီးဝိုင်းကလည်းအဆင်သင့်. .

စီစဉ်တင်ဆက်သူ နှစ်ယောက်ကြားမှာ ရှင်မင်းမျက်နှာငယ်နေသည်။ ပရိသတ်ကို မိတ်ဆက်ပြီး တင်ဆက်သူတွေ ဆင်းသွားကြရာ စင်ပေါ်မှာ ရှင်မင်းတစ်ယောက်တည်း ကျန်ခဲ့တော့သည်။

ဆလိုက်မီးရောင်စုံတွေ ရှင်မင်းထံ ပြေးလွှားလာချိန်မှာ





ဂီတသံလည်း ထွက်ပေါ်လာခဲ့ပြီ။

ဖန်တစ်ရာတေကာ ခေါက်ရိုးကျိုးအောင် သီဆိုလေ့ကျင့်ခဲ့သော ဖြူဖြူကျော်သိန်း၏ အတွင်းကြေ သီချင်းစာသားတွေက ရှင်မင်းနှုတ်ဖျားမှ စီးကျလာသည်။ ပရိသတ် လက်ခုပ်သံတွေ ရှင်မင်းဖေါဖေါသီသီရလိုက်သည်။ သူဘာကိုမှ ဂရုမစိုက်ဘဲ အာရုံကို သီချင်းထဲမှာသာ နှစ်ထားပြီး အကောင်းဆုံး သီဆိုလိုက်သည်။

ထိုအချိန်တွင် နန်းမြင့်မှာ ခွဲစိတ်ခန်းထဲ ပြန်ရောက်နေပြီဖြစ်သည်။ ထိုမှ ကထိကတွေ၊ ပါရဂူတွေ ပါဝင်သည့်အဖွဲ့က ရှင်မင်းဦးနှောက်ကို ခွဲစိတ်ကုသနေကြပြီ ဖြစ်သည်။

မသေသေးသည့် ဦးနှောက်က အလုပ်လုပ်နေဆဲ၊ နန်းမြင့်အတွေးအာရုံထဲ ခွန်းမှိုင်းက မှေးမှိန်ဖျော့တော့ပြီး ရှင်မင်းက ထင်ရှားနေသည်။ ဒီခွဲစိတ်မှုက အနည်းဆုံး သုံးနာရီ ကြာမည်ဖြစ်၍ ခွန်မှိုင်းလည်း ခွဲခန်းရှေ့မှ ခုံတန်းတွင် ထိုင်လိုက်၊ လမ်းထလျှောက်လိုက်နှင့် သောကလူသား ဖြစ်နေလေ၏။

ထိုအချိန်တွင် ရှင်မင်းမှာ ဒိုင်တွေရွေးပေးသော ဝိုင်းစုခိုင်သိန်း၏သီချင်းကို သီဆိုနေပြီဖြစ်သည်။

အတွင်းကြေအပြီးမှာ ပရိသတ်၏ အုတ်အော်သောင်းတင်းအားပေးမှုကို ရခဲ့သဖြင့် ရှင်မင်း လမိုင်းကပ်နေပြီဖြစ်သည်။ နန်းမြင့်လည်း တပည့်ကျော်ကို စိတ်မချ၍ ပြန်ရောက်လာ၏။

*မင်းရှိတဲ့ကမ္ဘာ. . မင်းရှိတဲ့နေရာ. . မင်းအချစ်နဲ့ အရာရာဖန်ဆင်းဖို့. . အားများပေးပါ. . တွဲလက်ခိုင်မြဲ. . မင်းအချစ်တွေနဲ့ ရင်ဆိုင်နိုင်တယ်. .*

ပထမတစ်ပိုဒ်ပြီး၍ အတီးပိုဒ်ဝင်နေခိုက်မှာ ပရိသတ်ထံ ရှင်မင်း အာရုံရောက်သွားသည်။ ထိုကာလလေးမှာပင်. . ရှင်မင်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတဟွတ်ဟွတ် ဆိုးလာတော့သည်။ အသံလည်း ကပ်သွား၏။ ရှင်မင်း မျက်ကလူးဆံပြာ ဖြစ်လာသည်။

ဆက်မဆိုနိုင်လျှင် သူရည်မှန်းထားသမျှ အားလုံးပျက်စီးသွားရတော့မည်။ ရှင်မင်း ချွေးပျံကာ ကန္တော့ပျက်လို့နေပြီ ဖြစ်သည်။ သူလည်ချောင်းကို ပွတ်သပ်ပြီး အသံပုံမှန်ထွက်အောင် ကြိုးစားသည်။ သူနှင့်အနီးဆုံးဖြစ်နေသော ဒိုင်များကလည်း စိတ်ပူစွာ စောင့်ကြည့်နေကြလေပြီ။

ဒါကို နန်းမြင့်လည်း လှမ်းမြင်နေရသည်။ ရှင်မင်း အခြေအနေမကောင်းတော့တာကို သတိပြုမိ၍ တီးလုံးပိုဒ်အဆုံး နောက်သီချင်းပိုဒ်မစမီ အချိန်ဆွဲမနေတော့ဘဲ ရှင်မင်းကိုယ်ထဲ ပူးဝင်လိုက်တော့၏။

ရှင်မင်း အမူအရာက ရုတ်တရက် ပြောင်းသွားခဲ့သည်။ သီချင်းကို ဆက်ပြီး ကောင်းစွာသီဆိုနေ၏။ စတိုင်ကလည်း တကယ့်ဝါရင့် သမ္မာရင့် အဆိုတော်ကြီးတစ်ယောက်လို၊ အဆွဲအငင် အဖြတ်တောက်တွေကလည်း ကွက်တိဖြစ်နေသည့်အပြင် Performance ကလည်း တအားကောင်းမွန်နေ၏။

သီချင်းမဆုံးခင်မှာပင် လက်ခုပ်သံတွေက ဝက်ဝက်ကွဲအောင် ဆူညံလို့သွားခဲ့၏။ ပရိသတ်တင်မက ဒိုင်များပါ လက်ခုပ်တီး၍ အသိအမှတ်ပြုကြ၏။ အချိန်တန်တော့လည်း သီချင်းပြီးဆုံးသွားသည်။

စီစဉ်တင်ဆက်သူနှစ်ယောက် အပြုံးပန်းတဝေဝေနှင့် တက်လာကြပြန်သည်။ ချီးကျူးစကားပြောသည်။ ဆန်ကာတင်ရစ်ယောက်ထဲ ပါနိုင်ပါစေဟုလည်း ဆုမွန်တောင်းပေးကြသည်။ ရှင်မင်း အားလုံးကို ဦးညွတ်နှုတ်ဆက်ပြီး လက်ဝှေ့ရမ်းပြကာ စင်ထက်မှ ဆင်းလာခဲ့တော့၏။





သော်တာနှင့် မိုင်လေးတို့ သူ့ထံပြေးလာကြ၏။ ထိုစဉ် . . နန်းမြင့် သူ့ကိုယ်ထဲမှ ထွက်သွားသည်။ ရှင်မင်း ခေါင်းကိုက်သလိုဖြစ်လာ၍ နားထင်ကိုဖိပြီး ယိုင်နဲ့နဲ့ဖြစ်သွားသည်။

သူငယ်ချင်းနှစ်ယောက် သူ့ကိုတွဲပြီး ခေါ်လာခဲ့ကြသည်။ ခုံတန်းတွင် ထိုင်ခိုင်းပြီးမှ . .

"ဘာဖြစ်သွားလဲ ခေါင်းမူးနေလို့လား ရှင်မင်း"

"အေးဟယ် ညက လုံးဝအိပ်မပျော်ဘူး . . အသံတွေဝင်နေတာဟ"

"တန်ပါတယ်ဟာ၊ နင် နောက်တစ်ဆင့် တက်ရမှာသိလား ဆိုသွားတာ အရမ်းကောင်းတာပဲ"

သူငယ်ချင်းတွေနှင့် စကားပြောနေရသော်လည်း ရှင်မင်း အာရုံမရောက်၊ နန်းမြင့်ကိုသာ လှမ်းကြည့်ရှာနေမိသည်။ အိမ်သာထဲ ဝင်သွားတာ ရိပ်ခနဲတွေ့မိ၍ ချက်ချင်း ထလိုက်လာခဲ့၏။ ထင်ထားသည့်အတိုင်း နန်းမြင့်ကို လက်ဆေးကြွေခုံတန်းပေါ် တက်ထိုင်နေတာ တွေ့ရသည်။

"နန်း ဘယ်လိုလုပ်လိုက်တာလဲ ခုဘယ်ချိန်ရှိနေပြီလဲ"

"ဘယ်အချိန်ရှိရှိဟာ"

"ရှင်မင်း အောင်မြင်မှု ရအောင်ကူညီရင်း နန်းဘဝကို နိဂုံးချုပ်ပစ်တော့မလို့လား"

နန်းမြင့် ခေါင်းမာမာနှင့် ငြင်းနေ၍ ရှင်မင်း စိတ်ပူလာသည်။ အရေးထဲမှာ သဝန်တိုစိတ်နှင့် သူ့ယောကျ်ားကို နန်းမှာကြောက်ပြီး ဖွတ်ငြင်းနေတာလားမသိ၊ သူ့ကို ဆေးရုံအရောက် ခေါ်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com



"နန်း. . ရှင်မင်း ကိုယ်ထဲဝင်လိုက် ဆေးရုံကို အတူသွားကြမယ်"

နန်းမြင့် တွေဝေငိုင်ငေးသွားနေ၍. .

"ဝင်လိုက်စမ်းပါ နန်းရယ်၊ တော်ကြာအချိန်နှောင်းသွားလိမ့်မယ် "

နန်းမြင့် နှုတ်ခမ်းစူပြီး ရှင်မင်းကိုယ်ထဲ ဆောင့်ကြီးအောင့်ကြီးနှင့် တိုးဝင်လာ၏။ ရှင်မင်း တက္ကဆီလှမ်းတားကာ ပန်းလှိုင်ဆေးရုံဟုပြောပြီး တက်လာခဲ့သည်။ ပန်းလှိုင်သို့အရောက် ကားခပေးပြီး ကားပေါ်မှဆင်းသည်။

တစ်လမ်းလုံး နန်းမြင့်ဝိညာဉ်က ဆန့်ကျင်ပြီး လှုပ်ရှားနေရသဖြင့် ဆေးရုံထဲရောက်အောင်ပင် မနည်းကြိုးစားလျှောက်နေရသည်။ နန်းမြင့် Body ရှိနေသည့် အခန်းသို့ရောက်တော့ နန်းမြင့်၏ ခုခံမှုက ပိုဆိုးလာသည်။ ရှင်မင်းလည်း နန်းမြင့်နှင့်ခွန်မှိုင်းတို့ ပြန်လည်ဆုံဆည်း နိုင်ရေးအတွက် အားစိုက်ထုတ်၍ တံခါးကိုရအောင်ဖွင့်သည်။

သူ ဝင်လာကတည်းက ခွန်မှိုင်း လှမ်းကြည့်နေသည်။ တအံ့တဩလည်း ဖြစ်နေ၏။ ရှင်မင်း ဘာဖြစ်လာပြန်ပြီလည်းဟုလည်း တွေးနေပုံရသည်။ နန်းမြင့် ခွဲခန်းမှ ပြန်ရောက်လာခါစမို့ သူအခြေအနေ စောင့်ကြည့်နေခိုက် ခုတင်နားမှ မခွာရဲလည်း ဖြစ်နေသည်။

"ကိုခွန်မှိုင်း ကျွန်မကို လာကူပါဦး၊ ကျွန်မ ကိုယ်ထဲမှာ နန်းမြင့် ဝင်နေတယ် သိလား "

ရှင်မင်း လှမ်းအော်ပြောတာကြားမှ ခွန်မှိုင်းဝမ်းသာ သွားကာ ရှင်မင်းရှိရာ အပြေးရောက်လာ၏။

"ကျွန်မ. . ကျွန်မကို ထူပါဦး၊ သူ့စိတ်နဲ့ ကျွန်မကိုယ် ဖြစ်နေတော့ လှုပ်ရှားရတာ မလွယ်ဘူး"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ခွန်မှိုင်းက တွဲထူ၏။ ရှင်မင်းလည်း ခွန်မှိုင်းကို အားပြုဖက်တွယ်ကာ ထရပ်လိုက်သည်။ သဝန်တိုမ နန်းမြင့်က မထဘဲ အတင်းပြန်ထိုင်သည်။ တစ်ကိုယ်ထဲ နှစ်စိတ်ဖြစ်နေပြီး ဆန့်ကျင်ဘက် လှုပ်ရှားမှုတွေကို တင်းခံနေရသဖြင့် ဟန်ချက်ပျက်ပြီး ချော်လဲတော့သည်။

ရှင်မင်းကို ခွန်မှိုင်းက ဖက်တွယ်ထားသည့်အတွက် သူ့ကိုပါ တွန်းလှဲလိုက်သလိုဖြစ်ပြီး နှစ်ယောက်ထပ်လျက် လဲကျသွားသည်။ ကန္နာစီးမောင်မျိုး မှာထားသည့်အတိုင်း အခွင့်အရေးကို လက်လွှတ်မခံဘဲ ရှင်မင်း ခွန်မှိုင်း၏ နှုတ်ခမ်းကို စုပ်နမ်းပစ်လိုက်သည်။ ရှင်မင်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး ကလီစာတွေပါ ပြောင်းဆန်ကာ တစ်ခုခု တိုးထွက်သွားသလို ခံစားလိုက်ရ၏။

ခွန်မှိုင်းမှာလည်း ရှင်မင်း နှုတ်ခမ်းမှတစ်ဆင့် သူ့ကိုယ်ထဲ တစ်ခုခု ဝင်လာတာကို ခံစားသိရှိလိုက်သည်။ တာဝန်တွေ ပြီးဆုံးသွားပြီမို့ ခွန်မှိုင်းကိုယ်ပေါ်မှ လိမ့်ချကာ ရှင်မင်း ထရပ်လိုက်သည်။

ချက်ချင်းပင် ခွန်မှိုင်း တအော့အော့နှင့် လေတက်သလို ရှိုက်ထိုးသလိုဖြစ်လာသည်။ ရှင်မင်းက ခွန်မှိုင်းကို တွဲထူလိုက်ပြီး. .

"အခု ကိုခွန်မှိုင်းကိုယ်ထဲမှာ နန်းမြင့်ဝိညာဉ် ရောက်နေပြီ၊ ခုတင်ပေါ်က ရှင့်မိန်းမကို နမ်းလိုက်တော့"

ခွန်မှိုင်း သူ့နှုတ်ခမ်းကို မထိတထိ ပွတ်ကြည့်ရင်း မယုံမရဲ ဖြစ်နေလေ၏။ ခန္ဓာကိုယ်ထဲမှာလည်း လေတွေပြေးလွှား လှုပ်ရှားနေသလို ခံစားရသည်။ တအော့အော့နှင့် လေတက်တာကလည်း ခပ်စိပ်စိပ် ဖြစ်ပေါ်နေ၏။





အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုခွန်မိုင်း အချိန်သိပ်နှောင်းသွားလိမ့်မယ် မြန်မြန်လေး"

ရှင်မင်း ထပ်မံတိုက်တွန်းမှ ခွန်မိုင်းခုတင်အနီးသို့ ကပ်သွားသည်။ နန်းမြင့်နှာခေါင်းမှ အောက်ဆီဂျင်ပိုက်ကို အရင်ဖြုတ်ပြီး. . ရှင်မင်းကို တစ်ချက်လှမ်းကြည့်သေးသည်။ လူရှေ့မှာ ကိုယ့်မိန်းမကိုယ် နမ်းရတာ ရှက်နေသည်လားမသိ။

"ကိုခွန်မိုင်း လုပ်လေ. . နမ်းလေ"

ရှင်မင်း အမိန့်အတိုင်း ခွန်မိုင်းက နန်းမြင့် နှုတ်ခမ်းအစုံကို ခါးကိုင်း၍ စုပ်ယူနမ်းရှိုက်လိုက်သည်။ နှစ်မိနစ်လောက်ကြာမည့် ထိုအနမ်းရှည်ကို ရှင်မင်း ကြည်နူးအားကျစွာ စိုက်ကြည့်ရင်း စောစောကအဖြစ်ကို ပြန်သတိရကာ ရှက်ရှက်နှင့်ခေါင်းငုံ့လိုက်ရ၏။

"ဟင်. . ရှင်မင်း၊ နန်း. . နန်းကို လာကြည့်ပါဦး"

ရှင်မင်း ခုတင်နားကပ်သွားလိုက်သည်။ နန်းမြင့်နှင့် ဆက်သွယ်ထားသော နှလုံးအခြေပြစက်လည်း လှုပ်ရှားလာကာ. . ကိန်းကဏန်းများ ပြောင်းလဲလာ၏။ နန်းမြင့်၏ လက်ချောင်းလေးများ လှုပ်လာသလို ညည်းသံသဲ့သဲ့လည်း ထွက်ပေါ်လာလေသည်။

"ကိုခွန်မိုင်း ဆရာဝန်တွေ ခေါ်လိုက်ဦး"

"အဲ. . ဟုတ်သားပဲ"

ခွန်မိုင်းက ခုတင်ခေါင်းရင်းမှ အချက်ပေးခလုတ်ကို နှိပ်လိုက်သည်။ ပြီးတော့ သူ့ဇနီးကို ပြုံးပြုံးကြီး ငုံ့ကြည့်နေလေ၏။

နန်းမြင့် မျက်ခွံတွေလှုပ်ရှားကာ ဖွင့်ကြည့်ဖို့ ကြိုးစားနေတာ မြင်ရသည်။

"သူ သတိရလာပါပြီ၊ ကျေးဇူးပါပဲ ရှင်မင်းရယ်"

"မလိုပါဘူးရှင်. . လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို ကျွန်မ လုပ်လိုက်ရုံပါပဲ၊ ခုတော့ သူ့ရဲ့ဝိညာဉ်နဲ့ခန္ဓာ ပြန်ပေါင်းသွားပြီ





လေ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် တအားဝမ်းသာတာပဲ၊ နန်းကို ကျွန်တော် ပြန်ရလိုက်ပြီလေ"

ကြည်နူးဝမ်းသာမဆုံးဖြစ်နေသည့် ခွန်မိုင်းအား စာနာနားလည်မှုအပြည့်နှင့် ကြည့်နေလိုက်၏။ ထိုစဉ် ဖုန်းမြည်သံထွက်လာသဖြင့် ရှင်မင်း ခပ်လှမ်းလှမ်းသို့ ထွက်လာခဲ့သည်။

"ဟဲလို. . ပြောပါ"

"မရှင်မင်း ဆန်ကာတင် ရှစ်ယောက်ထဲ ပါသွားပါပြီ"

"ရှင်. . တကယ်"

"ကိုခွန်မိုင်း ရှင်မင်းလေ အိပ်မက်ဆုံရာမှာ ဆန်ကာတင် ရှစ်ယောက်ထဲ ပါနိုင်ခဲ့ပြီသိလား"

"အဟင်း. . ဒီနေ့တော့ ဝမ်းသာစရာတွေပဲ ကြုံနေရတော့ တာကိုး မင်္ဂလာပဲဗျာ"

"ဟုတ်တယ် ရှင်မင်း အောင်မြင်ခဲ့တာ နန်းမြင့် ဝင်ပူးပြီးဆို ပေးခဲ့လို့"

ထိုစဉ် ဒေါက်တာများနှင့် နာစ်များ အပြေးအလွှား ဝင်လာကြသည်။ ရှင်မင်း နေရာဖယ်ပေးလိုက်၏။ လိုအပ်သည်များ စမ်းသပ်စစ်ဆေးကုသပြီးနောက် သွေးသွင်းခြင်း၊ အောက်ဆီဂျင်ပြန်ပေးခြင်း ဆေးထိုးခြင်းတို့ကို ဇယ်ဆက်သလို ပြုလုပ်ပေးကြသည်။

"စိတ်ချလို့ရသွားပါပြီ ကိုခွန်မိုင်း၊ သတိပြန်ရပြီဖြစ်သလို. . နာဗ့်ကြောတွေရဲ့ တုံ့ပြန်မှုကလည်း အားရစရာကောင်းပါတယ်၊ တစ်ခုပဲ ပြောစရာရှိတာက နာလန်ထဖို့ နှစ်လလောက် အချိန်ပေးရမယ် ဆိုတာပါပဲ"

"ဟုတ်ကဲ့. . အသက်ဘေးက လွတ်ခဲ့ပြီပဲဗျာ ဒီလောက်ဆာ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမရှိတော့ပါဘူး”

နန်းမြင့်အတွက် စိတ်ချသွားရပြီမို့ . . ခွန်မိုင်းကိုလည်း အနှောင့်အယှက်မပေးလိုတော့သည့်အတွက် ရှင်မင်း နှုတ်မဆက်ဘဲ ပြန်လာခဲ့တော့၏။







## အခန်း ( ၁၉ )

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုသလို နေ့နှင့်ညတို့က စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပေါ်နေ၏။ ရှင်မင်းလည်း CAMP သွင်းခံထားရပြီး Vocal, Dance, Performance, Fashion ကအစ Training မျိုးစုံ ဆင်းနေရသည်။

ထိုသို့ အပြတ်မောင်းရုံမျှမက. . တစ်ပတ်လျှင်တစ်ကြိမ် သီချင်းတစ်ပုဒ်ရိုက်ကူးရေးကိုလည်း လုပ်ရသေး၏။ သို့သော် တီဗွီ အစီအစဉ်မှာ စနေနေ့ညတိုင်း အိပ်မက်ဆုံရာကို လွှင့်ထုတ်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရှင်မင်းမှာ လူသိများလာကာ ထင်ရှားကျော်ကြားလာခဲ့၍ ပင်ပန်းရကျိုးနပ်သည်ဟုလည်း ခံယူမိသည်။

ရှင်မင်းအနေနှင့် Pop, R&B, Rock, Alternative နှင့် Traditional သီချင်းတို့ သီဆိုယှဉ်ပြိုင်ပြီးပြီ ဖြစ်သည်။

များမကြာခင်မှာ Grand Final ပြိုင်ပွဲကြီးကို အမျိုးသားကဇာတ်ရုံကြီးတွင် ယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။

ဆရာ ခိုင်မြသာ၊ အက နည်းပြ ဆရာဇေယျာတို့၏ သင်ပြမှုများ၊ Ugly Band ဝိုင်းခေါင်းဆောင် ကိုဇော်မင်းသိန်းတို့၏ တွဲခေါ်မှုနှင့် နောက်ဆုံးပန်းတိုင်အရောက် ရှင်မင်း မှန်မှန်ပင် ချီတက်လျက်ရှိနေသည်။

နန်းမြင့်စံမှာလည်း သတိရပြီးနောက်ပိုင်း အရာအားလုံးပုံမှန်ပြန်ဖြစ်လာခဲ့သော်လည်း နာဗ့်ကြောများ တုံ့ဆိုင်းမှုကြောင့်. . လမ်းပြန်လျှောက်နိုင်ရန် လေ့ကျင့်ခန်းလုပ်ရင်း ကြိုးစားနေဆဲ ဖြစ်သည်။ ခွန်မှိုင်းတစ်ယောက်တော့ နန်းမြင့်စံ၏ အပါးတော်မြဲရာထူးနှင့် မအားမလပ်အောင် အလုပ်များကာ ရှင်မင်းကိုပင် သတိမရနိုင်လောက်အောင် ဖြစ်နေလေ၏။

ဤသို့ဖြင့် ကိုယ့်ဘဝကိုယ် လျှောက်လှမ်းနေကြရင်း နန်းမြင့် ခွဲစိတ်မှုပြုပြီး နှစ်လတာအချိန် ကုန်ဆုံးခဲ့သည့်ကာလတွင်. .

ရှင်မင်းပြည့် WINNER ဆုပိုင်ရှင် မဖြစ်ခဲ့သော်လည်း. . FIRST Runner up ဆုကိုတော့ လက်ဝယ်ပိုင်ဆိုင် ဆုပ်ကိုင်နိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးမှာ ရှင်မင်း သတိအရဆုံးလူက နန်းမြင့်စံသာဖြစ်သည်။

ဆုရသူရှစ်ယောက် စုပေါင်းသီဆိုမည့် အခွေအတွက်. . . သီချင်းတွေ အဆင်သင့်မဖြစ်ခင် အားလပ်နေသည်မို့ ရှင်မင်း ဆေးရုံ





သို့ ထွက်လာခဲ့၏။ သူရှိနေသေးလား. . ဆင်းသွားပြီလားဆိုတာ မသေချာ၍ စမ်းတဝါးဝါးနှင့်ပင် ဝင်လာခဲ့၏။

ဟိုငေးဒီငေးနှင့် လျှောက်လာခဲ့ရာ ဗိုး(လ်)ချဲနှင့် လူနာတစ်ယောက်အား ဝန်ထမ်းတစ်ယောက် တွန်းလာတာ တွေ့သည်။

အနားရောက်လာရာ လူနာမှာ နန်းမြင့်စံ ဖြစ်နေတာသိရ၍ ဝမ်းသာအားရ ဖြစ်သွားသည်။

“နန်း နေကောင်းနေပြီပေါ့”

“ရှင်. . ဟုတ်ကဲ့ ဒါနဲ့ ရှင်က”

“ဟင်. . နန်း ရှင်မင်းကို မမှတ်မိဘူးလား”

“ကျွန်မ မမှတ်မိဘူး”

ရှင်မင်း ထရပ်လိုက်သည်။ သူ မမှတ်မိတာကို အပြစ်မတင်ချင်တော့ လူ့ဘဝက မိတ်ဆွေတွေမှ မဟုတ်ဘဲလေ. .

“ဓာတ်မှန်ရိုက်ဖို့ သွားလိုက်အုံးမယ်နော်”

နှုတ်ဆက်ပြီး ဝန်ထမ်းအကူအညီနှင့် ထွက်ခွာသွားသော နန်းမြင့် ပျောက်ကွယ်သွားသည်အထိ ရှင်မင်း ငေးကြည့်နေမိ၏။

ဩော် ခုတော့လည်း သူစိမ်းတွေလိုပါပဲလား နန်းရယ်. .



www.burmeseclassic.com

www.burmeseclassic.com





( နိဂုံး )

နှင်းမြင့်စံ ဆေးရုံတက်ပြီး လေးလပြည့်သည့်ရက်မှာ အိမ်ပြန်နိုင်ခဲ့သည်။ အိမ်မှာအနားယူရင်း အားမွေးနေ၏။ အင်တာဗျူးသမားတွေ အိမ်ကို ဥဒဟိုရောက်လာကာ သတင်းမေးကြ ရေးကြသည်။ ဂျာနယ်စာမျက်နှာတွေပေါ်မှာ နှင်းမြင့်စံ ပြန်ပေါ်လာခဲ့ပြီ။

တစ်ရက် အားမွေးနေခိုက် အင်တာနက် စာမျက်နှာများပေါ်တွင် ရှင်မင်းပြည့်ဆိုသူက သူ့အားတရင်းတနှီး ပြောဆိုရေးသားထားတာတွေ ဖတ်မိသည်။ အိမ်မက်ဆုံရာတွင် 1st Runner up ဆု





ရခဲ့တာ နှင်းမြင့်စံ၏ သင်ကြားပို့ချမှုကြောင့်ဟု ရေးထား၍ နှင်းမြင့် ဒေါ်ပွသွားသည်။ ထိုအကြောင်း ခွန်မိုင်းကို ပြောပြပြီး မေးကြည့်တော့မှ ရှင်မင်းပြည့်အကြောင်း အစုံအလင်သိရတော့၏။

"ဒါဆို ရှင်မင်းက နှင်းရဲ့ကျေးဇူးရှင်ပေါ့"

"ဟုတ်တယ် နှင်း"

နှင်းမြင့်စံ အချိန်ဆွဲမနေတော့. . ခွန်မိုင်းထံမှ ဖုန်းနံပါတ်တောင်းကာ ဆက်သွယ်ချိန်းဆိုလိုက်သည်။ သူတို့ စားသောက်ဆိုင်တစ်ခုတွင် ဆုံဖြစ်ကြ၏။

"ရှင်မင်းရယ် နှင်းတို့နှစ်ယောက် အပြန်အလှန်ကူညီခဲ့ပြီး ဒီလောက်ထိ ရင်းနှီးခဲ့ကြတာဆိုတော့. . နောင်ကိုလည်း အမြဲတမ်း သူငယ်ချင်းလုပ်ကြမယ်နော်"

"ရှင်မင်းဘက်က အဆင်သင့်ပါပဲ နှင်းရယ်"

နောင် ဘာအခက်အခဲရှိရှိ ပြောရန်၊ နှစ်ယောက်တွဲပြီး စီးပွားထုတ်ကြရန်တွေ ပြောဆိုဆွေးနွေးပြီး ညနက်မှလမ်းခွဲခဲ့ကြ၏။

ရှင်မင်းလည်း သူ့ကို နှင်းမြင့် အသိအမှတ်ပြု၍ ဝမ်းသာအားရဖြစ်စွာနှင့် ပြန်လာခဲ့သည်။

မိုးကလည်းအတော်ချုပ်နေပြီဖြစ်၍ လမ်းပေါ်တွင် လူတစ်ယောက်မှမရှိတော့. .။ နောက်က တစ်ယောက်ယောက်လိုက်လာနေသလို ခံစားလိုက်ရ၍ ရှင်မင်းလှည့်ကြည့်လိုက်သည်။

ဘယ်သူမှမရှိ. .။ နှင်းမြင့်နှင့် ပထမဆုံးစတွေ့ခဲ့ပုံလေးများကို အမှတ်ရသွားပြီး သဘောကျကာ ပြုံးမိသေးသည်။

ကွန်ဒိုနားရောက်ခါနီး နောက်မှ ပခုံးပေါ်သို့ အေးစက်သော လက်တစ်ဖက်ဖြင့် လှမ်းပုတ်ခံလိုက်ရ၍ ရှင်မင်း လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး. . မမက ခိုကိုးရာမဲ့ဖြစ်နေလို့ပါ ညီမလေးအိမ်မှာ လိုက်နေပါရစေနော်"

"အမလေး. ."

ခန္ဓာကိုယ်သာပါပြီး ခေါင်းမပါသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။ ခေါင်းမပါပဲ ဘယ်အပေါက်နဲ့ စကားပြောနေလဲဆိုတာ ရှင်မင်း စူးစမ်းကြည့်မိသည်။ နန်းမြင့်နှင့် တွေ့ပြီးကတည်းက ရှင်မင်း သရဲမကြောက်တော့. . .


"မမကို ကူညီပါကွယ်"

"ဟင်"

ထိုမိန်းမလက်ထဲတွင် ကိုင်ထားသော ခေါင်းပြတ်ကြီးက စကားတွေပြောနေခြင်းဖြစ်သည်။ ဒါမျိုးတစ်ခါမှ မကြုံဖူးသေးသော ရှင်မင်း နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရသဖြင့်. . မရှုနိုင်မကယ်နိုင်အောင် လန့်သွားသည့်မို့ အော်ဟစ်ကာ ထွက်ပြေးရလေတော့၏။

"အောင်မလေး. . ဒါမှ. . တကယ့် သရဲအစစ်ရှင့်. . ."





www.burmeseclassic.com